# သာသနာ့အလံတော်

အရှင်စန္ဒောဘာသ

၊ ရဆို ၊

ပန်းချီ ကျော်မြူ

၃
၁

၂၃၈၄၃

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်

ထမ္မာ့အေး - ရှန်ထွန်း
ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊

ဗားကရာ - ရွှေလှိုင်ပရိယတ္တိစာသင်တိုက်

အရှင်စန္ဒောဘာသ ( ရွှေဘို )

ရေးသားပြုစုသော

# သာသနာ့အလံတော်

သာသနာ - ၂၅၃၉၊ ကောဇာ - ၁၃၅၇၊ ခရစ် - ၁၉၉၅

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၂/၉၅) (၁၀)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၁၀/၉၅) (၁၀)
ပထမအကြိမ်
၁၉၉၅-ခု၊ နိုဝင်ဘာလ။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ဓမ္မဒါန

မျက်နှာဖုံး ပုံနှိပ်သူ

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအောဖ်ဆက်၊
အမှတ် ၁၇၁။ ၃၃ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး ကာလာခွဲ

ကျောက်စိမ်း အောဖ်ဆက်

မျက်နှာဖုံးပန်းချီ

ကျော်မြူစံ

ထုတ်ဝေသူ

ဦးအောင်ကြီး၊ ရွှေပုရပိုက်စာပေ၊ အမှတ် (၅)၊
တင့်ဆန်းလမ်း၊ ဂွတ္တာလစ်။

ပုံနှိပ်သူ

ဦးဘိုးဟန်၊ မင်းထွန်းမိုး ပုံနှိပ်တိုက်၊
အမှတ် ၆၈၊ ၁၆၅ လမ်း၊ တာမွေ။

# ကျေးဇူးဖြေရာ နိဒါန်းလွှာ

၁၃၄၇-ခုနှစ်၊ ပြာသိုလ

စင်ကိုင်းတိုင်း၊ ရွှေဘိုမြို့၊ အနောက်ဈေး၊ ပိဋကတ်တိုက် သာသနဇောတိကာရာမအုဋ်ကျောင်း၊ ဆရာတော်ဦးဇောတိက (မဟာဂန္ထဝါစကာဘိပဏ္ဍိတ)သည် စာရေးသူအရှင်အား အနန္တဂုဏ်အင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသာသန (မြို့နယ်သံဃနာယက)၏ နှစ်ပတ်လည် စတုတ္ထအကြိမ်မြောက် အသံမစဲ မဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနား၌ အကြောင်းအရာ တစ်ခုခုကို ဟောပြောရန် အမိန့်ရှိပါသည်။

စာရေးသူ အရှင်သည် ပဋိညာဉ်ဝန္တံ မခံခဲ့သော်လည်း မငြင်းဆန်သာပါ။ ''ကျလာဘာဝန်, အားသွန် ကြိုးပမ်း, ဆောင်ရွက်ထမ်းလော့'' ဟူသော နည်း ဥပဒေသအတိုင်း -

၁။ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်မြတ်ကို တုံ့ဆပ် ပူဇော်လိုသော အာသီသ၊

၂။ အမိတိုက်တာ၏ ကျက်သရေဂုဏ်သိရ်ကိုလည်း တက်ဝေ ထိန်စေလိုသော ဆန္ဒ၊

၃။ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အားလည်း ဗုဒ္ဓါနုဿတိ ဘာဝနာတရား ပွားများစေလိုသော စေတနာ –

ဤသို့သော အကြောင်းအရာများကို ရည်ရွယ်လျက် ပဋ္ဌာန်းပွဲနှင့် စပ်လျဉ်း ဆက်နွယ်နေသော ဗုဒ္ဓဘာသာ သာသနာတော်၏ သာသနာ့ အလံတော် အကြောင်း ဟောပြောရလျှင် ကောင်းမှာပဲ ဟု နှလုံးသွင်း ဆင်ခြင်မိပါသည်။

သို့ဖြစ်၍ လက်လှမ်းမီရာ ထိုထိုကျမ်းစာများနှင့် မဂ္ဂဇင်း စာစောင် စသည်တို့ကို ရှာဖွေ စုဆောင်းခဲ့ပါသည်။ စီစဉ်ရေးသားပြီး ဟောပြောခြင်း ပြုခဲ့ပါသည်။

ဤကဲ့သို့ ဗုဒ္ဓဘာသာ သာသနာတော်၏ သာသနာ့အလံတော် စာတမ်းကို ရေးသား ဟောပြောရာ၌ အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ရွှေဘိုမြို့၊ ပုခန်းကျောင်းတိုက်မှ ဦးဩဘာသညာဏ (ဓမ္မာစရိယ)၊ ပိဋကတ်တိုက်မှ ဦးပညာဇောတ၊ ဗားကရာ ရွှေလှိုင် ပရိယတ္တိစာသင်တိုက်မှ ဦးပညာသီရိ နှင့် ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားမှ ဆရာကြီး ဦးအောင်စိုးတို့အား အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

အရှင်စန္ဒောဘာသ (ရွှေဘို)

# မိတ်ဆက်လွှာ

အရှင်စန္ဒောဘာသ (ရွှေဘို)၏ ဗုဒ္ဓဘာသာ သာသနာတော်၏ သာသနာ့အလံတော် စာမူကို အတူနေ မိတ်ဆွေ ဆရာတော် တစ်ပါး လာ၍ အပ်နှံမှုကြောင့် ဖတ်ရှုရပေသည်။

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့ အနောက်ဈေး ပိဋကတိုက် သာသနာ့ဇောတိကာရာမ အုဋ်ကျောင်း ဆရာတော် ဘဒ္ဒန္တ သာသန (ပုံလွန်) ၏ နှစ်ပတ်လည်အထိမ်းအမှတ် စတုတ္ထအကြိမ် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၌ ဟောပြောရန် စိတ်ကူး စီစဉ်ရာမှ ဟောပြောခဲ့ရုံမျှမက ကျစာစောင် အကောင် အထည်ပေါ်လာသည်အထိ ဖြစ်ခဲ့ကြောင်း သိရပေသည်။

မြတ်ဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်သွယ် တလက်လက် ထွက်ပေါ်ကွန့်မြူးကြောင်းကို အရှင်စန္ဒောဘာသ ငယ်ရွယ်စဉ်ကပင် ကြားသိ မှတ်သားထားဖူးကြောင်းနှင့် ထိုအချိန်ကပင် ထို ရောင်ခြည်တော်များ ဘယ်အကြောင်းကြောင့် ထွက်ပေါ်လေ သနည်း စသည်ဖြင့် စိတ်ကူး စဉ်းစားမိခဲ့ကြောင်းကို စာမူအရ သိရပေသည်။

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဆိုင်ရာတို့ကို ဟောပြောရမည်ဖြစ်ရာ မြတ်စွာဘုရား ဘုရားဖြစ်ပြီးစ ရတနာဃရ စံအိမ်တော်ငယ်

သီတင်းသုံးလျက် အဘိဓမ္မာတရားများကို ဆင်ခြင်သုံးသပ်စဉ် ပဋ္ဌာန်းတရားတော်များကို ဆင်ခြင်သုံးသပ်မိချိန်မှာမှ ဘုရားရှင်ကိုယ်တော်မှ ရောင်ခြည်တော်ခြောက်သွယ် ထွက်ပေါ်ကွန့်မြူးကြောင်းကိုလည်း ထည့်သွင်း ဟောပြောရတော့မည်ဖြစ်၍ အရှင်စန္ဒောဘာသ၏ ငယ်ရွယ်စဉ်က စိတ်ကူးသည် အသစ်ထပ်မံဖြစ်ပေါ်လာရုံမျှမက သာသနာ့အလံတော်၌ မြတ်ဗုဒ္ဓ၏ ရောင်ခြည်တော် ၆ခြောက်သွယ်၏ အဆင်းအရောင် ခြောက်မျိုးဖြင့် ချယ်လှယ် တန်ဆာဆင်ထားရကား ထိုသာသနာ့အလံတော်ကို ထိုအရောင် ထိုပုံစံဖြင့် အဘယ်သူ စီမံခဲ့လေသနည်း စသောစိတ်ကူးများလည်း တလှပ်လှပ် ပေါ်ခဲ့ကောင်း ပေါ်ခဲ့ပေလိမ့်မည်။

ယင်းစိတ်ကူး အဆက်ဆက်ကြောင့် သာသနာ့အလံတော်ဤစာမူ ဖြစ်ပေါ်လာသည်ဟု ယူဆရပေသည်။

အရှင် စန္ဒောဘာသသည် သာသနာ့ အလံတော်ဆိုင်ရာအကြောင်းအဖြာဖြာကို လေ့လာရာတွင် လူ့လောက စာစောင်စာအုပ်များကိုသာမက ဗုဒ္ဓသာသနာလောက သာသနာ့ဆိုင်ရာပိဋကတ် ကျမ်းစာများကိုလည်း လေ့လာထားသည်ကို တွေ့ရသည်။

ယင်းသို့ လေ့လာရာတွင် ပိဋကတ်တော်ဆိုင်ရာ ကျမ်းစာများတွင် တွေ့ရသော လွန်ခဲ့သောနှစ် ရာပေါင်းများစွာကပင် ဗုဒ္ဓသာသနာဆိုင်ရာ ဘုရားတန်ဆောင်း ကျောင်းစေတီ စသည်တို့၌ စိတ်ကူးယဉ်ယဉ် ထုလုပ်တပ်ဆင်ထားသည့်–

ခရုဆင်းကိုင် သိကြားရုပ်တု
သန်လျက်လက်စွဲ သိကြားရုပ်တု
စောင်းပိုက် သိကြားရုပ်တု
နဂါးရုပ်တု၊ ဂဠုန်ရုပ်တု

စသည်တို့၏ အတိတ်စွဲရာ မူလ ကြောင်းရင်းများကိုလည်း လေ့လာ ထည့်သွင်းထားပေသည်။

အမှန်အားဖြင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာမှု၊မြန်မာ့ဟန်တို့သည် မြတ်ဗုဒ္ဓ၏အဆုံးအမ သာသနာတော်ကို အများဆုံးလိုက်နာလုပ်ကိုင်ဆောင်ရွက်ချက်များသာ ဖြစ်ရကား ယင်း မြန်မာ့ယဉ်ကျေးမှု မျိုးစုံတို့၏ မူလအစွဲပြုရာ အမှန်အစ ပဘာဝတို့ကို သိလိုလျှင် မြတ်ဗုဒ္ဓ၏ အဆုံးအမ သာသနာတော်ကို ဖော်ပြရာ ပိဋကတ်ဆိုင်ရာ ကျမ်းစာ၊ ပါဠိ အဋ္ဌကထာ ဋီကာ စသော ကျမ်းများတွင် နှံ့စပ်အောင် ကြည့်ရှု ရှာဖွေနိုင်လျှင် တွေ့ရမည်ပင် ဖြစ်ပေသည်။

အရှင်စန္ဒောဘာသသည် ပဋ္ဌာန်း ရွတ်ဖတ် ပူဇော်ပွဲအတွက် ဟောကွက်ကို စဉ်းစားရှာဖွေရာတွင် ပဋ္ဌာန်း တရားတော်၏ မူလ ဘူတ ဒေသက ဖြစ်တော်မူသော ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်စွမ်းရည်ကို ဆင်ခြင်မိရာမှ ယင်း သဗ္ဗညုတဉာဏ်တော်ဆိုင်ရာ –

သဗ္ဗ-**အ**သုံးစုံသိစေ့သူ။
ဧဠ ယျခမ္မ - ဟူသည် **အ**ဘယ်နည်း။
ညူ-သိ ဟူသည် အဘယ်သို့ သိသနည်း ....

စသည့် အချက်အလက်တို့ကိုလည်း ပုဒ္ဓဘာသာဝင် **စာပေရှင်** သုတဂဝေသီတို့အတွက် ထည့်စွက်ထားသည်ကို **လည်းကောင်း**၊

အနမတ္တဂ္ဂ အနန္တ ငါးပါးကိုသာ အသိပြု ရွတ်ဖတ် **ပြော**ဆို နေကြရာ အသိနည်းမည့် အစိန္တယျလေးမျိုး၊ အနန္တ**လေး**မျိုး တို့**ကို**လည်း ကျက်မှတ်ဖွယ်ရာ ရှေးရိုး လင်္ကာတို့ဖြင့် မြင်သာ **အော**င် ပြထားသည်ကို လည်းကောင်း၊

အခြား အခြား မှတ်သားဖွယ် အဖြာဖြာ တို့ကိုလည်း လေ့လာ ထည့်သွင်း ရေးသားထားသည်ကို လည်းကောင်း၊

ပုဒ္ဓဘာသာဆိုင်ရာသာမက အခြား ဘာသာဆိုင်ရာ သုတ ပွားဖွယ် အသွယ်သွယ် တို့ကို လည်းကောင်း ဖတ်ရှု တွေ့မြင် မှတ်သားကြရပါလိမ့်မည်။

ပုဒ္ဓသာသနာတော်၏ သာသနာ့အလံတော် **ဟူသော စာမူ** အမည်နှင့် ကိုက်ညီမည့် -

(က) ယခု မျက်မြင် အသုံးပြုနေသည့် ပုဒ္ဓ**သာသနာ့** အလံတော်ပုံစံကို မည်သူ အစ တီထွင်သနည်း။

(ခ) မည်သည့် ခုနှစ်က အစ တီထွင်ခဲ့သဖြင့် **မည်သည့်** ခုနှစ်တွင် အနှစ်တစ်ရာ ပြည့်သနည်း။

(ဂ) ဗုဒ္ဓသာသနာ့ အလံတော်ကို မည်သည့် နေရာတွင် မည်သို့ တပ်ဆင် သုံးစွဲရမည်နည်း။

(ဃ) ဗုဒ္ဓသာသနာ့ အလံတော် ဆိုင်ရာ လိုက်နာရ မည့် အချက်များ။

(င) ရှောင်ကြဉ်ရမည့် အချက်များကား အဘယ်တို့ နည်း။

ဤ မေးခွန်းတို့ကို စာမူအရ စာရှုသူ ဖြေဆို သိမြင်ရပါ လိမ့်မည်ဟူသော စာမိတ်နှင့် -

ဤစာမူ ရေးသားသူ အရှင်စန္ဒောဘာသကား စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ညောင်ကုန်းရွာ၊ ခမည်းတော် ဦးဖိုးကျွက်၊ မယ်တော် ဒေါ်အုန်းစိန်၊ ၁၃၁၁-ခုနှစ်၊ တပေါင်းလပြည့် ကျော် ၁၂ ရက်၊ အင်္ဂါနေ့ဖွား ဘုရားသားတော် ဖြစ်ပါသည် ဟူသော လူမိတ်၊ မိတ်နှစ်ဖက်ကို ချိတ်ဆက်လိုက်ပါသည်။

ဘဒ္ဒန္တဝိမလာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
နိုင်ငံတော် သံဃမဟာနာယက (အဖွဲ့ဝင်)
ပုခန်းကျောင်းတိုက်၊ ရွှေဘိုမြို့။
(၁၇-၆-၉၅)

သာသနာ့အလံတော်

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ကျေးဇူးပြုရာ နိဒါန်းလွှာ [ က ]
- ရွှေဘိုမြို့၊ ပုခန်းကျောင်းတိုက် ဆရာတော်၏ မိတ်ဆက်လွှာ [ င ]
- ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုးဂါထာ ၁
- ရောင်ခြည်တော်ဘွဲ့ ကဗျာများ ၄
- အလံတော်တင် ကေပိုဒ်ရတု ၇

အခန်း (၁) အလံဟူသည်

| | | |
|---|---|---|
| ၁ | ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး | ၉ |
| ၂ | သံဃာ့အဖွဲ့အစည်း၊ အခြေခံစည်းမျဉ်းဥပဒေ | ၁၀ |
| ၃ | အရွယ်အစားနှင့် အရောင် | ၁၀ |
| ၄ | အလံအစ၊ တံခွန်က | ၁၂ |
| ၅ | တံခွန်အမျိုးအစားနှင့် ပုံပန်းသဏ္ဍာန် | ၁၃ |
| ၆ | အလံဟူသည် | ၁၃ |

အခန်း (၂) အလံများသမိုင်း

| | | |
|---|---|---|
| ၇ | တံခွန်အလံဖြစ်ပေါ်လာပုံ | ၁၅ |
| ၈ | တံခွန်အစ၊ အဘယ်က | ၁၆ |
| ၉ | ဓဇဂ္ဂါယကမထေရ် | ၁၉ |

## မာတိကာ (၄)

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀ | ဓဇဂ္ဂသုတ္တန် | ၂၀ |
| ၁၁ | လှေခွက်ချည်းကျန် အလံမလှဲ | ၂၂ |
| ၁၂ | ကျောက်စာတိုင်ကြီးများ | ၂၈ |

### အခန်း (၃) မြန်မာနိုင်ငံနှင့် တံခွန်အလံများ

| | | |
|---|---|---|
| ၁၃ | ယဉ်ကျေးမှုအမွေ | ၃၁ |
| ၁၄ | သူရဲကြီး အောင်လံ | ၃၅ |
| ၁၅ | စေတီပုထိုးတည်လျှင် တံခွန်တိုင်ပါရစမြဲ | ၃၆ |
| ၁၆ | တံခွန်တိုင် | ၃၇ |
| ၁၇ | တံခွန်တိုင်အစ၊ အရှင်ပိဏ္ဍောလ–က | ၃၈ |
| ၁၈ | တံခွန်တိုင်နှင့် သိကြားရုပ်တုများ | ၃၉ |
| ၁၉ | နဂါးနှင့်ဂဠုန် ရုပ်တုများ | ၄၀ |

### အခန်း (၄) ကဆုန်လပြည့် ဗုဒ္ဓနေ့

| | | |
|---|---|---|
| ၂၀ | ကဆုန်လပြည့် ဗုဒ္ဓနေ့ | ၄၂ |
| ၂၁ | သာသနာ့အလံ တီထွင်သူ | ၄၅ |
| ၂၂ | အောင်လကော့ မဟာတံပါ | ၄၆ |
| ၂၃ | ဘုရားရတနာ ဖြစ်ပေါ်လာ | ၄၇ |
| ၂၄ | ပလ္လင်္ကသတ္တာဟ | ၄၈ |
| ၂၅ | ဥဒါန်းနှစ်ဖြာ ကျူးရင့်လာ | ၄၉ |
| ၂၆ | အနိမိသသတ္တာဟ | ၅၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇ | ပလ္လင်ကိုရှယ် တို့ဘုန်းကြွယ် | ၅၁ |
| ၂၈ | စက်မသတ္တာဟာ | ၅၂ |
| ၂၉ | ရတနာ့ဃရ သတ္တာ့ဟ | ၅၃ |
| ၃၀ | အဘိဓမ္မာ (၇) ကျမ်း | ၅၄ |
| ၃၁ | ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးလာ | ၅၅ |

အခန်း (၅) အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂ | သာဂရကြီး လေးမျိုး | ၅၈ |
| ၃၃ | ပဋ္ဌာန်းဆိုတာ ဘာလဲ | ၅၉ |
| ၃၄ | ပဋ္ဌာန်းအမည်ရပုံ | ၆၀ |
| ၃၅ | ပဋ္ဌာန်းဟူသည် | ၆၂ |
| ၃၆ | အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်း | ၆၂ |
| ၃၇ | မဟာပကရဏ ပဋ္ဌာန်းကျမ်းကြီး | ၆၄ |
| ၃၈ | နက်နဲကြီးကျယ် ကျမ်းပင်လယ် | ၆၇ |
| ၃၉ | မဟာဂတိဂမိယတိဿဒတ္တမထေရ် | ၆၈ |
| ၄၀ | အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ | ၆၉ |
| ၄၁ | အဋ္ဌကထာမှတ်ချက် | ၇၃ |
| ၄၂ | ပဋ္ဌာန်းသီပွဲ | ၇၄ |
| ၄၃ | ရသေ့ကြီး ဦးခန္တီ | ၇၅ |
| ၄၄ | ကျမ်းကြီးပဋ္ဌာန်း | ၇၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း-(၆) သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး


| | | |
|---|---|---|
| ၄၅ | သဗ္ဗညုတ ရွှေဉာဏ်တော် | ၇၈ |
| ၄၆ | သဗ္ဗညုဗုဒ္ဓ | ၇၉ |
| ၄၇ | သဗ္ဗညုတငါးမျိုး | ၈၀ |
| ၄၈ | သဗ္ဗညုတဉာဏ်တော်၏အစွမ်းသတ္တိသုံးပါး | ၈၁ |
| ၄၉ | ဧဝ ယျာဓိ တရားငါးပါး | ၈၂ |
| ၅၀ | သဗ္ဗညုတဉာဏ် အခါခပ်သိမ်း ဖြစ်-မဖြစ်၊ ရှိ-မရှိ | ၈၃ |
| ၅၁ | မဆင်ခြင်ဘဲ သဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံကို သိ-မသိ | ၈၃ |
| ၅၂ | ဆင်ခြင်လျှင် သဗ္ဗညုတဉာဏ်ဖြင့် အပိတ်အပင် မရှိ၊ အလုံးစုံ သိ-မသိ | ၈၄ |
| ၅၃ | အစိန္တေယျလေးပါး | ၈၅ |
| ၅၄ | အနန္တလေးပါး | ၈၅ |
| ၅၅ | ရုပ်နာမ်သဘာဝ | ၈၆ |
| ၅၆ | ရုပ်တရား၏ အမြန်နှုန်း | ၈၆ |
| ၅၇ | နာမ်တရား၏ လျှင်မြန်နှုန်း | ၈၇ |
| ၅၈ | ဥပမာပြကာ ရနိုင်သေးသည် | ၈၇ |
| ၅၉ | နာမ်တရားကို ပိုင်းခြားခြင်း၌ ခဲယဉ်းပုံ | ၈၉ |
| ၆၀ | မြင့်မြတ်သော လွန် ဉာဏ်ဘာခွန် | ၉၁ |

စဉ် အကြောင်းအရာ စာမျက်နှာ

## အခန်း (၇) ရောင်ခြည်တော် သို့မဟုတ် အရောင်အဝါ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၁ | အဆန်းမဟုတ်ပါ | ၉၃ |
| ၆၂ | အရောင်အဝါဖြစ်ခြင်း၏ အခြေခံ | ၉၃ |
| ၆၃ | တိမ်တောင်မှာ စိမ်းရောင်ဟပ် | ၉၄ |
| ၆၄ | အရောင်နှစ်မျိုး | ၉၆ |
| ၆၅ | မူလပင်ကိုရောင် | ၉၇ |
| ၆၆ | ဆင့်ပွားအရောင် | ၉၇ |
| ၆၇ | သစ်ပင်ပန်းမန်များ | ၉၇ |
| ၆၈ | ကျောက်မျက်ရတနာများ | ၉၈ |
| ၆၉ | မြင်းမိုရ်တောင် | ၉၈ |
| ၇၀ | တိရစ္ဆာန်များ | ၉၉ |
| ၇၁ | ဂျာမန် သိပ္ပံဆရာကြီး ဗွန်းရိုက်ခင်းဘယ်(ဂ်) | ၁၀၀ |
| ၇၂ | ပါရီသိပ္ပံဆရာကြီး ဘာရာဒူး | ၁၀၀ |
| ၇၃ | ကိုယ်ရောင် တွက်သူများ | ၁၀၀ |
| ၇၄ | ပဘာဝတီမင်းသမီး | ၁၀၁ |
| ၇၅ | မင်းကုသ | ၁၀၁ |
| ၇၆ | အရှင်ဝက္ကလိမထေရ် | ၁၀၂ |
| ၇၇ | ဗြဟ္မာလက်ဖြန့် သောင်းတိုက်ခန့် | ၁၀၂ |
| ၇၈ | အရောင်အဝါထွက်လျှင် တန်ဖိုးကြီးမား | ၁၀၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၈) ဗုဒ္ဓ၏ ရောင်ခြည်တော်များ


| | | |
|---|---|---|
| ၇၉ | ရောင်ခြည်တော်သုံးမျိုး | ၁၀၆ |
| ၈၀ | ဗျာမပ္ပဘာ လက္ခဏာရောင်ခြည်တော် | ၁၀၆ |
| ၈၁ | အသီတိနိစ္စလင္ခိတိရောင်ခြည်တော် | ၁၀၇ |
| ၈၂ | အနန္တဒသဒိသာဖရဏ ရောင်ခြည်တော် | ၁၀၇ |
| ၈၃ | ရောင်ခြည်တော်ခြောက်ပါး | ၁၀၈ |
| ၈၄ | နီလ-ညိုသော (အပြာရင့်) ရောင်ခြည်တော် | ၁၀၉ |
| ၈၅ | ပီတ-ဝါသော ရောင်ခြည်တော် | ၁၀၉ |
| ၈၆ | လောဟိတ-နီသော ရောင်ခြည်တော် | ၁၀၉ |
| ၈၇ | ဩဒါတ ဖြူသော ရောင်ခြည်တော် | ၁၁၀ |
| ၈၈ | ဗုဒ္ဓ၏ မူလ ပင်ကို အရောင်လေးမျိုး | ၁၁၀ |
| ၈၉ | ဆင့်ပွားအရောင် နှစ်မျိုး | ၁၁၀ |
| ၉၀ | အရောင်ထားပုံ ပြယုဂ်နာစုံ | ၁၁၁ |
| ၉၁ | မောင်းဟူသော သဒ္ဒါ | ၁၁၁ |
| ၉၂ | မဉ္ဇိဋ္ဌ-မောင်းသော ရောင်ခြည်တော် | ၁၁၃ |
| ၉၃ | မဉ္ဇိဋ္ဌ-ပန်းနုရောင် | ၁၁၃ |
| ၉၄ | ဆရာတော်ကြီးများ၏ အဆိုအမိန့်များ | ၁၁၄ |
| ၉၅ | ပဘဿရ-ပြိုးပြိုးပြက်သော ရောင်ခြည်တော် | ၁၁၅ |
| ၉၆ | အရောင်ရောယှက် နှစ်မျိုး | ၁၁၆ |
| ၉၇ | ဆင့်ပွား မောင်းသော အရောင် | ၁၁၆ |
| ၉၈ | ပြိုးပြိုးပြက်သောအရောင် | ၁၁၆ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အခန်း (၉) ခုတိုင်ပ ခြောက်ရောင်ရှိန်ငယ်** | |
| ၉၉ | ရောင်ခြည်တော် ကွန့်မြူးပုံ | ၁၁၇ |
| ၁၀၀ | စိတ္တာသမုဋ္ဌာနဝဏ္ဏတော် | ၁၁၉ |
| ၁၀၁ | ခုတိုင်ပ ခြောက် ရောင်ရှိန်ငယ် | ၁၂၁ |
| ၁၀၂ | သာသနာ့အလံတော် | ၁၂၂ |
| ၁၀၃ | တိုက်တွန်းချက် | ၁၂၃ |
| | **အခန်း (၁၀) အသုံးပြုနည်းများ** | |
| ၁၀၄ | နောက်ဆက်တွဲ (က) အသုံးပြုပုံ | ၁၂၄ |
| ၁၀၅ | နောက်ဆက်တွဲ (ခ) လွှင့်ထူအသုံးပြုနည်း | ၁၂၆ |
| ၁၀၆ | နောက်ဆက်တွဲ (ဂ) ရှောင်ကြဉ်ရမည့် အချက်များ | ၁၂၉ |
| ၁၀၇ | နောက်ဆက်တွဲ (ဃ) နိဂုံး ရတုပိုဒ်စုံ | ၁၃၂ |
| ၁၀၈ | နောက်ဆက်တွဲ (င) ကျမ်းကိုးကားစာရင်း | ၁၃၆ |

# သာသနာ့အလံတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုးဂါထာ

နီလာယော နီလဋ္ဌာနေဟိ၊
ပီတောဒါတာစ လောဟိတာ။
တမှာ တမှာ တု မဉ္ဇိဋ္ဌာ၊
နိက္ခမိံသု ပဘဿရာ။

ယဿ ဘဂဝတော၊ ရွှေဘုန်းတော်ရှင် အကြင်မြတ်စွာဘုရား၏။ နီလဋ္ဌာနေဟိ၊ ဆံတော် မုတ်ဆိတ်တော် မျက်နက်တော် စသော ညိုရာရာ အရပ်တော်တို့မှ။ နီလာယော၊ နီလာရွှဲညို၊ ဖဲအညိုနှင့် အောင်မဲညိုရောင် မျက်စဉ်းတောင်သို့ ညိုမှောင်သော ရောင်ခြည်တော်တို့သည်။ နိက္ခမိံသု၊ ဝန်းကျင် အောက်ထက် ငါယာယှက်၍ မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။

ပီတဋ္ဌာနေဟိ၊ ကိုယ်အရေတော် မျက်စိတော် စသော ဝါရွှေရာရာ အရပ်တော်တို့မှ။ ပီတာ စ၊ နှာရက်ရွှေ သိင်္ဂီရွှေနှင့်

ထည်ရွှေပယင်း စကားသင်းသို့ ဝါဝင်းသော ရောင်ခြည်တော်တို့သည်။ နိက္ခမီသု၊ ဝန်းကျင် အောက်ထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။

ဩဒါတဌာနေဟိ၊ စွယ်တော် သွားတော် မျက်ဖြူတော်စသော ဖြူရာရာ အရပ်တော်တို့မှ။ ဩဒါတာ စ၊ ပုလဲစိန်ဖြူ ရွှဲတိမ်ဖြူနှင့် ကြာဖြူမြတ်လေး ငွေသားရေးသို့ ဖြူဖွေးသော ရောင်ခြည်တော်တို့သည်။ နိက္ခမီသု၊ ဝန်းကျင်အောက်ထက် ဝဲယာယှက်၍ မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

လောဟိတဌာနေဟိ၊ အာတော် လျှာတော် နှုတ်ခမ်းတော်စသော နီရာရာအရပ်တော်တို့မှ၊ လောဟိတာ စ၊ ကမ္ဗလာနီသန္တာနီနှင့် ကြာနီ ခေါင်ရန်း ကသစ်ပန်းသို့ နီမြန်းသော ရောင်ခြည်တော်တို့သည်။ နိက္ခမီသု ဝန်းကျင် အောက်ထက် ဝဲယာယှက်၍ မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

တမ္ဗာ တမ္ဗာ သရီရပဒေသာ၊ ဆံတော် ဖဝါးတော် စသော ကိုယ်တော်ဝန်းပတ် ထိုထိုသို့သော အရပ်တော်တို့မှ၊ မဉ္ဇိဋ္ဌာ စ၊ ညို ရွှေ ဖြူ နီ လေးလီစုံပေါင်း ခြေခံပြောင်းသည့် ပေါင်းသော အရောင် မောင်းသော ရောင်ခြည်တော်တို့သည်။ နိက္ခမီသု၊ ဝန်းကျင် အောက်ထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။

ပဘဿရာ စ၊ ညို ရွှေ ဖြူ နီ စာရောင်စီနှင့် တစ်လီရှိုးရက် ပြိုးပြိုးပြက်လျက် တစ်ခဲနက်သော ရောင်ခြည်တော်တို့သည်။

နိက္ခမိသု၊ ဝန်းကျင်အောက်ထက် ဝဲယာယှက်၍ မြန်းထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

တံ ဘဂဝန္တံ၊ ရောင်ခြည်တော် ခြောက်သွယ် သောင်းတိုက်နွယ်တွင် အံ့ဖွယ်မခန်း အံ့ဘနန်းမျှ ယှက်သန်းကွန့်မြူး ညွန့်အဖူးဖြင့် တင့်ထူးတံ့ငြား ထိုရှင်တော်မြတ်ဘုရားကို။ အတံ၊ သာသနာ့အလံ အောင်တံခွန်ဟု နတ်မွန်သုခ ကျမ်းရွှေစာကို စီကာစဉ်တာ ပိုင်းခြားကာဖြင့် ရေးကာပြုလုပ် အကျွန်ုပ်သည်၊ နမာမိ၊ မိုးဝကြွယ်ရံ လမင်းစံသို့ ဂုဏ်လျှံညွတ်ခ ဘေးရန်ပလျက် ခေမနယ်မျိုး သိမ်းမြန်းစိုးရန် ရှိခိုးပါ၏ အရှင်ဘုရား။

ရွှေဘိုမြို့၊ အနောက်ဈေး၊ ပိဋကတ်တိုက်၊
သာသနာ့ဇောတိကာရာမအုတ်ကျောင်း၊
စတုတ္ထ အကြိမ်မြောက်၊
အသံမစဲ၊ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနား၌
ရေးသား ပူဇော်အပ်သော

# ရောင်ခြည်တော်ဘွဲ့ ကဗျာများ

(၁) ဒီပင်္ကရ၊ ဗုဒ္ဓထံမှာ
နိယတပန်း၊ ဆင်မြန်းပြီးခါ
သစ္စာလေးပါး၊ ပိုင်းခြားသိကာ
ဘုံသုံးပါး၊ ဘုရားဖြစ်ပေါ်လာ။

(၂) ဘုရားဖြစ်ဘိ၊ စံဘိသတ္တာ
ရတနာဃရ၊ ရွှေအိမ်မမှာ
ဉာဏ်တော်ပဋ္ဌာန်း ဖြန့်မြန်းသောခါ
ရောင်ခြည်များ၊ ခြောက်ပါးထွက်ပေါ်လာ။

(၃) ဆံတော်မုတ်ဆိတ်။ ညိုဖိတ်ရာရာ
နီလာတန်၊ ညို ရွှဲဖဲပြာ
အောင်မဲညိုလား၊ မြသားမှာ
နီ-နီလ၊ မြူးကြွမြရောင်ဖြာ။

(၄) ကိုယ်ရေမျက်စိ၊ ရွှေဘိုရာရာ
မဟာလှေကား၊ စကားဝင်းဝါ
ရွှေဇမ္ဗူရောင်၊ အနုစ်ဂိဝါ
ပီ-ပီတ၊ မြူးကြွရွှေရောင်ဖြာ။

(၅) စွယ်တော်သွားခေတ်၊ ဖြူရပ်ရာရာ
စံပယ်မြတ်လေး၊ စိန်သွေးပမာ
ရေတံခွန်ဖြန်း၊ လစန်းသော်ဘာ
ဩဒါတ၊ မြူးကြွငွေရောင်ဖြာ။

(၆) လျှာတော်နှုတ်ခမ်း၊ နီမြန်းရာရာ၊
မိုးစွေခေါင်ရန်း၊ ဝတ်ပန်းကမ္ဗလာ
ဟသ်ပြဒါး၊ ပတ္တမြားသန္တာ
လောဟိတ၊ မြူးကြွနေရောင်ဖြာ။

(၇) ဆံတော်ဖဝါး၊ နှံပြားရာရာ
အရောင်လေးပါး၊ ပေါင်းထားသောခါ
ထန်းကျင့်နီပဆေး၊ ချိပ်သွေးပမာ
မဉ္ဇိဋ္ဌ၊ မြူးကြွပန်းရောင်ဖြာ။

(၈) ဆံတော်ဖဝါး၊ နှံပြားရာရာ
အရောင်လေးပါး၊ သီးခြားတစ်ဖြာ
တလီရှီးရက်၊ ပြိုးမြက်ရောရာ
ပဘဿရ၊ မြူးကြွလျှပ်ရောင်ဖြာ။

(၉) ရောင်ခြည်ခြောက်ပါး၊ ရည်ထား၍သာ
သာသနာ့အလံဟု၊ ဖန်ဆန်းပြုခါ
ရေထုမြေထု၊ မေလထုခွင်းကာ
ရောင်ခြည်ဓာတ်၊ လွှမ်းပတ်ခုတိုင်သာ။ ။

ရွှေဘိုမြို့၊ အနောက်ဈေး၊ ပိဋကတ်တိုက်၊
သာသနာ့ဇောတိကာရာမအုတ်ကျောင်း၊
စတုတ္ထအကြိမ်မြောက်၊
အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနား၌
ရေးသားပူဇော်အပ်သော

# သာသနာ့အလင်္ကာတော်တင် ကေပိုဒ်ရတု

အောင်ကြောင်းမင်္ဂလာ။ ။အောင်ညွှာဘာတည့်၊ အောင်ရှာဒီပ၊ အောင်ဇေနှင့်၊ အောင်မြသနေပြု၊ အောင်သပြေတည့်၊ အောင်ငွေခရူ၊ အောင်မြေထုတွင်၊ အောင်မူဆင်ယင်၊ အောင်သဘင်၌၊ အောင်မြင်စေရေး၊ အောင်သံကြွေးအံ့....

နီးဝေးထင်ပေါ်၊ အလံတော်ကား၊ သုံးလောကဓာတ်၊ ဝိသုဒ်နတ်လျှင်၊ ပွင့်လတ်တုံစွာ၊ ဦးအစဝယ်၊ ဖလသမာ၊ ဝင်စားရာဟု၊ သတ္တာသတ္တ၊ နဝတာလီ၊ ကိန်းယာယီဖြင့်၊ မျှညီချိန်ခါ၊ လှည့်ကြိမ်ရာသား၊ ရတနာဃရ၊ ရွှေအိမ်မ၌၊ ဓမ္မသင်္ဂဏီ၊ အစချီသည့်၊ ရှေ့တည့်ခြောက်ဖြာ၊ ဘိဓမ္မာကို၊ နှုန်းမှာငှိလို့၊ ဆန်အစုန်ဖြင့်၊ ဖုံဖုံသုံးသပ်၊ ဆင်ခြင်လတ်သော်၊ တပ်တပ်တည်တည်၊ ရိပ်အခြည်မျှ၊ ရောင်ခြည်ပဝင်း၊ မထွန်းလင်းတည့်။

ကျမ်းရင်းသတ္တမ၊ ပဋ္ဌာနလျှင်။ အနန္တနယ၊ သာဂရနှင့်၊ ဉာဏသဗ္ဗဉ်၊ တူစုံယှဉ်ကြောင့်၊ ဝန်းကျင်နှံ့ထွေ၊ တန့်မနေဘဲ၊

ဆံခွေမုတ်ဆိတ်၊ မျက်ဝန်းရိပ်မှု၊ ဖိတ်ဖိတ်နီလာ၊ မြရောင်
ဖြာ၍၊ ရွှေဝါရည်သား၊ ရွှေရောင်ပါးမှု၊ ရွှေသားပီတာ၊
ရွှေရောင်ဖြာခဲ့၊ နှုတ်ကြာကုမုဒ်၊ နီလွင်ထုတ်မှု၊ သုတ်သုတ်
နီတျာ၊ လောဟိတာဟု၊ နီစွာရောင်ဓာတ်၊ ထွက်ပေါ်လတ်၏၊
စွယ်ဓာတ်သွားတော်၊ မွေ့ရှင်တော်မှု၊ ဖြူသော်ဖွေးစွာ၊
ဩဒါတနှင့်၊ ကိုယ်မှုထို၍၊ အသီလီဘည့်၊ ညိုနီဖြူရွှေ၊
ရောင်လေးထွေကို၊ ခြေခံသဘော၊ ရောယှက်နှော လျှက်၊
ပေါင်းသောအရောင်။ မောင်းသောရောင်ဟု၊ မည်းမှောင်
စိုးချိတ်၊ စီးယိုဖိတ်သည့်၊ မဉ္ဇိဋ္ဌမည်၊ တစ်ရောင်စီနှင့်၊ တစ်လီ
ရိုးရက်၊ ပြိုးပြိုးပြက်လျက်၊ ရောယှက်နှစ်လီ၊ ပဘဿရမည်တည့်၊
ရောင်ခြည်ခြောက်သွယ်၊ သောင်းတိုက်နယ်တွင်၊ အံ့ဖွယ်မခန်း၊
အံ့ဘနန်းမျှ၊ ထွက်မြန်းကွန့်မြူး၊ ညွန့်အဖူးဖြင့်၊ တင့်ထူးတုံစွာ၊
မြတ်ဗုဒ္ဓ၏၊ အနန္တဂုဏ်၊ မွမ်းလျှင်ထုံ၍၊ အာရုံမှန်းဆ၊ ပြုလုပ်
ကြသည့်၊ သာသနာ့အလံ၊ အောင်တံခွန်သည်၊ နဘံဆက်ညာ၊
ပျံ့သက်ကာနှင့်၊ ကမ္ဘာမြေပြင်၊ ဇဋ္ဌာပြင်ဝယ်၊ ထင်ထင်ပပ၊
နေကြယ်သသို၊ ထွန်းပထယ်ဝါ၊ တင့်လျှမ်းသာသည်။ ။
ခုခါချင်းလို့ လင်းလျက်ပါဘုရား။ ။

# သာသနာ့အလံတော်

## အခန်း (၁)

## အလံဟူသည်

### ၁။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းသီတင်း သုံးလျက် ရှိကြသော ဂိုဏ်းအသီးသီးရှိ သာသနာ့ဦးသျှောင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဝိုင်းဝန်းဆန္ဒပြု ရေးဆွဲခဲ့သော 'ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့ အစည်း အခြေခံစည်းမျဉ်း ဥပဒေ' ကို တစ်သိန်းကျော်သော သံဃာတော်တို့၏ ရာနှုန်းပြည့်နီးပါး ဆန္ဒပေးထောက်ခံမှုဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ "ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ပွဲကြီး" ကျင်းပရာ ထိုအစည်းအဝေးကြီးက သာသနာတော် နှစ် ၂၅၂၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ နယုန် လပြည့်နေ့ ခရစ်သက္ကရာဇ် ၁၉၈၀-ပြည့်နှစ်တွင် အတည်ပြု ပြဋ္ဌာန်းလိုက်ပါသည်။

## ၂။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း ဥပဒေ

ယင်းဥပဒေအရ "သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း" ဖြစ်ပေါ်လာသည်နှင့်အညီ ဗုဒ္ဓဘာသာ သာသနာတော်အတွက် သာသနာ့အလံတော်သည်လည်း အတည်တကျ သမိုင်းဝင် အသစ်တစ်ဖန် ဖြစ်ပေါ်လာရန် လိုအပ်လာပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့၏ ဆန္ဒသဘောထားဖြင့် ရွေးချယ်လက်ခံထားသော ဆောင်ခြည်တော်ခြောက်သွယ် "သာသနာ့အလံတော်" ကို ယင်း၏ဂုဏ်သိရ်ကျက်သရေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် စည်းကမ်းတကျ နည်းလမ်းကျစွာ အသုံးပြုနိုင်ရေးအတွက် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၈) ပုဒ်မ-၇၂ အရ လည်းကောင်း၊ သံဃနာယကလက်စွဲ ၁၀၂- အရ လည်းကောင်း အသီးသီး အတည်ပြု ပြဌာန်းလိုက်သောအခါ သာသနာ့အလံတော်မှာ စနစ်တကျနှင့် ပြင်စွာ ပေါ်ပေါက်လာခဲ့ပေသည်။

အသစ်ပြဋ္ဌာန်း အတည်ပြုလိုက်သဖြင့် ဖြစ်ပေါ်၍လာသော သာသနာ့အလံတော်၏ အရွယ်အစား၊ အရောင်၊ အသုံးပြုပုံ စသည်များမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

## ၃။ အရွယ်အစားနှင့် အရောင်

ဗုဒ္ဓဘာသာ သာသနာတော်၏ သာသနာ့အလံတော်သည် ထောင့်မှန်စတုဂံဖြစ်၍ ယင်းတို့၏ အရွယ်အစား၊ ပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) အလျား ၉-ပေ၊ အနံ ၅-ပေ
(၂) အလျား ၄-ပေ၊ ၆-လက်မ
အနံ ၂-ပေ ၆-လက်မ
(၃) အလျား ၂-ပေ၊ ၃-လက်မ
အနံ ၁-ပေ။ ၃-လက်မ
(၄) အလျား ၉-လက်မ၊ အနံ ၅-လက်မ

ဟူ၍ လေးမျိုး လေးစား သတ်မှတ်ထားပါသည်။

သာသနာ့အလံတော်၏ အရောင်များကိုမူကား ရောင်ခြည်တော်ခြောက်သွယ်အဖြစ် သတ်မှတ် ပြဋ္ဌာန်းထားသည့်အတိုင်း အလံတော်တိုင်ဘက်မှ စတင်၍ သတ်မှတ်ရသည်ရှိသော်-

(၁) နီလ - အပြာရင့်ရောင်၊
(၂) ပီတ - အဝါရင့်ရောင်၊
(၃) လောဟိတ - အနီရောင်၊
(၄) ဩဒါတ - အဖြူရောင်၊
(၅) မဉ္ဇိဋ္ဌ - ပန်းနုရောင်-

ထိုအရောင် ငါးမျိုးတို့ကို ဒေါင်လိုက်ထားရှိပြီးလျှင်-

(၆) ပဘဿရ - ပြိုးပြိုးပြက်ပြက် တစ်ခဲနက် ထွက်နေသော အရောင်-

အဖြစ် အလံတော်၏ အစွန်အဖျား (အထက်) အပေါ်ဘက်မှ နေ၍ အပြာ၊ အဝါ၊ အနီ၊ အဖြူ၊ ပန်းနုရောင် တို့ကိုပင် အစဉ်အတိုင်း အောက်ဘက်သို့ထားရှိ ချုပ်လုပ်ရမည်ဖြစ်သည်။

မှတ်ချက်။ ။အသုံးပြုပုံများ၊ ရှောင်ကြဉ်ရမည့် အချက်များကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

ဤသို့ဖြင့် ကမ္ဘာ့မြေပြင်၊ ရေပြင်၊ အဇ္ဈာပြင်အလယ်တွင် ထည်ဝါခံ့ညား ဝင့်ကြွားစွာ လွှားတလူလူ မင်းမူနေသော ဗုဒ္ဓဘာသာ သာသနာတော်၏ သာသနာ့အလံတော်ဟူ၍ သတ်မှတ် သီးခြား လေးစားရသော အခြေအနေသို့ မရောက်မီ ရှေးဦးအစ တံခွန်အလံ၏ သဘောတရား၊ အဓိပ္ပါယ် ဖွင့်ဆိုချက်များ စသည်တို့၏ မူလဘူတ သဘာဝများကို ပြန်လည်၍ လေ့လာသုံးသပ် ဖော်ထုတ်ဘင်ပြပါဦးမည်။

## ၄။ အလံအစ တံခွန်က

"အလံအစ တံခွန်က" ဟု ဆိုရပေမည်။ ယင်း တံခွန်ကို ပါဠိလို "ဓဇ"၊ မြန်မာလို "အမှတ်အသား၊ တံဆိပ်" ဆိုသည့် အနက်ကို ဟောကြောင်း ပါဠိအဘိဓာန် ဂါထာ နံပါတ် ၁၀၆၄-၌ ပြဆိုထားပါသည်။

## ၅။ တံခွန်အမျိုးအစားနှင့် ပုံပန်းသဏ္ဍာန်

တစ်ဖန် ဂါထာနံပါတ် ၃၉၇-တွင်လည်း တံခွန်သည်-

(၁) ဟေတုတံခွန်၊
(၂) ဓဇတံခွန်၊
(၃) ပဋာကာတံခွန်၊
(၄) ကဒလီတံခွန်၊
(၅) တောရဏတံခွန်-

ဟူ၍ တံခွန် ၅မျိုးအစား ငါးမျိုးရှိကြောင်း ပြဆိုထားပါသေးသည်။

ထိုတံခွန် ငါးမျိုးတွင်-

ကေတု တံခွန်ကား သုံးထောင့်ဖြစ်၍၊

ဓဇ တံခွန်ကား လေးထောင့်ဖြစ်သည်-

ဟု တံခွန်၏ ပုံပန်းသဏ္ဍာန် အသွင်ကိုလည်း သုတ်သီလက္ခန် ဋီကာသစ်၌ ဖွင့်ဆိုထားပါသည်။

## ၆။ အလံဟူသည်-

တံခွန်အလံဟူသည် ပိုင်ဆိုင်ခြင်း၊ စိုးမိုးခြင်း စသည်တို့ဖြင့် ရင့်ကျက် နက်နဲသော အဓိပ္ပါယ်များကို ဖော်ဆောင် ညွှန်ပြနေသော အရာဝတ္ထု၊ အမှတ်အသား၊ တံဆိပ်ကို "အလံ"ဟု ဆိုလိုပါသည်။

အလုံသည် မြန်မာစကားမဟုတ်ပါ။ အာရဗီဘာသာစကား မှ ဆင်းသက်လာခြင်း ဖြစ်သည်။ မြန်မာဘာသာတွင် တံခွန် ဟူသော စကားဟောင်းရှိသည်။ "တံ"၏ အနက်မှာ "ရေ" ဖြစ်၍ "ခွန်"၏ အနက်မှာ "ကွန်"ဟူသော "ပျံ့ဘက်ခြင်း၊ ပျံ့ဝဲခြင်း" ဖြစ်သည်။ သို့ဖြစ်ရကား တံခွန်သည် ပျံ့ဝဲနေသော "ရေ"ဟု ဆိုလိုပါသည်။

ထိုတံကွန်မှ တံခွန်ကို ပြောင်းလဲ လာသဖြင့် ရေတံခွန်ကို သူဟောင်းတို့ မြင်လေရာ ဂုဏ်မှုနည်းယူ၍ အထည်ဝတ္ထုတို့ဖြင့် ယခုခေတ် သုံးကြသကဲ့သို့ "တံခွန်လုံး၊ တံခွန်ပြား"တို့ ဖြစ် ပေါ်လာရခြင်းဖြစ်သည်။

●

အခန်း ( ၂ )

# အလံများသမိုင်း

၇။ တံခွန်အလံဖြစ်ပေါ်လာပုံ

တံခွန်ကုက္ကား၊ မုလေးပွါး၊ ကြက်လျှာ စသည်တို့သည် အလံ၏ ရှေ့ပြေးများဟု ဆိုရမှာဖြစ်သည်။ ယင်းတို့ကို အခြေပြု မြစ်ဖျားခံလျက် တစ်စ တစ်စဖြင့် ယခုမျက်မှောက်ခေတ် အလံ များကို ကျယ်ပြန့်စွာ သုံးစွဲလာကြသည်ဟု ယူဆရမှာဖြစ်ပါ သည်။

အလံသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်ပါ။ အတိတ်ဖြစ်ရပ် တစ်ခုခုကြောင့်လည်းကောင်း၊ ဦးတည်ချက် တစ်ခုခုကြောင့်လည်းကောင်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်လေ သည်။ သာမန်အလံတစ်ခုသည်ပင် သက်ဆိုင်ရာ၏ ကြိုးပမ်း ဆောင်ရွက်ချက်၊ ရည်မှန်းချက်၊ ဦးတည်ချက်တို့ အပေါ်တွင် အခြေခံ၍ အဓိပ္ပါယ်ရှိရှိဖြင့် ပြုလုပ်ထားခြင်းဖြစ်လေရာ အမျိုး ဘာသာ သာသနာကို ကိုယ်စားပြုသော သာသနာ့အလံတော် သည် ပိုမိုထူးကဲ နက်နဲသော အဓိပ္ပါယ်ကို ဆောင်မည်မှာ ယုံမှားဖွယ်ရာ မရှိပါချေ။

ထို့ကြောင့် သာသနာ့အလံတော်သည်လည်း သက်ဆိုင်ရာ ဘာသာဓလေ့အရ အထွတ်အထိပ် အမွန်အမြတ်ထားအပ်သော ဘာသာ၏ အဆောင်အယောင်တစ်ရပ်ဖြစ်၍ ဂုဏ်ပြုလေးစား ညွှတ်တွားမှုကို ခံယူရသော ဘာသာ၏ သင်္ကေတ တစ်ရပ်လည်း ဖြစ်ပေသည်။

ရှေး ပဝေသဏီအခါကပင် လူသားတို့သည် မိမိတို့၏ အောင်မြင်မှု ကိစ္စအဝဝကို ထင်ရှားပေါ်လွင်စေလိုသော စိတ်ဆန္ဒ ရှိကြသည့်အလျောက် မိမိတို့၏ အောင်မြင်မှုနှင့် ပတ်သက်၍ မိမိတို့ ပိုင်ဆိုင်သော အရာဝတ္ထု စသည်တို့ကို အထိမ်းအမှတ်အဖြစ် ပြသရန် မိမိတို့ ဦးတည်ချက်နှင့် အညီ ဆက်စပ်သည့်ထင်သော အရာဝတ္ထုများကို အမှတ်တံဆိပ် အလံသဘော အသုံးပြုခဲ့ကြပါသည်။ နောင် အနာဂတ်ကာလ တွင် အလံများ၊ တံခွန်များကို တစ်စတစ်စ တီထွင်ကြံဆ အသုံးပြုလာကြပါသည်။

အလံကို တစ်ဦးချင်း တစ်ယောက်ချင်း၏ စွမ်းဆောင် အောင်မြင်မှု ရည်မှန်းချက်၊ ဦးတည်ချက်တို့ကို အခြေခံလျက် အသွင်သဏ္ဍာန် ပုံစံအမျိုးမျိုး ဖော်ထားကြရာ အလံတွင်ပါရှိ သော အရေးအကြောင်း၊ အမှတ်အသား စသည်တို့သည် သက်ဆိုင်ရာ၏ လေးနက်သော ဦးတည်ချက်၊ ဆောင်ရွက်ချက် များကို သရုပ်ဖော်ထားခြင်း ဖြစ်လေသည်။

ယင်းသို့ တစ်ဦးချင်း တစ်ယောက်ချင်း၏ စွမ်းဆောင်မှုကို ဖော်ထားသော အထိမ်းအမှတ်အဖြစ် အလံကို အသုံးပြုလာ

ကြရာ နောင် အနာဂတ်ကာလတွင် အဖွဲ့အစည်း တို့ကိုပင် ကိုယ်စားပြုသော အမှတ်အသား အဖြစ်လည်း သုံးစွဲလာကြပါသည်။ အမျိုးသားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတော်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများ စသည်တို့သည် မိမိတို့၏ သက်ဆိုင်ရာ ဆောင်ရွက်မှု ဦးတည်မှုတို့ကို သရုပ်ဖော်ထားသော အလံများကို အသုံးပြုကြလေသည်။

တစ်စုံတစ်ခုကို ကိုယ်စားပြုသော အမှတ်အသား အဖြစ် အလံကို သုံးစွဲလာကြရာမှ ဘာသာ တစ်ခု၏ သာသနာကို ကိုယ်စားပြုရန် အတွက် လည်း အသုံးပြု လာကြပါသည်။ ဘာသာကိုလည်းကောင်း၊ သာသနာကိုလည်းကောင်း ကိုယ်စားပြုသဖြင့် ယင်းအလံကို ဘာသာရေးအလံ ဟူ၍လည်းကောင်း၊ သာသနာ့အလံ ဟူ၍လည်းကောင်း သတ်မှတ်ခေါ်ဆို အသုံးပြုလာခဲ့ကြပေသည်။

ထို့ကြောင့် ဘာသာ တစ်ခု ဟူ၍ ဖြစ်ပေါ်လာလျှင် သာသနာ့အလံတော်သည် မရှိမဖြစ် အလေးအမြတ်ထားအပ်သော အဆောင်အယောင် ပစ္စည်းတစ်ရပ်လည်း ဖြစ်လာရပေသည်။ ကမ္ဘာ့အရပ်ရပ်တို့ကလည်း ယင်း သာသနာ့အလံတော်သည် သက်ဆိုင်ရာ ဘာသာကို ကိုယ်စားပြုကြောင်း၊ လေးလေးစားစား လိုက်နာ လက်ခံထားကြပြီး ဘာသာအသီးသီးတွင်လည်း မိမိတို့ သက်ဆိုင်ရာ ဘာသာအတွက် သာသနာ့အလံတော်ကို ထားကြစမြဲ ဖြစ်၏။

● (၂)

ထို့အတူ အချုပ်အခြာ အာဏာပိုင် နိုင်ငံ တစ်နိုင်ငံဟူ၍ ဖြစ်ပေါ်လာလျှင်လည်းကောင်း၊ အမျိုးသား တစ်ရပ်လုံးကို လည်းကောင်း၊ နိုင်ငံကိုလည်းကောင်း ကိုယ်စားပြုရသော အမျိုးသားအလံ (သို့မဟုတ်) နိုင်ငံတော်အလံသည် မရှိမဖြစ် အမှန်တကယ် လိုအပ်ကြောင်း၊ ထိုအလံကို အမျိုးသားအလံ (သို့မဟုတ်) နိုင်ငံတော် အလံဟူ၍ သတ်မှတ် ခေါ်ဆိုရမည် ဖြစ်ကြောင်း၊ ထိုအမျိုးသားအလံ (သို့မဟုတ်) နိုင်ငံတော် အလံသည် ဂုဏ်ပြု လေးစားမှုကို ခံယူရသော နိုင်ငံ၏ အဆောင် အယောင် ပစ္စည်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ကလည်း အမျိုးသားအလံ (သို့မဟုတ်) နိုင်ငံတော်အလံသည် သက်ဆိုင်ရာနိုင်ငံကို ကိုယ်စားပြုကြောင်း လက်ခံထားကြပြီး လျှင် နိုင်ငံအသီးသီးတွင်လည်း မိမိတို့ဆိုင်ရာ နိုင်ငံအတွက် အလံကို ထားကြစမြဲဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဤသို့လျှင် အထွတ်အထိပ် တင်ဖိုးထား၍ လေးစားဂုဏ်ပြု အပ်သော သာသနာ့အလံတော်ကို သတ်မှတ် ထားရှိကြရာ၌ ဘာသာ သာသနာ တစ်ရပ်လုံးနှင့် သက်ဆိုင်သော ကြိုးပမ်းမှု ဖြစ်စဉ် ဖြစ်ရပ်များကို အခြေခံ၍ လေးနက်သော အဓိပ္ပာယ် များ၊ ဦးတည်ချက်များ၊ ရည်ရွယ်ချက်များ ပေါ်လွင်ထင်ရှား သွားစေရန် အထိမ်းအမှတ် အသွယ်သွယ်ဖြင့် ဖော်ဆောင် ထားရှိကြလေသည်။

ထို့ကြောင့် သာသနာ့အလံကို မြင်ကြရသည့်အခါတွင် မိမိတို့၏ အမျိုးဘာသာ သာသနာအတွက် လေးစားကိုင်း

ညွတ်သည့် စိတ်ဓာတ်များ၊ မြတ်နိုးသည့် စိတ်ဓာတ်များ၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကြီးထွား နိုးကြားလာကြရ လေတော့သည်။

### ၈။ တံခွန်အစ အဘယ်က

" တံခွန်အစ အဘယ်ကလဲ " ဟု တံခွန်သမိုင်း ဖြစ်စဉ်ကို ဆင်ခြင်သုံးသပ်သည့်အခါ ဘဒ္ဒ ကြကမ္ဘာမှ စတင်ပြီး ပေါ် ပေါက်လာသည် မဟုတ်ပါချေ။ အမှန်း အဆ ဂဏန်းအားဖြင့် မပြနိုင်လောက်အောင် အလွန် ရှည်လျားလှစွာသော ကမ္ဘာ ဘာကပင် တံခွန်ဟူသော ဝေါဟာရ အသုံးအနှုန်းများ၊ တံခွန် ထားရှိ သုံးစွဲကြသည့် အလေ့အထများသည် အမြစ်တွယ်လျက် ရှိနေပြီး ဖြစ်သည်ဟု ယူဆရမှာ ဖြစ်ပါသည်။

### ၉။ ဓဇ ဒါယက မထေရ်

အတိတ်ဝေးကွာ ကမ္ဘာဘာက ပွင့်တော်မူခဲ့ပြီးကုန်သော နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့တွင် ဒသမမြောက် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်တော်၌ အမျိုးကောင်းသား တစ်ဦး သည် မြတ်စွာဘုရားအား ကြည်ညိုသဒ္ဓါပွားကာ ကောင်း မွန်သော အဝတ်ပုဆိုးဖြင့် တံခွန်ကို ပြုလုပ်၍ ဝါးလုံးဖျား၌ ဆွဲပြီးလျှင် ဗောဓိပင်ကို လှူဒါန်းပူဇော်ခဲ့ဖူးလေသည်။ ထို ကုသိုလ်ကောင်းမှုကြောင့် ယခု ငါတို့မြတ်စွာဘုရား လက်ထက် တော်၌ အမျိုးကောင်းသားပင် ဖြစ်လာ၍ ကြည်ညိုသဒ္ဓါ

တရား ပွဲများပြန်ကာ ဿရာဝါသကို ပယ်ခွါပြီး ရဟန်းပြုခဲ့ရာ ဇေဒါယကမထေရ် ဟူ၍ ထင်ရှားစွာ ဖြစ်ပေါ်လာပါသည်။ ဤ ထေရာပဒါန ပါဠိတော်လာ ဓဇဒါယကထေရ ဝတ္ထုကို ထောက်ဆသောအားဖြင့် တံခွန်ဟူသော ဝေါဟာရ အသုံးအနှုန်း၊ တံခွန် ထားရှိ သုံးစွဲကြသည့် အလေ့အထများသည် ဤကမ္ဘာ၌သာမက ရှေးရှေးသော ကမ္ဘာဘာတို့၌လည်း ဖြစ်ပေါ်ခဲ့ဘူးသည်ကို သိသာထင်ရှားလှပေသည်။

၁၀။ ဓဇဂ္ဂသုတ္တန်

ဘဒ္ဒ ဤကမ္ဘာ၌မူကား ငါတို့မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ဓဇဂ္ဂသုတ္တန် ပါ အကြောင်းအရာများကို ဖတ်ရှုရသောအခါ တံခွန်ဟူသော ဝေါဟာရ အသုံးအနှုန်း၊ တံခွန်၏ သဘောတရားအဓိပ္ပာယ်၊ တံခွန်၏ အရွယ်အစား၊ အမျိုးအစား စသည်တို့ကို တွေ့ရှိရပြန်ပါသည်။

အဆိုပါ ဓဇဂ္ဂသုတ္တန်၌ တာဝတိံသာနတ်နှင့် အသုရာနတ်တို့ စစ်မက်ပြိုင် တိုက်ကြလေရာတွင် ရှေ့တန်း စစ်မျက်နှာသွားရန် အသင့်ပြင်ဆင်နေကြသော တာဝတိံသာနတ်တို့ကို သိကြားမင်းက ခေါ်၍ ....

"အချင်းတို့၊ ရှေ့တန်းစစ်မျက်နှာအရပ်သို့ သွားကြမည့် သင်တို့သည် ကြောက်ခြင်း၊ ကိုယ်ခက်ထရော်

ရှိခြင်း၊ ကြက်သီး မွေးညင်းထခြင်းတို့သည် ဖြစ်ပါက ငါ၏ တံခွန်ဖျား၊ အလံဖျားကို မော်ကြည့်ကြကုန်သော အသင်တို့သည် ကြောက်ခြင်း၊ ကိုယ်ခက်ထရော်ရှိခြင်း၊ ကြက်သီး မွေးညင်းထခြင်း စသည်တို့ ပျောက်လတ္တံ့တည်း''

ဟု မိန့်ဆိုခဲ့သည်ကို ကောက်ချက်ချလျှင် ....

(က) တံခွန်အလံ၏ သက်တမ်းသည် နှစ်ပေါင်း နှစ်ထောင်ငါးရာကျော်ပြီဖြစ်ကြောင်း။

(ခ) တံခွန်အလံကို ကြည့်ခြင်းအားဖြင့် ယခုခေတ် မိမိတို့တိုင်းပြည်၏ အထွတ်အထိပ်အဖြစ် အသိအမှတ်ပြုထားသော တံခွန် အလံတော်ကို မြင်ရသူတို့သည် ဇာတိမာန်တက်ကြွကြသကဲ့သို့ သိကြားမင်း၏ တံခွန်အလံကိုမြင်ရသော နတ်တို့သည်လည်း ''တို့ဘုရင် လာရောက်ပြီး တိုင်ကြီးလို မားမားမတ်မတ်ကြီး ရပ်နေပြီ၊ တို့ဘယ်သူ့ကို ကြောက်ရမလဲ''ဟု ကြောက်စိတ်ကိုပယ်၍ ရဲစိတ်ရဲမာန်များ တဖွားဖွား နိုးကြား တက်ကြွလာစေသည့် လက်နက်ကောင်းတစ်ခု ဖြစ်ကြောင်း။

(ဂ) တာဝတိံသာနတ် မြို့၏ အလယ်ဗဟိုတည့်တည့်၌ ယူဇနာ သုံးရာ အမြင့်ရှိသော တံခွန်တို့ဖြင့် တန်ဆာဆင်ထားကြောင်း။

(ဿ) သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်၏ အထက်၌ ရွှေဖြင့် ပြီးသော ပတ္တမြားတံခွန်၊ ပတ္တမြားဖြင့် ပြီးသော ရွှေတံခွန်၊ သန္တာဖြင့် ပြီးသော ပုလဲတံခွန်၊ ပုလဲဖြင့် ပြီးသော သန္တာတံခွန်၊ ရတနာခုနစ်ပါးဖြင့်ပြီးသော ရတနာခုနစ်ပါး တံခွန်တို့ဖြင့် စိုက်ထူထားကြောင်း။

(င) ဝေဇယန္တာရထား၏ တံခွန်သည် ယူဇနာ အားဖြင့် နှစ်ရာ့ငါးဆယ် (၂၅၀) တိုင်တိုင် မြင့်ကြောင်း။

(စ) ထိုတံခွန်သည် လေတိုက်ခတ်လျှင် တူရိယာငါးပါး၏ အသံမျိုးသာလျှင် ထွက်ကြောင်း။

(ဆ) ထို့အတူ ပဇာပတိ နတ်မင်း၏ တံခွန်အလံ၊ ဝရုဏ နတ်မင်း၏ တံခွန်အလံ၊ ဤသာန နတ်မင်း၏ တံခွန် အလံဟူ၍ သုံးမျိုးသုံးစား ရှိကြောင်း စသည်အားဖြင့် တံခွန် အလံ၏ သက်တမ်း၊ သဘောတရား၊ အဓိပ္ပာယ်၊ အရွယ်အစား၊ အမျိုးအစား စသည်တို့ကို တွေ့ရှိ မှတ်သားရပါသည်။

ထိုခေတ် ထိုအခါက တံခွန် အလံကို သုံးစွဲကြသည့် အလေ့အထသည် ဗုဒ္ဓဘာသာ သာသနာကြီး ပျံ့နှံ့လေရာ ဒေသများသို့ ကူးစက် ပြန့်ပွားသွားလေသည်ဟု ကောက်ယူနိုင်ပေသည်။

## ၁၁။ လေ့ခွက်ချည်းကျန် အလံမလှဲ

လူ့ယဉ်ကျေးမှု စတင်ပေါ်ပေါက်လာချိန်မှစ၍ ကမ္ဘာ အရပ်ရပ်၌ အလံသဘော ဆောင်သော အမှတ်အသားအဖြစ်

လွှင့်ထူသူတို့၏ ရည်ရွယ်ချက်နှင့် လိုက်လျောသည့် ကျေးငှက် တိရစ္ဆာန်တို့၏ ရုပ်တုစသော အရာဝတ္ထုများကို အသုံးပြုခဲ့ ကြသည်။ နောင်အနာဂတ်ကာလတွင် အလံကို ပုံပန်းသဏ္ဍာန် အရွယ်အစား အမျိုးမျိုး အခေါ်အဝေါ် အသုံးအနှုန်း အဆင့်ဆင့် ပြောင်းလဲ သုံးစွဲလာခဲ့ကြပေသည်။

ဥရောပတိုက်တွင် ရှေးအကျဆုံး ယဉ်ကျေးမှုစတင်ရာ ဒေသ များအဖြစ် အသိအမှတ်ပြုထားသော အီဂျစ်၊ ပါရှား စသော နိုင်ငံတို့၌ အလံကဲ့သို့ပင် ဘစ်စုံတစ်ရာကို ကိုယ်စားပြုရာသဘော သက်ရောက်သည့် အရာဝတ္ထုတို့ကို ရှေးအကျဆုံး ခေတ်များ ကပင် သုံးစွဲခဲ့ကြလေသည်။ ရှေးခေတ် အီဂျစ်လူမျိုးများ စစ်ချီရာတွင် ဖါရိုဘုရင်များ၏ ကိုယ်စား သားမြီးယပ်ကြီး များကို ကိုင်ဆောင်ချီတက်ကြသည်ဟု ဆိုပါသည်။

ခရစ်မပေါ်မီ အနှစ် (၉၀၀)ခန့်က အဆီးရီးယား နိုင်ငံ၌ တံခွန်များ၊ စစ်အလံများ သုံးစွဲပုံကို ထိုခေတ်က ထုလုပ်ထား ရှိသော ကျောက်ရုပ်များ၊ အိုးခွက်များပေါ်၌ တွေ့မြင်ကြရ ပေသည်။ ကရိကျွန်းမှ အီးဂျီးယန်းကျွန်းစုသို့ ပျံ့နှံ့သွားသော ရှေးဟောင်း ယဉ်ကျေးမှုသည် ရောမနှင့် ဂရိနိုင်ငံများသို့လည်း ရောက်ရှိလာလေရာ ထိုနိုင်ငံများ၌ ရုပ်တုများကို ကိုင်ဆောင် တိုက်ခိုက်သည့် အလေ့အထများ ပေါ်ပေါက်ခဲ့လေသည်။

အေ့ဇပိုင်း၌ ယင်းတို့ကိုးကွယ်သည့် ဘုရားရုပ်တုများကို လည်းကောင်း၊ ဝံပုလွေ၊ မြင်း၊ ဝက်ဝံ အစရှိသည့် တိရစ္ဆာန်

တို့၏ အရုပ်များကိုလည်း ကောင်း၊ လုံချား၊ တုဘ်များ၌ ထွင်းထုထားရှိရာမှ နောက်ပိုင်း နပိုလီယံခေတ်အထိ လင်းယုန်ငှက်ကိုသာလျှင် အောင်တံခွန်၊ အောင်အလံများအဖြစ် အသုံးများလာခဲ့ပါသည်။

အလံကို အဝတ်စဖြင့် ချုပ်လုပ် အသုံးပြုခြင်းကို "ရောမလူမျိုးတို့က စတင်တီထွင်ခဲ့၏" ဟု ဆိုရပေမည်။ ပုံသဏ္ဌာန်မှာ လေးထောင့်ဖြစ်သည်။ လှံထိပ်များ၌ ကြက်ခြေခတ် တပ်ဆင်ထားသော သစ်သားချောင်းများတွင် အလံကို ချည်နှောင်၍ လွှင့်ထူကြ၏။

ဥရောပနိုင်ငံများ၌ တံခွန်အလံများ လွှင့်ထူ သုံးစွဲကြသော အလေ့အထသည် ဆာရာဆင် လူမျိုးများကြောင့် ပျံ့နှံ့သွားသည်ဟုယူဆကြပါသည်။ (၁၁)ရာစုနှစ်တွင် ခရစ်ယာန်ဝါဒီတို့ အထွတ်အမြတ်ထားသည့် ခရစ်တော်ဖွားမြင်ရာဒေသဖြစ်သော ဂျေရုဆလင်မြို့သည် ဆာရာဆင် လူမျိုးများ လက်အောက် ကျရောက်ခဲ့သည်။

ဆာရာဆင်တို့သည် ဘုရားဖူးလာ ခရစ်ယာန်များအား အနှောင့်အယှက်ပေးသောကြောင့် ခရစ်ယာန်တို့ မခံမရပ်နိုင်ဖြစ်၍ ထိုမြို့ကို ဆာရာဆင်တို့လက်မှ ပြန်လည် သိမ်းပိုက်ရယူနိုင်ရန် ကြိုးပမ်းရာမှ စစ်ဖြစ်ခဲ့ကြသည်။ စစ်ပွဲပေါင်း ရှစ်ကြိမ် အနက် ခရစ်နှစ် ၁၁၀၉-မှ ၁၁၉၁-ခုနှစ်အထိ ဖြစ်ပွားခဲ့သော

တတိယစစ်ပွဲတွင် ဆာရာဆင် လူမျိုးတို့သည် စစ်ပွဲ၌ လှင့်ထူသော စစ်တံခွန်၊ စစ်အလံများ ထားကြကြောင်းကို လေ့လာတွေ့ရှိရပေသည်။

ခရစ်ယာန်တို့၏ တပ်များသည် ဥရောပနိုင်ငံ အသီးသီးမှ ခရစ်ယာန်ဝင်များကိုစုစည်းထားသည်ဖြစ်သောကြောင့် မိမိတို့အချင်းချင်း မည်သည့်နိုင်ငံမှ ဖြစ်ကြောင်းကို ခွဲခြားသိနိုင်ကြစေရန် အလံများ တစ်မျိုးစီ အရောင်ခွဲခြားလျက် သတ်မှတ်ထားရှိလေသည်။ သို့သော် သာသနာရေးကို အကြောင်းပြု၍ ဖြစ်ပွားရသောစစ် ဖြစ်သည်နှင့် လျော်ညီစွာ ခရစ်တော်ကိုကိုယ်စားပြုသော လက်ဝါးကပ်တိုင်၏အထိမ်းအမှတ် ကြက်ခြေခတ် အမှတ်အသားကိုမူ ခရစ်ယာန် တပ်များ၏ အလံတိုင်း၌ ဖော်ပြကြလေသည်။

ကြက်ခြေခတ် အမှတ်အသားသည် ခရစ်ယာန်တို့ လေးစားကြည်ညိုရာ လက်ဝါးကပ်တိုင် သဘောမျိုး ဖြစ်ခြင်းကြောင့် ထိုအလံကို အလယ်ခေတ်တွင် သာသနာရေးဆိုင်ရာ အလံအဖြစ် ခရစ်ယာန် သာသနာပြုအဖွဲ့များကလည်း အသုံးပြုခဲ့ကြသည်။

ကမ္ဘာမှာ ထင်ရှားကျော်ကြားလှသည့် ထို ကရူးဆိတ်စစ်ပွဲများမှ စတင်လျက် အလံများကို ကျယ်ပြန့်စွာ အသုံးများလာခဲ့ရာ ဥရောပအလယ်ခေတ်တွင် အလံများသည် သုံးထောင့်ချွန်းပုံ၊ လေးထောင့်ပုံ၊ စတုဂံပုံ စသည်တို့ဖြင့် ပုံပန်းသဏ္ဍာန်

အမျိုးမျိုး ရှိခဲ့ပါသည်။ ထိုခေတ် ထိုအခါက ခရမ်းရောင် ပိုးသားဖြင့် ချုပ်ထား၍ ရွှေချည်ဖြင့် ပန်းထိုးထားသော ကွန်စတန်တင်း ဘုရင်ကြီး၏ အလံတော်သည် အထူးသဖြင့် ထင်ရှားလှသည်ဟု ဆိုပါသည်။

ဥရောပ နိုင်ငံများ၌ သာသနာ့ရေးစစ်ပွဲများမှ အစပြုကာ တိုက်ပွဲများတွင် အလံကို ကိုင်ဆောင် လွှင့်ထူ၍ တိုက်ခိုက်ကြသော အလေ့အထ ပေါ်ပေါက်ခဲ့သည်မှာ ၁၉-ရာစု အလယ်ခေတ်သို့တိုင်အောင်ပင် ဖြစ်၏။

ရှေးက စစ်တိုက်ကြရာ၌ တစ်ဖက်နှင့် တစ်ဖက် ရင်ဆိုင်ယှဉ်ပြိုင် ထိုးခုတ် သတ်ဖြတ်ကြရခြင်းဖြစ်ရာ တံခွန်များ၊ အလံများကို တိုက်ပွဲများတွင် စစ်ရထားများ၊ ဆင်များပေါ် လွှင့်တင်လေ့ရှိသည်။ တိုက်ပွဲခေါင်းဆောင်နှင့် အနီးကပ်ဆုံးနေရာ၌လည်း အလံကို လွှင့်ထားရသည်။ ထောင်ပေါင်းများစွာသော စစ်သည်တို့ဖြင့် ရှုတ်ရှက်သဲသဲ ဖြစ်နေသော စစ်မြေပြင်ဝယ် ဖုံတထောင်းထောင်း အကြား၌ မိမိတို့၏ ခေါင်းဆောင်က ရှပ်ရှပ်ခွံခွံ တိုက်ခိုက်နေသည်ကို မြင်တွေ့ရမှသာလျှင် ငယ်သားများကလည်း မကြောက်မရွံ့၊ နောက်မတွန့်ဘဲ သက်စွန့်ကြိုးပမ်း တိုက်ခိုက်ကြမည် ဖြစ်၏။ ထို့ကြောင့် တိုက်ပွဲခေါင်းဆောင်ကို အလွယ်တကူ မြင်တွေ့နိုင်စေရန် အလံကို ခေါင်းဆောင်နှင့် အနီးကပ်ဆုံး ရှေ့တန်းတင်၍ လွှင့်ထူတိုက်ခိုက်ကြခြင်း ဖြစ်သည်။

တိုက်ပွဲများတွင်လည်း တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် တိုက်ခိုက်၍ တစ်ဖက်မှ အလံကို ဖြိုလှဲရန် ကြိုးပမ်းကြသည်။ ထိုအလံလဲသွားလျှင် အရေးနိမ့်ခြင်း၊ ရှုံးနိမ့်ခြင်း အဓိပ္ပာယ်ကို ဆောင်ပေရာ အလံသည် တိုက်ပွဲများ၌ အရေးအခင်းသာသည်။ ရှုံးနိမ့်သည်ကို ဆုံးဖြတ်ရာ ဖြစ်သည့်အခါ ဖြစ်ခဲ့သည်။ တက် ရေးငင်သည့် ရေပြင်၌ "လေ့ခွက်ချည်း ကျန်ပါစေ၊ အလံမလှဲ" ဟူသော မြန်မာစကားပုံသည် မြန်မာ့ ရှေး ရေကြောင်း တိုက်ပွဲမှ လက်သုံးစကားဖြစ်၍ "ရှပ်ရှပ်ခွံ့ခွံ့ သက် စွန့် ကြိုး ပမ်းတိုက်သည်" ဟူသော သဘောကို တင်စားပြောဆိုခြင်း ဖြစ်သည်။ ယင်းတို့ဖြင့် စစ်ပွဲများ၌ အလံ၏ အရေးပါ အရာရောက်ပုံကို သိနိုင်ကြပေသည်။

အရှေ့တိုင်းတွင် အလံကို ရှေးအကျဆုံး အသုံးပြုခဲ့သော နိုင်ငံတို့မှာ တရုတ်နိုင်ငံနှင့် အိန္ဒိယ နိုင် ငံ တို့ ဖြစ် လေ သည်။ တရုတ်နိုင်ငံတွင် ခရစ်မပေါ်မီ ၁၁၂၂-ခုနှစ်က ထင်ရှားခဲ့သော ချောင်မင်းဆက်ကို တည်ထောင်သူ ကောရော့ဇ်ဘုရင်ကြီးသည် အလံတော် အဖြူကို ကြွချီတော်မူရာ ရှေ့တော်မှ လွှင့်ထူရသည်ဟု ဆိုပါသည်။

တရုတ် အ လံ များ တွင် အနီ ရောင် ဖြင့် ငှက် ရုပ် များ ကို လည်းကောင်း၊ အဖြူရောင်ဖြင့် ကျားရုပ်ကို လည်းကောင်း၊ အစိမ်းရောင်ဖြင့် နဂါးရုပ်ကို လည်းကောင်း ရေးဆွဲထားလေသည်ဟု သိရပါသည်။

## ၁၂။ ကျောက်စာတိုင်ကြီးများ

မြတ်စွာဘုရား ပွင့်တော်မူရာ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသည် အလံများ တံခွန်များကို ရှေးနှစ်ပေါင်းများစွာကပင် သုံးစွဲခဲ့ကြသည်ဟု ယူဆနိုင်ပါသည်။ သမိုင်း သုတေသီများ၏ အဆိုအရ "ရှေးခေတ် အိန္ဒိယအလံများသည် ခေတ်ဆန်၍ လှပတင့်တယ်ကြောင်း၊ ပုံသဏ္ဍာန်မှာ သုံးထောင့်ချွန်းဟု ဆိုသောကြောင့် ကြက်လျှာ အလံမျိုး ဖြစ်ကြောင်း၊ အရောင်မှာ အနီနှင့် အစိမ်းသက်သက်ကိုသာ သုံးကြောင်း၊ အလံပေါ်တွင် ရွှေချည်ဖြင့် ရေးထိုးထားသော အရုပ်များပါရှိလျက် ရွှေချည် အမြိတ်တို့ဖြင့် အတင့်အတယ် တန်ဆာဆင်ထားကြောင်း" သိရှိရပါသည်။

ခရစ်မပေါ်မီ ၂-ရာစု၊ ၃-ရာစုလောက်တွင် တတိယသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး ဖြစ်သော သီရိဓမ္မာသောကမင်း နန်းစံခဲ့ရာ၊ မင်းကြီးသည် စစ်အင်္ဂါလေးပါးခင်းကျင်းလျက် လက်ာဒီပ သီဟိုဠ်ကျွန်းမှ ပါဋလိပုတ်ပြည်သို့ မဟာဗောဓိပင်ကို အဝန်း ကိုးတောင်၊ အစောက် ငါးတောင်၊ အထု သုံးတောင် လက်ရှစ်သစ်ဖြင့် ဆင်နှာ မောင်း သဏ္ဍာန် အရေးရှိသော ရွှေဖျဉ်း ရွှေခွက်၌ စိုက်ပျိုးပြီးလျှင် အညို အရွှေ အစရှိသော အရောင်အမျိုးမျိုးရှိသော တံခွန်၊ ကုက္ကားတို့ဖြင့် သော် လည်းကောင်း၊ အထူးထူး အပြားပြားရှိသော ရတနာ၊

အဆင်းတန်ဆာ၊ ပန်းနုံ့သာ၊ တူရိယာ တို့ဖြင့် သော်လည်း ကောင်း ခြံရံ၍ ကြိုဆိုပင့်ဆောင် ပူဇော်တော်မူခဲ့ပါသည်။

ဆန်ချီဒေသရှိ စေတီပုထိုးတော် အနီးတွင်လည်း ကျောက်စာတိုင်ကြီးများကို စိုက်ထူထားခဲ့သည်မှာ အလံတံခွန်တိုင်များ သဖွယ် စိုက်ထူခဲ့ဟန်တူကြောင်း ယူဆရပေသည်။

ရှေးခေတ် အိန္ဒိယနိုင်ငံမှ အလံတံခွန်များ ထားရှိသည့် အလေ့အထသည် အာရှတိုက် နိုင်ငံအချို့သို့ ပျံ့နှံ့ရောက်ရှိသွားလေရာ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံအတွင်း စူမတြာ၊ ဂျာဗား အပါအဝင် နယ်ကြီးများတွင်လည်း စေတီပုထိုးများ အနီးတွင် တံခွန်တိုင်ကြီးများ ရှိကြောင်း လေ့လာ သိရှိရပေသည်။

အစ္စလာမ်နိုင်ငံများကလည်း အတုယူ သုံးစွဲကြရာ၌ အရုပ်ပါရှိခြင်းကို ကုရ်အန်(ကိုရန်)ကျမ်းစာက တားမြစ်ထားသဖြင့် အစ္စလာမ် သာသနာ့အလံသည် အမှတ်အသား အထူးအထွေ မပါရှိဘဲ အနက်၊ အဖြူ၊ အနီ စသည်ဖြင့် တစ်ရောင်တည်းသာဖြစ်သည်။ တမန်တော် မိုဟာမက်(မို့ဟာမ္မဒ်)သည် အမည်းရောင် ပိန်းသက်သက် အလံကို ကိုင်ဆောင် အသုံးပြုခဲ့ကြောင်းဖြင့် အဆိုရှိလေသည်။ မိုဟာမက်(မို့ဟာမ္မဒ်)၏အဆက်အနွယ်ဟုဆိုသော ရှေးခေတ် မာဘိမိုက်မင်းများသည် အစိမ်းရောင်ပိန်းအလံကို အသုံးပြုခဲ့၍ ထိုအစိမ်းရောင် ပိန်းအလံသည် တဖြည်းဖြည်း အစ္စလာမ် သာသနာရေးအလံ ဖြစ်သာပါသည်။

၁၈-ရာစုတွင် ထိုအစိမ်းရောင် အလံတွင် တူရကီလူမျိုးတို့သည် လခြမ်း သဏ္ဍာန် ဖြည့်စွက် ထည့်သွင်းခဲ့ရာမှ ယခုတိုင် လခြမ်း အမှတ်အသားသည် လည်းကောင်း၊ လခြမ်းနှင့် ကြယ်ပွင့် သဏ္ဍာန်သည် လည်းကောင်း အစ္စလာမ် သာသနာ့ရေးဆိုင်ရာ အထိမ်းအမှတ် ဖြစ်လာလေသည်။

အခန်း (၃)

# မြန်မာနိုင်ငံနှင့် တံခွန်အလံများ

## ၁၃။ ယဉ်ကျေးမှုအမွေ

မြန်မာနိုင်ငံတွင် တံခွန်များ၊ အလံများ အသုံးပြုသည့် ဓလေ့သုံးစံသည် ရှေးဟောင်း ယဉ်ကျေးမှုချင်း ကူးလူးဆက်ဆံရာ အိမ်နီးနားချင်း နိုင်ငံများဖြစ်သော အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ပျံ့နှံ့ရောက်ရှိ လာသည်ဟု ယူဆနိုင်ပါသည်။

အထူးသဖြင့် မဇ္ဈိမဒေသမှ ဗုဒ္ဓသာသနာတော်ကြီးနှင့်အတူ အိန္ဒိယ ယဉ်ကျေးမှု ဓလေ့သုံးစံအချို့သည် ရှေးခေတ် မြန်မာနိုင်ငံသို့ ကူးပြောင်း ရောက်ရှိခဲ့ရာတွင် ထိုခေတ် ထိုအခါကပင် ရှေးမြန်မာမင်းတို့သည် တံခွန်များ၊ အလံများကို လွှင့်ထူဝင့်ကြွားခဲ့ကြမည်ဟု ယုံကြည်ရပေသည်။

မြန်မာနိုင်ငံတွင် ရှေးအကျဆုံးဟု ယူဆရသော သရေခေတ္တရာခေတ်၊ ပုဂံခေတ်တို့၌ တံခွန်များ၊ အလံများကို မည်သည့်ပုံသဏ္ဍာန်၊ မည်သည့် အရွယ်အစား၊ မည်သည့် အမှတ်တံဆိပ်ကို ခတ်နှိပ်သားကြောင်း စသည်ဖြင့် အခိုင်အမာ မှတ်တမ်းတင်ထားခြင်းများကိုမူ မတွေ့ရသေးချေ။

သို့သော်လည်း ရှေးမြန်မာမင်းတို့သည် ထုံးတမ်းစဉ်လာကို နှစ်ခြိုက်စွာ လက်ခံကျင့်သုံး နာယူခဲ့ကြသည့် သာဓကများ ရှိခဲ့ဖူးပါသည်။ ထို့ကြောင့် နှောင်းခေတ်တွင် တွေ့ရသော မင်းခမ်းမင်းနားသုံး တံခွန်များ၊ အလံများသည် ရှေးပဝေသဏီခေတ်များကပင်၌ အစဉ်အဆက် ထိန်းသိမ်းခဲ့သော အစဉ်အလာများအရ ဆက်လက် သုံးစွဲနေကြခြင်း ဖြစ်ပေလိမ့်မည်။

သမိုင်းဦးခေတ်တွင် အထောက်အထား တစ်စုံတစ်ရာ မတွေ့ခဲ့ရငြားသော်လည်း သမိုင်းအလယ်ခေတ်ဟု ဆိုရမည့် အင်းဝခေတ်ဘွင်မှု တံခွန်အလံ သုံးစွဲမှုနှင့်စပ်လျဉ်း၍ စာပေအထောက်အထားများကို တွေ့ရပါသည်။

သက္ကရာဇ် ၇၄၂-ခုနှစ်မှ စ၍ ၇၆၃-ခုနှစ် အထိ စိုးစံခဲ့သော ဒုတိယ မင်းခေါင်လက်ထက်၌ လူမျိုးနှင့် စာပေကို တစ်ခေတ် တိုးတက်မြင့်မား ပြောင်းလဲလာအောင် စာပေအနုအလှတို့ဖြင့် စွမ်းဆောင်တော်မူ၍ စာပေ မီးရှူးတန်ဆောင် ဖြစ်တော်မူသော စာဆို အရှင်သူမြတ် ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်ဇာတ်ပေါင်းပျို့၌ ""ဒီပခေါ်မှန်း၊ လေးရပ်ကျွန်း၌၊ ထက်ဝန်းရပ်သူ၊ တံခွန်ထူသား၊ ဇမ္ဗူသပြေ၊ ပဒေသာပင်၊ မည်ထင်ဓမိ၊ ကုက္ကိုထိမ်ဟု၊ ချမ်းငြိမ်ရိပ်သာ၊ ကြီးမြင့်စွာသား""ဟု ဖွဲ့ဆိုထားပါသည်။

ထိုအဆိုအရ -

(၁) ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း၏ တံခွန် အလံအဖြစ် ကျွန်းဦး သပြေပင်။

(၂) ဥတ္တရကုရု မြောက်ကျွန်း၏ တံခွန်အလံအဖြစ် ကျွန်းဦး ပဒေသာပင်။

(၃) ပုဗ္ဗဝိဒေဟ အရှေ့ကျွန်း၏ တံခွန်အလံအဖြစ် ကျွန်းဦး ကုက္ကိုပင်။

(၄) အပရဂေါယာန အနောက်ကျွန်း၏ တံခွန်အလံအဖြစ် ကျွန်းဦးထိန်ပင် -

ဟူ၍ ရူပကအလင်္ကာ၊ ကေတုတ္တိ အလင်္ကာ သဘောမျိုးဖြင့် တန်ဆာဆင် ဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

ခေတ်ပြိုင် စာဆိုဖြစ်၍ ထင်ရှား ကျော်ကြားတော်မူသော စာဆိုအရှင်သုမြတ် ရှင်မဟာသီလဝံသ၏ ပါရာယနကထာ လင်္ကာဖောင်း၌ "မင်းပွဲစိုက်ထူ၊ ဟူသည်အလံ၊ ခေါ်မှန်ထူးခြား၊ ရထားရဲတံခွန်၊ လှေမှန်ငှဲလံ၊ ဆင်လံစင်တမဲ၊ ကွဲလွဲဆိုလုပ်၊ ငုပ်သည့်အလံ၊ ခြားနားဟန်ကို၊ မှတ်ကြံသိထွေ၊ တတ်လှစေ" ဟူသော စာပိုဒ်အရ ....

(၁) မင်းပွဲသဘင်၌ စိုက်ထူသော တံခွန်ကို အလံ၊

(၂) စစ်ရထား၌ စိုက်ထူသော တံခွန်ကို ရဲတံခွန်၊

(၃) လှေ၌ စိုက်ထူသော တံခွန်ကို ငှဲအလံ၊

(၄) ဆင်၌ စိုက်ထူသော တံခွန်ကို စင်တမဲ၊

(၃

(၅) ကျောင်း ပြာသာဒ် စသည်တို့၏ အမိုး၌ တပ်ဆင်သော တံခွန်ကို မှန်ကင်း-

ဟု တံခွန်ငါးမျိုး ခွဲခြား သုံးနှုန်းထားသည်ကို ထောက်ရှု၍ အင်းဝခေတ် တိုက်လှေများ၊ စစ်ရထားများ၊ ဆင်များကို တံခွန်အလံများ တပ်ဆင် လွှင့်ထူသော အလေ့အထ ရှိခဲ့သည်ကို သိသာလှပေသည်။

ကုန်းဘောင်ခေတ်တွင်မူ ထိုထက် ကျယ်ပြန့်စွာ သိရှိနိုင်သော စာပေ အထောက်အထား များစွာကို တွေ့ရလေသည်။ အလောင်းမင်းတရားကြီး၏ လက်ထက်တော်၌ အင်းရွှေဝန်ကြီး၏ လောကဗျူဟာကျမ်း၊ သကြွန်ပွဲတော် ကျင်းပသည့် ရေတော်ခပ် အစီအရင်ခန်းတွင် -

- "မြစ်ဆိပ်တွင် ရွှေပိန်း လှော်ကားနှစ်စင်း ဆောက်လုပ်သည်၊ လှေတန်ဆာဆင်၍ အလံ၊ ပုံ၊ မောင်းနှင့် ဝင်းတော်သားတို့ လှော်ရသည်"ဟူ၍ လည်းကောင်း၊

- သကြွန်တော် ခေါ်ထွက် အခမ်းအနားတွင် "သည်နောက် ဝင်းတော် ဆင် ရဲက တင်လျက်၊ ရဲ ကတင် အလံနီ(၂)၊ လုံရှင်(၂၀)၊ ကျည်နှင့် ဆင်တော်သည် တစ်ယောက်၊ ခေါင်း ထုပ် နီ ပေါင်း၍ မောက်ရှ၊ မောက်တို။ ပါးကာ နားကာ၊ ရှေ့ကာ နောက်ဆွာ၊ ဝတ်လုံ ချပ်ကာနှင့် ခေါင်းချပ်လျက် ဆင်ကို စီးရသည်" ဟူ၍လည်းကောင်း၊

- နောက်တော်က လိုက်ပါရသော အစီအရင်တွင်.... ''သည်နောက်ရှေ့ဝင်းတော်၊ ရဲတံခွန် အစုံ သား ကို ခေါင်းထုပ်ပေါင်း၍ ရဲတံခွန် အလံနှစ်စင်း ပြိုင်၍စိုက်သည်'' ဟူ၍ လည်းကောင်း၊

- သည်နောက် သူရဲကြီး အောင်လံတစ်စင်းကို သူရဲကြီးသားတို့ ကိုင်၍ သွားရသည် ဟူ၍လည်းကောင်း -

ဖော်ပြပါရှိလေသည်။ အထက် ဖော်ပြချက်များကို သုံးသပ်လျှင် အလောင်းမင်းတရားကြီးကိုယ်တိုင် အဆိုပါ အင်းဝခေတ်မှ တံခွန်များ၊ အလံများကိုပင် ဆက်လက်၍ သုံးစွဲလေ့ရှိကြောင်း သိရပေသည်။

## ၁၄။ သူရဲကြီး အောင်လံ

ဤနေရာတွင် ရှေးမြန်မာမင်းတို့၏ ရာဇပလ္လင်ဥကင်ရှေ့၌ စိုက်ထူထားရှိအပ်သော မင်းခမ်းတော်ဝင် သူရဲကြီး အောင်လံနှင့် စပ်လျဉ်း၍ ဒီးဒုတ် ဦးဘချို၏ မှတ်တမ်း၌ -

- ထို သူရဲကြီး အောင်လံသည် အလျား ခုနစ်တောင်၊ အနံ သုံးတောင်၊ အလျား၏ သုံးပုံတစ်ပုံမှာ ကြက်လျှာအမြီး သုံးခွချွန်း ဖြစ်ကြောင်း၊ အလံမှာ နေအရုဏ်၏ အရောင်ဖြစ်သော အနီပိန်းခံ၍ နေမင်းသဏ္ဌာန် ရွှေရောင် စက်ဝိုင်း သွတ်ထားကြောင်း၊

- ထိုစက်ဝိုင်းမှာ နေ့စွယ် ကြက်လျှာစွန်း ခုနစ်စွန်းထွက်၍ ခုနစ်စွန်းကို အရောင် ခုနစ်ပါးဖြင့် ခြယ်လှယ်ထား ကြောင်း၊ အစွန်းတစ်စွန်းလျှင် အရုပ် တစ်ရုပ်ကျ ပါရှိ လေရာ ရွှေရောင်တွင် မျောက်ရုပ် လက်တစ်ဖက်ထမ်း ဟန်၊ အဖြူရောင်တွင် ဂဠုန်နှိုသုတ်ဟန်၊ အဝါရောင်တွင် ဘီလူး သန်လျက်နှစ်ဖက် ထမ်းဟန်၊ အမည်းရောင်တွင် ဥဒေါင်း ကဟန်၊ အစိမ်းရောင်တွင် ခြင်္သေ့ ဟောက် ဟန်၊ အနီရောင်တွင် ဆင်ထိုးဟန်၊ အမည်းတစ်ဆ၊ အဖြူ နှစ်ဆ ရောစပ်သော အဖျော့ရောင်တွင် နဂါး မင်း မာန်သွင်းဟန် တို့ဖြင့် အတင့်အတယ် ခြယ်လှယ် ထားကြောင်း၊
- ထို အရုပ် ခုနစ်ရုပ်စလုံး အလံတိုင်ဖက်သို့ မျက်နှာမူရ ကြောင်း ဖော်ပြထားရာ မင်းခမ်းတော်ဝင် ထို သူရဲ ကြီး အောင်လံကြီး၏ ထယ်ဝါခံ့ညားပုံကို မှန်းဆ သိနိုင်လောက်ပေပြီ။

## ၁၅။ စေတီပုထိုးတည်လျှင် တံခွန်တိုင် ပါရစမြဲ

ကုန်းဘောင်မင်းဆက် ခြောက်ဆက်မြောက် ၁၁၄၃ - ခုနှစ်၊ အမရပူရမြို့တည် နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် ဘိုးတော်မင်းတရားကြီး လက်ထက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့ တံဆိပ်တော်နှစ်ဆူ ခံယူတော်မူခဲ့သော မုန့်တိုင်ပင် ဆရာတော်

ဘုရားကြီး၏ သုံးပုံတံချူကျမ်းတွင် တံခွန်တိုင်များနှင့် စပ်လျဉ်း၍ အမှာ အထားများနှင့်တကွ ရေးသားထားသည်ကို အထူးခြားဆုံး တွေ့ရပေသည်။

ထိုဆရာတော်ဘုရားကြီး၏ ရေးသားချက်များအရ ဆိုလျှင် ၁၁၄၃–ခုနှစ် ဝန်းကျင် တံခွန်တိုင်များ သုံးစွဲကြသော အလေ့အထသည် အတော်လေး ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလေ့ရှိကြကြောင်းကို ခန့်မှန်း သိရှိရပေသည်။

မြန်မာ့ ယဉ်ကျေးမှု နယ်ပယ်၌ ဘုရားပုထိုး စေတီတို့နှင့် အမြဲလိုလို ယှဉ်တွဲ တွေ့မြင်ရလေ့ရှိသော ခြင်္သေ့, နဂါး, ဂဠုန်, မနုဿီဟ အစရှိသည့် တိရစ္ဆာန်ရုပ်များ နည်းတူ တံခွန်တိုင်သည်လည်း ယဉ်ကျေးမှု အမွေအနှစ် တစ်ခုအဖြစ် မြန်မာမှု နယ်ပယ်တွင် ထင်ရှားလျက် ရှိပါသည်။

ရွှေတိဂုံ၊ ဆူးလေ၊ ကမ္ဘာ့အေးနှင့် မုံရွာမြို့ မိုးညှင်းသမ္ဗုဒ္ဓေ၊ စစ်ကိုင်းတောင်ရိုး စသည့် ထင်ရှားကျော်ကြားသော စေတီတော်ကြီးများမှအစ ရွာသိမ် ရွာငယ်များရှိ စေတီပုထိုးများတွင်ပါ တံခွန်တိုင်ကို တွေ့ရလေ့ရှိရာ ''စေတီပုထိုးတည်လျှင် တံခွန်တိုင် ပါရစမြဲ''ဟု ဆိုရမလောက်ပင် ဖြစ်နေပါသည်။

## ၁၆။ တံခွန်တိုင်

ရှေးအခါက မြန်မာပြည်ရှိ တံခွန်တိုင်ကြီးများကို ဖြောင့်ဖြူး ရှည်မြောသော ကျွန်းသစ်ကို သစ်စေး သို့မဟုတ် ဟင်္သ

ပြဒါးတို့ဖြင့် သုတ်လိမ်း ခြယ်သ၍သာလျှင် ပြုလုပ်လေ့ရှိသော်လည်း ယခုခေတ်တွင်မူ အုတ်၊ အင်္ဂတေတို့ဖြင့်သာ ပြုလုပ်ကြပါသည်။ မုံရွာမြို့ မိုးညှင်း သမ္ဗုဒ္ဓေဘုရား ပရိဝုဏ်အတွင်း၌မှန်စီရွှေချ အင်္ဂတေ တံခွန်တိုင်ကြီးများသည် အလှန်ပင် ထင်ရှား ကျော်ကြားလှပါသည်။

၁၇။ တံခွန်တိုင်အစ အရှင်ပိဏ္ဍောလ - က

မြတ်စွာဘုရား လက်ထက်တော်အခါက အရှင် ပိဏ္ဍောလမထေရ်သည် ရာဇဂြိုဟ်သူဌေးကြီး ဝါး အဆက်ဆက်တို့ဖြင့် စိုက်ထောင်၍ အတောင်ခြောက်ဆယ်မျှလောက်သော အမြင့်၌ထားရှိအပ်သော စန္ဒကူးသပိတ်ကို စျာန်ပျံကာ သွားရောက်ယူခဲ့ခြင်းကို ရည်ရွယ်၍ တံခွန်တိုင် စိုက်ထူရခြင်း ဖြစ်၏။

ယင်း တံခွန်တိုင်၌ တပ်ဆင်လေ့ရှိသော တံခွန်များမှာ လုံးဝန်း၍ ရှည်မျောမျော သဏ္ဌာန်ရှိသည့် ဝါးဖြင့် ယက်လုပ်ထား၍ အပေါ်မှ စက္ကူကပ်ထားပြီးလျှင် ဗုဒ္ဓဝင်ဖြစ်တော်စဉ်များနှင့် ဘုရားစာများကို ရေးသားထားလေ့ရှိပါသည်။

တံခွန်တိုင်၏ ထိပ်တွင် ဟင်္သာရုပ် သို့မဟုတ် စေတီတော်၏ ထီးတော် သို့မဟုတ် စေတီငယ်သဏ္ဌာန်တို့ကို ပြုလုပ်ထားရှိ၏။ အချို့တိုင်ထိပ်တွင်မူ တံခွန်များကို လိုသလို ရွှေ့တပ်ဆင်နိုင်ရန် ကွင်းအဝိုင်း တစ်ခုကိုသာ ထားရှိလေသည်။ ထို့ပြင်တံခွန်တိုင် အနား၌ သိကြား-ဂဠုန်-နဂါး စသည့် ရုပ်တုများကိုလည်း

လေးနက်သော ရည်ရွယ်ချက် ဦးတည်ချက် အဓိပ္ပါယ်များဖြင့် ပြုလုပ်လေ့ ရှိကြပါသည်။

၁၈။ တံခွန်တိုင်နှင့် သိကြားရုပ်တုများ

မြတ်စွာဘုရား ပွင့်တော်မူလတ်သော် သိကြားမင်းသည် ခရုသင်းကို မှုတ်၍ ပူဇော်လာသော အကြောင်းကို ရည်သန်၍ ခရုသင်း ပိုက်ထားသော သိကြားရုပ်တုကို တံခွန်တိုင်အနီး၌ ထုလုပ်ထားလေ့ ရှိပါသည်။

မြတ်စွာဘုရားအား မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါ-ဟုလျှောက်ထား တောင်းပန်လာသော အကြောင်းကို ရည်စောင်း၍ ရှိခိုးနေသော သိကြား ရုပ်တုကိုလည်း ထားလေ့ရှိပါသည်။

သီလက္ခန္ဓဝဂ္ဂ၊ အမ္ဗဋ္ဌသုတ်လာ အမ္ဗဋ္ဌ ပုဏ္ဏားမိုက်အား သိကြားမင်းက ''လျှံဝါရဲရဲ သံချောင်းစွဲ၍ မလွဲဆတ်ဆတ် ဖြတ်မည့်ဟန်ကို ရည်သန်၍ သန်လျက် သံချောင်းစွဲ သိကြား ရုပ်တုကိုလည်း ထုလုပ်ထားလေ့ရှိပါသည်။

ပဉ္စသိခ နတ်သားသည် မြတ်စွာဘုရားအား သိကြားမင်း ကိုယ်စား ဖူးရကြောင်း ဂါထာများ မြောင် စောင်းငြင်း ဆောင်၍ လျှောက်ထားလာသည်ကို ရည်ရွယ်လျက် သိကြား မင်း စောင်းပိုက်၍ နေဟန်ကို ထုလုပ်ထားလေ့ရှိပါသည်။

## ၁၉။ နဂါးနှင့် ဂဠုန်ရုပ်တုများ

နဂါး ဂဠုန်ရုပ်တုများကို ထားရှိသောအကြောင်းရင်းမှာ- မြတ်စွာဘုရားသခင်သည် မဟာသမယသုတ္တန် တရားတော်ကို ဟောကြားတော်မူသောအခါဝယ် တရားနာရန် ရောက်လာကြသည့် ရှေးယခင်က တစ်ကောင်နှင့် တစ်ကောင် ရန်စောင်ဖက်များ ဖြစ်ကြသော နဂါးနှင့် ဂဠုန်တို့ပင်လျှင် မြတ်စွာဘုရား၏ ရှေ့တော်မှောက်တွင် တစ်ကောင်နှင့် တစ်ကောင် ရန်စောင်ကင်းလျက် လည်ချင်းဖက်၍ နှစ်သက်ကျွမ်းဝင် ခင်မင်လာသည့် အဖြစ်ကိုရည်ညွှန်း၍ နဂါး,ဂဠုန်ရုပ်တုများကို ထားသော ရှိပါသည်။

ဘုရားအလောင်း ဂဠုန်မင်းသည် ရသေ့စဉ်းလဲ၍ နှုတ်မလုံမှုကြောင့် နဂါးကို ထိုးသုတ်နိုင်သောအကြောင်းကို မဟူရဂဇာတ်၌ လာသည်ကိုထောက်၍လည်း တစ်နည်းပြုလုပ်နိုင်ပါသေးသည်ဟု စသည်ဖြင့် မုန်တိုင်ပင် ဆရာတော်ဘုရားကြီး၏ အမှာစကားများနှင့်တကွ ရေးသားချက်များကိုလည်းကောင်း၊

ထို့ပြင် ဆိမ်ခုံရွာစား မဟာမင်းလှမင်းခေါင်ဘွဲ့ခံ ဦးရှန်း၏ မဟာသုတသောမ ပျို့၌လည်း-

ဥကင်းမြင်များ၊ ရွှေတော်ပါးဝယ်၊ သားသားရှက်ချွန်၊ ရွှေတံခွန်ကား၊ အလွန်တဖွဲ့ထွေ၊ တက်ရောင်နေသို့၊ အရွှေ့မက္ကင၊ သုပဏ္ဏမူ၊ ဖြူဆွဲရောင်သား၊ ယက္ခဝါ

လျက်၊ မောရာမည်းစွာ့၊ ရောင်ခြည်ပရှ်၊ သီဟာစိမ်းရောင်၊ ဆင်ပြောင်နီထွေး၊ အသွေးဖျော့ဖျော့၊ နဂါးမော့လည်း၊ ကြော့ကြော့ဝင်းဝင်း၊ ရွှေရောင်လင်းလျက်၊ နေမင်းထွက်ဟန်၊ ရွှေတံခွန်လည်း၊ အလွန်တင့်ထွေသတည်း–ဟူ၍ လည်းကောင်း။

မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာကြီး၌လည်း– ရွှေဝင်းနောက်ဝင်း၊ ဝင်းနှစ်ဝင်းတို့၊ တပ်ချင်းရှေ့နောက်၊ စဉ်ကာလျှောက်၍၊ စိုက်ဆောက်မိုးယံ၊ လွှားလွှားပျံသား၊ အလံဖြူစိမ်း၊ မတိမ်းမဖီ–ဟူ၍ လည်းကောင်း၊

ဆိုင်ရာဝန်တို့၊ ဆော်ဖန်အမြဲ၊ အုပ်ကွပ်ကဲမှု၊ လက်ဝဲဝင်းနှင့်၊ နောက်ဝင်းတို့မှာ၊ ဝါပြာအလံ၊ ဖြိုးဖြိုးလျှံအောင်၊ မိုးယံလွှင့်တည်”ဟူ၍ လည်းကောင်း–

ထိုသို့ ရေးသားဖွဲ့ဆိုချက်များကို ကောက်ချက်ချ သုံးသပ်ရလျှင် ထိုခေတ်ထိုအခါမှအစပြု၍ ယခုမျက်မှောက်ခေတ် တိုင်အောင်ပင်လျှင် တံခွန်အလံများ သုံးစွဲပြုလုပ်လာသည့် အလေ့အထများ၊ အသွင် ပုံပန်းသဏ္ဌာန်များ၊ အမှတ်တံဆိပ်များစသည်တို့သည် ခေတ်ရေစီးကြောင်း ပြောင်းလဲတိုးတက်ထွန်းကားလာသည်နှင့် အမျှ တိုးတက် ထွန်းကား လာဦးမည်မှာ ယုံမှားဖွယ်ရာ မရှိကြောင်း လေ့လာတင်ပြအပ်ပါသည်။

## အခန်း ( ၄ )

# ကဆုန်လပြည့် ဗုဒ္ဓနေ့

### ၂၀။ ကဆုန်လပြည့် ဗုဒ္ဓနေ့

ယခု ဆက်လက်၍ တင်ပြလိုသည်မှာ-ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့ မျက်ဝါးထင်ထင် တွေ့မြင်နေကြသည့် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တန်ဆာဆင်ထားသော သာသနာ့အလံတော် အကြောင်းပင် ဖြစ်ပါသည်။ ယင်းသာသနာ့အလံတော်သည် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း(၈)ပုဒ်မ ၇၂-၌ လည်းကောင်း၊ သံဃနာယကလက်စွဲ၊ ၁၀၂-၌ လည်းကောင်း သာသနာ့အလံတော်အဖြစ် သတ်မှတ်ပြဋ္ဌာန်း အတည်ပြုထားပါသည်။

လွန်ခဲ့သည့် သာသနာတော်သက္ကရာဇ် ၂၄၂၆ -ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၄၇-ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓနေ့)၊ ခရစ်သက္ကရာဇ် ၁၈၈၅-ခုနှစ်၊ မေ(၂၈)ရက်၊ သီဟိုဠ်နိုင်ငံတွင် ကဆုန်လပြည့်နေ့ကို ဂေါတမဘုရားရှင်နှင့် ပတ်သက်၍-

(၁) ဗျာဒိတ်တော် ခံယူသောနေ့၊

(၂) ဖွားမြင်တော်မူသောနေ့၊

(၃) ဘုရားအဖြစ်သို့ ရောက်တော်မူသော နေ့နှင့်

(၄) မဟာပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့-

ဤကဲ့သို့ အထိကရနေ့ကြီး လေးနေ့နှင့် တိုက်ဆိုင်နေသဖြင့် အထွတ်အမြတ်ထားကာ "ဗုဒ္ဓနေ့"အဖြစ် သတ်မှတ်ခေါ်တွင် တရားဝင် ခမ်းနားသိုက်မြိုက်စည်ကားစွာ ဆင်ယင်ကျင်းပရန် ပြင်ဆင်စိုင်းပြင်းကြရာမှစ၍ ကြံစည်ခဲ့ကြလေသည်။

၁၈၅၀-ခုနှစ်များအတွင်း သီရိလင်္ကာ၊ သီဟိုဠ်နိုင်ငံတွင် ခရစ်ယာန်ဘာသာ လွှမ်းမိုးနေချိန်ဖြစ်၏။ သာသနာပြုအဖွဲ့များ၊ သာသနာပြု ကျောင်းများဖြင့်လည်း အားကောင်းနေချိန်လည်း ဖြစ်၏။ ထို့ကြောင့် သီရိလင်္ကာ သီဟိုဠ်၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေးနှင့် ဗုဒ္ဓဘာသာဝင်တို့ ဆုံးရှုံးနေသော အခွင့်အရေးများ ပြန်ရရေးအတွက် "ဗုဒ္ဓသာသနာ ကာကွယ်ရေးကော်မတီ"ကို ၁၈၈၄-ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက်နေ့တွင် ထူထောင်ခဲ့ပါသည်။ ထိုကော်မတီ၌ သီအိုဆိုဖီအသင်းသားတစ်ဦး ဖြစ်ပြီး နောင်အခါ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းလာသူ အမေရိကန်လူမျိုး ဗိုလ်မှူးကြီး ဟင်နရီစတီးလ် အော်လကော့ (Henry Steele Olcott) သည် ၁၈၅၄-ခုနှစ် ဖေဖော်ဝါရီလ (၁၆)ရက်နေ့ ဖွားမြင်သူ စီပီဂုဏဝမ္မန (Carolis Pujitha Gune Wardene) အား အကျိုးတော်ဆောင်အဖြစ် ခန့်အပ်ပါသည်။

ထိုစီပီဂုဏဝဓနသည် သီရိလင်္ကာ သီဟိုဠ်နိုင်ငံတွင် ဗုဒ္ဓသာသနာ ပြန်လည်ထွန်းကားရေးအတွက် နှစ်ပေါင်း ၄၀-ခန့် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့လေသည်။မိမိလစာငွေများကို လှူဒါန်းခြင်း၊ ဗုဒ္ဓစာပေ, သီဟိုဠ်စာပေနှင့် အင်္ဂလိပ်စာသင်ကျောင်းများ တည်ထောင်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့လေသည်။

ထိုအထဲတွင် ကောလံပေတ္တိဌ် ဇီနရာဇ ဗုဒ္ဓဘာသာ အင်္ဂလိပ်စာသင်ကျောင်းနှင့် မဘာရနယ် ဝေရဂမ္ပိတနှင့် ကဒဝီပိယဌ် ကျောင်းနှစ်ကျောင်းသည် အထင်ရှားဆုံး ဖြစ်လေသည်။

ထို့ပြင် ဗြိတိသျှအစိုးရသည် ၁၈၈၅-ခုနှစ် မတ်လ(၁၅) ရက်နေ့တွင် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကို အများပြည်သူတို့၏ ရက်အားအဖြစ် ကျေညာပေးခဲ့ရသည်မှာ အော်လကော့နှင့် အတူတွဲ၍ မပင်မပန်း ကြိုးပမ်း ထမ်းဆောင်ခဲ့သော စီပီဂုဏဝဓန၏ ဇွဲလုံ့လကြောင့်ပင် ဖြစ်ပေသည်။

၁၈၈၅-ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် ကျရောက်သော ကဆုန်လပြည့် (ဗုဒ္ဓနေ့) သည် သီရိလင်္ကာ သီဟိုဠ် နိုင်ငံတွင် ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့ အပျော်ရွှင်ဆုံး နေ့တစ်နေ့ပင် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် စီ၊ ပီ၊ ဂုဏဝဓန အပါအဝင် အသင်းသား (၁၀)ဦး ပါဝင်သော ကဆုန်လပြည့်ဝန္ဒ ကျင်းပရေး ကော်မတီသည် ဗုဒ္ဓသာသနာ ပြန်လည် ထွန်းကားရေး လှုပ်ရှားမှု၏ အောင်မြင်ခြင်း အထိမ်းအမှတ်

အဖြစ် "ကောထဟေနရှိ ဒီပဒူဘဝိဟာရ" တွင် ဗုဒ္ဓနေ့ကို သမိုင်းတွင်မည့် အခမ်းအနား စည်ကား သိုက်မြိုက်စွာ ကျင်းပ ရန် စီစဉ်စိုင်းပြင်းကြပါသည်။ ထိုအခမ်းအနား၌ ဗုဒ္ဓသာသနာ့ အလံတော်ကို တီထွင် အသုံးပြုရန်လည်း အကြံပြု ဆွေးနွေးကြ ပါသည်။

၂၁။ သာသနာ့အလံ တီထွင်သူ

ထိုအခါ စီ၊ ပီ၊ ဂုဏာဝမ္မနက "ခရစ်ယာန် ဘာသာဝင်များ အတွက် ကြက်ခြေနီ အထိမ်းအမှတ် ရှိသကဲ့သို့ ကမ္ဘာ့ ဗုဒ္ဓ သာသနာဝင်အားလုံး လိုက်နာကျင့်သုံးနိုင်ရန် ဗုဒ္ဓအလံတော် သည် ဗုဒ္ဓနှင့် သက်ဆိုင်သည့် ရောင်ခြည်တော် ခြောက်ပါး ပါသော အရောင်တို့ကိုပင် အသုံးပြုရန်" အကြံပေး တင်ပြ ပါသည်။

၎င်း၏ အကြံပေးတင်ပြသော ဗုဒ္ဓသာသနာ့အလံကို ကဆုန် လပြည့် (ဗုဒ္ဓနေ့) တွင် တင်ရန် ကော်မတီဝင် အားလုံးကပင် နှစ်သက်စွာ လက်ခံလိုက်ကြလေသည်။ ၎င်း အလံပုံစံကို ဗုဒ္ဓ သာသနာ၏ အာဘော်ဖြစ်သော သရသဝိသန္ဒေရေသ စာစောင် တွင် အချပ်ပိုထည့်၍ ၁၈၈၅-ခုနှစ်၊ ဧပြီလ(၁၇) ရက်က ဖော်ပြခဲ့ပေသည်။ သို့သော်လည်း ဗုဒ္ဓသာသနာ့အလံပုံစံ တီထွင်သူ၏ အမည်ကိုကား ဖော်ပြမှု မရှိခဲ့ပါချေ။

## ၂၂။ အောဝ်လကော့ မဟုတ်ပါ

အများ သူငါတို့က အောဝ်လကော့ကို ဗုဒ္ဓသာသနာ့အလံ ပုံစံ ရေးဆွဲသူဟု ယုံကြည်နေကြပါသည်။ အမှန်မှာ မဟုတ်ပါ၊ စီ၊ ပီ၊ ဂုဏဝမ္မနသာ ဖြစ်ပါသည်။ စီ၊ ပီ၊ ဂုဏဝမ္မန ကွယ်လွန်ပြီးနောက် နှစ်နှစ်အကြာ ၁၉၂၈-ခုနှစ်၊ မေလ ၁-ရက်နေ့ထုတ် သုဒနမိနစာစောင်နှင့် ကိုလံဘို ဗုဒ္ဓသာသနာသိအိုဆိုဖိ အသင်း အတွင်းရေးမှူးကလည်း ရာပြည့်စာစောင်တွင် ဗုဒ္ဓသာသနာ့အလံ တီထွင် ရေးဆွဲသူမှာ စီ၊ မီ၊ ဂုဏဝမ္မန ဖြစ်ကြောင်း အသီးသီး ဖော်ပြခဲ့ကြပါသည်။

ထို့ပြင် အောဝ်လကော့ ကိုယ်တိုင်ကလည်း သူ၏ မှတ်တမ်းဟောင်း စာမျက်နှာများ ၄၆၉-၌ "ဗုဒ္ဓသာသနာ့အလံ ပုံစံရေးဆွဲသူမှာ သူ မဟုတ်ကြောင်း ဖော်ပြ ဝန်ခံထားပါသည်။ ၁၈၈၅-ခုနှစ်၊ ဧပြီလ ၂၈-ရက်၊ ကဆုန်လပြည့်နေ့တုန်းက အောဝ်လကော့မှာ အိန္ဒိယပြည်သို့ ရောက်နေချိန် ဖြစ်ပါသည်။ ၁၈၈၆-ခုနှစ်၊ ဇန်နဝါရီလ ၂၈-ရက်နေ့တွင် သီရိလင်္ကာသို့ ပြန်လည်ရောက်ခါမှ သာသနာ့အလံကို ဦးစွာ ပထမ မြင်ဖူးခြင်း ဖြစ်၏။ ထိုအလံကို မြင်ရသောအခါ များစွာ ကျေနပ် နှစ်သိမ့်ပါသည်။ အလံမှာ အနည်းငယ် ရှည်လျားနေသဖြင့် အမျိုးသား အလံများကဲ့သို့ အနေတော် ဖြစ်အောင် ဆောင်ရွက်ရန် အကြံပေးခဲ့ပါသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာ့ အလံတော်ပုံစံကို တီထွင် ရေးဆွဲသူမှာ စီ၊ ပီ၊ ဂုဏဝဓ္ဓန သာလျှင် ဖြစ်ပါသည်။

## ၂၃။ ဘုရားရတနာ ဖြစ်ပေါ်လာ

ဘုန်းရောင်ထွန်းရှိန်၊ စောမုနိန်၊ ပညိန္ဒြေ၊ ခြေရာမှန်ဘိ၊ ဗောဓိကြွင့်နှန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်းအံ့လောက်၊ မြေမှာပေါက်သား၊ ရောင်တောက်မာရ်နှင့်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက်တင့်တယ်၊ သုံးစံပယ်သည်။ ။ဘုန်းကြွယ်လက်ဦး ပွဲ့ပေကိုး။ ။

(လက်တီဆရာတော်)

လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သုံးလောကထွတ်ထား၊ သဗ္ဗညုမြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့အား မဟာကရုဏာတော်မြတ် သက်လတ်၍ ဒီပင်္ကရာ၊ ထွတ်ချာသေဌ်နင်း၊ တရားမင်း၏၊ ခြေတော်ရင်း၌ ''သင်ကား မချွတ်ကေန် အမှန်စင်စစ်၊ သဗ္ဗညုဘုရားရှင် ဖြစ်ပေလိမ့်မည်'' ဟူသော နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့သည့်အခါ -

၁။ ငါ သံသရာ ရေပင်လယ်မှ ကူးမြောက်သောအခါ သတ္တဝါအများတို့ အားလည်း သံသရာရေပင်လယ်မှ ကူးမြောက်စေအံ့။

၂။ ငါ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လာသောအခါ သတ္တဝါအများ တို့အားလည်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေအံ့။

၃။ ငါ သစ္စာလေးပါး တရားသိမြင်သော အခါ
သတ္တဝါအများ တို့အားလည်း သစ္စာလေးပါး
တရားကို သိမြင်စေအံ့ -

ဟူ၍ ကြိမ်းပ ဝန်ခံတော်မူသည်နှင့်အညီ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကြာလပတ်လုံး အမျှသုံးဆယ်သော ပါရမီတို့ကိုလည်းကောင်း၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယတရား သုံးပါးတို့ကို လည်းကောင်း၊ ဖြည့်ကျင့် ဆည်းပူးတော်မူပြီး လျှင်နောက်ဆုံးဘဝ ဗေဒိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်အဖြစ်သို့ ရောက်တော်မူ၍ လောက သုံးပါး၌အတုမရှိသော ဘုရားရတနာအဖြစ်သို့ ပွင့်ပေါ်လာတော်မူခဲ့ပါသည်။

## ၂၄။ ပလ္လင်္ကသတ္တာဟ

ဤသို့ သဗ္ဗညုတဉာဏ်ရှင် မြတ်စွာဘုရားသခင်သည် အပရာဇိတ ရွှေပလ္လင်တော်ထက်ဝယ် ဗုဒ္ဓဘုရားဖြစ်ပြီးနောက် ဖလသမာပတ် ဝင်စားတော်မူလိုလတ်သည်ဖြစ်၍ ထိုရွှေပလ္လင်တော်ထက်၌ပင်လျှင် ဆက်လက်၍ ကဆုန်လပြည့်ကျော် (၁)ရက်နေ့မှ (၇) ရက်နေ့ အထိ ၇-ရက်ပတ်လုံး သီတင်းသုံးတော်မူပါသည်။

ဤသတ္တာဟ ပထမနေ့ အခါ၌ ဖလသမာပတ်ကိုဝင်စား၍နေတော်မူပါသည်။ ညဉ့်အခါ၌မူကား ဘုရားအဖြစ်သို့ ရောက်

အောင် ထောက်ပံ့သည့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အနုလုံ ပဋိလုံ အပြန်အလှန် အဖန်ဖန် သုံးသပ် ဆင်ခြင်တော်မူပါသည်။

## ၂၅။ ဥဒါန်းနှစ်ဖြာ ကျူးရင့်လာ

ထိုသို့ သုံးသပ် ဆင်ခြင်တော်မူပြီးသောအခါ၌ မြတ်စွာဘုရား၏ သန္တာန်တော်၌ လွန်စွာ လွန်စွာ နှစ်သက်အားရ ဝမ်းမြောက်ခြင်း ပီတိတရား ထပ်ဝလဲလဲ ဖြစ်ပေါ်လာသော ပီတိအဟုန်ဖြင့် အလုံးစုံသော သဗ္ဗညု မြတ်စွာဘုရားရှင်တို့ ဘုရားဖြစ်ပြီးလျှင် ကျူးရင့်တော်မူကြမြဲ ဓမ္မတာဖြစ်သည့် အနေကဇာတိသံသာရံ အစရှိသော ဥဒါန်းဂါထာကို အသံမထွက် နှုတ်မမြွက်ဘဲ စိတ်တော်သက်သက်ဖြင့်သာလျှင် ကျူးရင့်တော်မူပါသည်။

ထိုပြင် ဤနေ့ညဥ့်ဦးယံ၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အစဉ်အတိုင်း အနုလောမနည်းတို့ဖြင့် ဆင်ခြင်ပြီးလျှင် ယဒါဟဝေ ဟူသော ပထမဥဒါန်းဂါထာကိုလည်းကောင်း၊

မဇ္ဈိမယာမ်၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အပြန်အားဖြင့် ပဋိလောမနည်း ဆင်ခြင်တော်မူပြီးလျှင် ယဒါဟဝေဟူသော ဒုတိယဥဒါန်းဂါထာကိုလည်းကောင်း၊

ပစ္ဆိမယာမ်၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အပြန်အလှန် အနုလောမ ပဋိလောမနည်းအားဖြင့် ဆင်ခြင်တော်မူ

ပြီးသော် ယဒါဟဝေဟူသော တတိယ ဥဒါန်းဂါထာကိုလည်း ကောင်း နှုတ်တော်ခြွေမြွက် အသံထွက်၍ ကျူးရင့်တော်မူပါ သည်။

နောက် (၆) ရက်အတွင်းမှာမူ ဖလသမာပတ် ဝင်စားကာ နိဗ္ဗာန်ချမ်းသာဖြင့် စံနေတော်မူသည်။ သတ္တမမြောက်နေ့ ညဉ့်ဦး ပဌမယံ အစဉ်ဖြင့် ဖိုလ်မှ ထတော်မူပြီးနောက် ညဉ့် သုံးယံပတ်လုံး ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီးကို အနုလုံ ပဋိလုံ အပြန်အလှန် အဖန်ဖန် အထပ်ထပ် သုံးသပ်ဆင်ခြင်တော်မူ သည်။

ထိုသို့ (၇)ရက်ပတ်လုံး ရွှေပလ္လင်တော်ထက်၌ စံနေတော် မူသဖြင့် ဤအပရာဇိတပလ္လင်တော်ကို ''ပလ္လင် သတ္တာဟ''ဟု ခေါ်ပါသည်။

## ၂၆။ အနိမိသသတ္တာဟ

နှစ်ကြိမ်မြောက်ထ၊ သတ္တာဟဟွင်၊ မာရပယ်လှန်၊ ပလ္လင်ပျံမှ၊ သေန်တူရူ၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်း ချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိန်းစိန်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည်။ ။ကြည်လင်ညွတ်နူး ဘွယ်ပေကိုး။

(လယ်တီဆရာတော်)

ထို့နောက် ပလ္လင်တော်ပေါ်မှ သက်ဆင်းတော်မူပြီးလျှင် ဗောဓိပင်၏အနီး အရှေ့မြောက်ခပ်ယွန်းယွန်း ၁၄-လံကွာ နေရာ၌ ကဆုန်လပြည့်ကျော် ၈-ရက်နေ့မှ ၁၄-ရက်နေ့အထိ ၇-ရက် ထပ်မံ၍ သီတင်းသုံး စံမြန်းတော်မူပြန်သည်။

ရှင်တော်ဘုရားသည် "ငါသည် ပါရမီတော်များကို ဖြည့်ကျင့် ဆည်းပူးခဲ့သဖြင့် ဤပလ္လင်ထက်၌ မာရ်ငါးပါးကို အောင်မြင်၍ ဘုရားဖြစ်ခဲ့ပြီတကား" ဟု ဆင်ခြင်တော်မူကာ ဖြောင့်ဖြောင့်မတ်မတ် ရပ်တော်မူ၍ အပရာဇိတပလ္လင်မြတ်ကို မမှိတ်သောမျက်စိဖြင့် ၇-ရက်ပတ်လုံး ကြည့်ရှုတော်မူပြီးလျှင် စံနေတော်မူသည်။ ထို့ကြောင့်ပင် ဤဌာနကို "ဒုတိယမြောက် အနိမိသသတ္တာဟ" ဟု ခေါ်တွင်သည်။

## ၂၇။ ပလ္လင်ကိုရွယ် တို့ဘုန်းကြွယ်

ဤအနိမိသသတ္တာဟနှင့် ပတ်သက်၍ ကျဉ်ဆွံ့ကန်ရှင်ကြီး ရှင်နန္ဒဓဇသည် "ပလ္လင်ကိုရွယ်၊ တို့ဘုန်းကြွယ်၊ ဘယ်တွက် ပူဇော်သနည်း" ဟူသော အမေးပုစ္ဆာရှိခဲ့ရာ ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက "ဘုရားသခင်သည် ပလ္လင်တော်ကိုကြည့်လျက် ၇-ရက်ပတ်လုံး ရပ်တော်မူခြင်းသည် ပလ္လင်ကို ပူဇော်သည်မည်၏။ ထိုသို့ အဘယ်ကြောင့် ပူဇော် ပြန်သနည်းဟု မေးမြန်းလိုရာ "တစ်ထောင့်ငါးရာ ကိုးလသာ ကိုခြေရာ၊ သဗ္ဗညုတဉာဏ်ကိုရရာ မြတ်လှစွာသော ဇေယျာ

ဘူမိဖြစ်၍ တစ်ပါး သတ္တဝါတို့ကို မဆိုထားဘိ၊ ငါဘုရားမှ သော်လည်း ပူဇော်ခြင်းငှာ ထိုက်လေ၏'' ဟု ဝေနေယျတို့ကို ဩဝါဒပေးလိုသောကြောင့် ပူဇော်သည်'' ဟု စွယ်စုံကျော်ထင် ကျမ်း၌ ဖြေဆိုထားသည်ကို မှတ်သား ကြည်ညိုရလေသည်။

## ၂၀။ စင်္ကမသတ္တာဟ

သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင့်ဥတ္တရာ၊ စင်္ကြံသာ၌၊ လူးလားတုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်ဘုရား၊ ပျော်စံစား သည်။ ။ တရားဆင်ခြင်လျက်ပေကို။

(လယ်တီဆရာတော်)

ထို့နောက်တစ်ဖန် (၇) ရက် ထပ်မံ၍ ကဆုန်လကွယ်နေ့မှ နယုန်လဆန်း (၆) ရက်နေ့အထိ ရွှေပလ္လင်နှင့် အနိမိသဌာန အကြား ဗောဓိပင်၏ မြောက်ဘက်၌ အရှေ့အနောက် သွယ် တန်းလျက် အတောင်ခြောက်ဆယ်ရှိသော နတ်တို့ ဖန်ဆင်း သည့် ရတနာစင်္ကြံတော်၌ လူးလာတုံ့ခေါက် စင်္ကြံကြွကာ သီတင်းသုံး စံမြန်းတော်မူသည်။

အနိမိသသတ္တာဟဌာန၌ စံမြန်းတော်မူစဉ် နတ်ဗြဟ္မာတို့၏ စိတ်ထဲ၌ ''အရှင်ဂေါတမသည် ပလ္လင်တော်၌ တပ်မက်ခြင်း ရှိနေသေးသည်။ ဘုရားအဖြစ်သို့ ဆိုးခန်းတိုင် ရောက်တော်

မမူသေး” ဟု ယုံမှားသံသယ ဖြစ်ကြသည်။ နတ်ဗြဟ္မာတို့၏ ယုံမှားသံသယ ဖြစ်နေသည်ကို သိတော်မူ၍ ထိုယုံမှားသံသယကို ပယ်ဖျောက်စိမ့်သောငှာ ရေအစုံ မီးအစုံသော ယမကပြာဋိဟာကို ပြတော်မူသည်။ ရှင်တော်မြတ်ဘုရားသည် စင်္ကြံသွားတော်မူရင်းပင် တရားဆင်ခြင်တော်မူ၍ လည်းကောင်း၊ အရဟတ္တဖလသမာပတ် ဝင်စား၍လည်းကောင်း စံနေတော်မူသည်၊ ထိုသို့ စင်္ကြံသွားလျက် (၇) ရက်စံနေသည့်ဌာနကို “တတိယစင်္ကမသတ္တာဟ” ဟု ခေါ်သည်။

၂၉။ ရတနာဃရသတ္တာဟ

လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်းတောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာရိပ်ငြိမ်၊ ရွှေစံအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊ သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်။ ။ရောင်ရှင်ခြောက်ဖြာ ညီးလို့ကို။

(လယ်တီဆရာတော်)

ထို့နောက် ဗောဓိပင်၏ အနောက်မြောက်ဘက် အတောင် (၄၀) ၁၀-လံ ကွာဝေးသော အရပ်၌ နတ်တို့ ဖန်ဆင်းအပ်သော ရတနာရွှေအိမ်သို့ ကြွတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် နယုန်လဆန်း (၇) ရက်နေ့မှ (၁၃) ရက်နေ့

အထိ အဘိဓမ္မာ တရားတော်ကို ဆင်ခြင်တော်မူလျက် (၇) ရက်တိတိ သီတင်းသုံး စံနေတော်မူသည်။ ဤသို့ ရှင်တော်ဘုရား (၇) ရက် ရတနာရွှေအိမ်၌ စံနေတော်မူသည်ကို "စတုတ္ထ မြောက် ရတနာဃရသတ္တာဟ" ဟု ခေါ်သည်။

၃၀။ အဘိဓမ္မာ (၇) ကျမ်း

ရှင်တော်ဘုရားသည် ရတနာဃရ ဒေဝရိပ်ငြိမ် နတ်နန်းအိမ်၌ ကိန်းပိုက်တော်မူစဉ် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း၊ ဤခုနစ်ရပ် ကျမ်းမြတ်တို့တွင် ရှေးဦးစွာ မေ့သင်္ဂဏီကျမ်းမှစ၍ အစဉ်အတိုင်း သုံးသပ် ဆင်ခြင်တော်မူရာ ခြောက်ကျမ်းမြောက်ဖြစ်သည့် ယမိုက်ကျမ်းအထိ အံ့ဖွယ်သရဲ ထူးထူးကဲကဲ ဖြစ်ပေါ်မလာသေးပေ။ နောက်ဆုံးဖြစ်သော ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသည့် အခါမှသာ ခန္ဓာတော် ရုပကာယမှ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူး ထွက်ပေါ်လာခဲ့လေသည်။ ဤသို့ဖြစ်ခြင်းသည် အဘိဓမ္မာတရားတော်ခြင်း တူသော်လည်း ဆင်ခြင်ပုံ ဆင်ခြင်နည်း ကွဲပြားခြားနားသောကြောင့် ဖြစ်ပါသည်။

မှန်ပါသည်၊ အဘိဓမ္မာ တရားတော်များကို မေ့သင်္ဂဏီနည်း၊ ဝိဘင်္ဂနည်း၊ ဓာတုကထာနည်း၊ ပုဂ္ဂလပညတ်နည်း၊ ကထာဝတ္ထုနည်း၊ ယမကနည်းဟူသော နည်းခြောက်မျိုးတို့

ဖြင့် သုံးသပ်ဆင်ခြင်တော်မူသည့်အခါ ဆင်ခြင်သုံးသပ်နည်းမှာ ကျယ်သင့်သလောက် ကျယ်ပြောသော်လည်း သဗ္ဗညုတဉာဏ်တော်စွမ်းအားနှင့် နှိုင်းယှဉ်လျှင် ဉာဏ်တော်စွမ်းအားက ကျယ်နေပြီး ဆင်ခြင်သုံးသပ်နည်းများက ကျဉ်းနေရကား ဉာဏ်တော်ကြီးမှာ အားစွမ်းရှိတိုင်း လူးလွန့် မြူးကွန့်နိုင်ခွင့် မရခဲ့ပါချေ။ ထို့ကြောင့် မြတ်စွာဘုရား၏ ခန္ဓာတော် ရူပကာယမှသည် ပြိုးပြက်ထိန်လက် ရောင်ခြည်တော်တစ်ခုမျှ မထွက်ပေါ်ခဲ့ပါချေ။ ထို့ကြောင့် အလံတော်တင် ကေပိုဒ်ရတု၌-

> "ရတနာသာရ၊ ရွှေအိမ်မဉ္ဇ၊ ဓမ္မသင်္ဂဏီ အစချီသည့်
> ရွှေတည်ခြောက်ဖြာ၊ ဘိမ္မောကို၊ နှမ္မာဥ္စိလုံ၊ ဆန်းအစုန်
> ဖြင့်၊ ဖုံဖုံသုံးသပ်၊ ဆင်ခြင်လတ်သော်တပ်တပ်တည်တည်၊
> ရိပ်အခြည်မျှ၊ ရောင်ခြည်ပဝင်း၊ မထွန်းလင်းတည့်"

ဟု ရေးသားခဲ့ပါသည်။

## ၃၁။ ရောင်ခြည်တော်ခြောက်ဖြာ ကွန့်မြူးလာ

အထက်စွန်ဆုံးဖြစ်လတ် သတ္တမမြောက်ဖြစ်သော ပဋ္ဌာန်းကျမ်းမြတ်သို့ သက်ဝင်မျှော်ရှုလျက် ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော စသော ပဋ္ဌာန်း နည်းအစုစုဖြင့် ပဋ္ဌာန်းကျမ်းမြတ်သို့သက်၍ သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သုံးသပ်ဆင်ခြင်တော်မူသည့်အခါမှသာ မြတ်စွာဘုရား၏ ခန္ဓာတော် ရူပကာယမှသည် နီလ, ပီတ, လောဟိတ, သြဒါတ,

မဥ္စိမ္ဓ,ပဘာဿရ၏ အစွမ်းအားဖြင့် ရောင်ခြည်တော်ခြောက်ပါးတို့သည် တဖျပ်ဖျပ် ထွက်ပေါ် ကွန့်မြူးလာကြပါသည်၊

ထိုသို့ ရောင်ခြည်တော် ခြောက်ပါးတို့ ထွက်ပေါ် ကွန့်မြူးလာရခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ပါချေ။ သဗ္ဗညုတရွှေဉာဏ်တော်ကြီးသည် ဤ ပဋ္ဌာန်းကျမ်းသို့ ဝင်ရောက် ကျက်စားသော အခါမှသာ ပဋ္ဌာန်းနည်းကလည်း အဆုံး အပိုင်းအခြားမရှိ၊ အနန္တ သဗ္ဗညုတ ဉာဏ်တော်ကြီးကလည်း အဆုံးအပိုင်းအခြားမရှိ၊ အနန္တ ဖြစ်၏။ ဉာဏ်တော် ကွန့်မြူးလေလေတရားတော်ကလည်း ကျယ်ထွက်လာလေလေ ဖြစ်သောကြောင့်စွမ်းရည်နှင့် တရား တသားတည်းကျ စံချိန်ကိုက် လိုက်ဖက်ညီကာ လူးလာလှုပ်ရှား၍ စွမ်းအားရှိသမျှ ကွန့်မြူး ကျက်စားနိုင်ခွင့် ရလေသည်။

ဥပမာအားဖြင့် မိုင်ပေါင်းများစွာ ရှည်လျား ကြီးကျယ်သည့် တိမိရ,တိပိင်္ဂလ စသော ငါးကြီးများသည် ပင်လယ်ကမ်းခြေပိုင်းကဲ့သို့သော ကျဉ်းမြောင်း ရေတိမ်သည့် နေရာမျိုးတို့၌ကြိုက်သလို မကျက်စား မပျော်မြူးနိုင်ကြဘဲ ယူဇနာပေါင်းရှစ်သောင်းလေးထောင် ဗောခိပင် နက်စောက် မဟာသမုဒ္ဒရာအလယ်ပိုင်းသို့ ရောက်မှသာ စိတ်နှောက်ကိုယ်ပါ ကျက်စားပျော်မြူးနိုင်သည်နှင့် တူပါသည်။

ဆိုသင့်ဆိုထိုက်၍ ဆိုလိုက်ဦးမည်၊ အနီး၌ ချောက်ကမ်းပါးရှိသောလမ်းဝယ် အဟုန် ပြင်းပြင်း သွားသော ယောကျ်ား

သည် လွတ်လွတ်လပ်လပ် မသွားနိုင်ဘဲ ကတ်သီးကတ်သပ် သွားနေရသကဲ့သို့ ထို့အတူ ဓမ္မသဂ်ဏ္ဍ စသော ကျမ်းတို့၌ သဗ္ဗညုတဉာဏ်တော်သည် အားရပါးရ လွတ်လွတ်လပ်လပ် မရှိ၊ လမ်းမကြီး၌ ပြေးသွားရသော ယောကျ်ားသည် လွတ်လွတ်လပ်လပ် မငြိုကပ်ဘဲ သွားရသကဲ့သို့ ထို့အတူ ပဋ္ဌာန်းကျမ်းဟူသော လမ်းမကြီး၌ သဗ္ဗညုတဉာဏ်တော်၏ သွားရခြင်းသည် မငြိမကပ် လွတ်လွတ်လပ်လပ် ရှိလှပေသည်ဟု ဆိုရပေမည်။

ထို့ကြောင့် ''နယနှင့် ဉာဏ၊ ဉာဏနှင့် နယ၊ သာဂရချင်း ညီမျှလျှင်ဖြင့် သုံးလောက တိုက်ခရိုင်မှာ ရောင်ခြောက်ဆိုင် ကွန့်မြူးလို့လေး''ဟု ဆိုသည့်အတိုင်းပင် မြတ်ဗုဒ္ဓ ခန္ဓာတော် ရုပကာယမှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ် ကွန့်မြူးလာပါတော့သည်။ ထို့ကြောင့် အလံတော်တင် ကေပိုဒ် ရတု၌ -

''ကျမ်းရင်းသတ္တမ၊ ပဋ္ဌာနလျှင်၊ အနန္တနယ၊ သာဂရနှင့်၊ ဉာဏသဗ္ဗည်၊ တူစုံယှဉ်ကြောင့်၊ ဝန်းကျင်နှံ့ထွေ၊ တန့်မနေဘဲ၊ ရောင်ခြည်တော် ခြောက်သွယ်၊ သောင်းတိုက်နယ်တွင်၊ အံ့ဖွယ်မခန်း၊ အံ့ဘနန်းမျှ၊ ထွက်မြန်းကွန့်မြူး''

ဟု ရေးသားခဲ့ပါသည်။

အခန်း (၅)

# အသံမစဲ

# မဟာပဋ္ဌာန်း ရွတ်ဖတ် ပူဇော်ပွဲ

## ၃၂။ သာဂရကြီး လေးမျိုး

ဤနေရာတွင် ပဋ္ဌာန်းကျမ်းကြီး၏ ထုထည်ပမာဏ နက်နဲကျယ်ဝန်းလှပုံကို သဘောပေါက် ခန့်မှန်း သိရှိနိုင်ရန် ပဋ္ဌာန်းကျမ်းနှင့် ပတ်သက်၍ လက်လှမ်းမီသမျှ တင်ပြပါဦးမည်။

ဤကမ္ဘာလောကကြီး အတွင်း၌ အကျယ်အဝန်းဆုံးဖြစ်သည့် အရာဌာနကြီး လေးမျိုးရှိ၏။ ယင်းတို့မှာ -

(၁) သံသာရသာဂရ - သံသရာပင်လယ်ကြီး၊

(၂) ဇလသာဂရ - ရေပင်လယ်ကြီး၊

(၃) နယသာဂရ-နည်းပင်လယ်ခေါ် ပဋ္ဌာန်းကျမ်းကြီး၊

(၄) ဉာဏသာဂရ - ဉာဏ်ပင်လယ်ခေါ် ဘုရားသခင်၏ သဗ္ဗညုတ ရွှေဉာဏ်တော်ကြီး -

တို့ ဖြစ်၏။ ယင်း သာဂရကြီး လေးမျိုးတို့တွင် ပဋ္ဌာန်းကျမ်းကြီးသည် အလွန် ကျယ်ဝန်းသည့် နယသာဂရကြီး အဖြစ် မှတ်တမ်းတင်ခြင်း ခံရပါသည်။

## ၃၃။ ပဋ္ဌာန်းဆိုတာ ဘာလဲ

မှန်ပါသည်။ သုံးလောကထွတ်တင် သဗ္ဗညုတဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်မှ ပရိနိဗ္ဗာန် စံ ဝင် ခါ နီး အထိ ၄၅-ဝါတိုင်တိုင် တရားတော် အမျိုးမျိုးကို ဟောကြားလမ်းညွှန်တော်မူခဲ့ပါသည်။

ထို တရားတော်များမှာ ပိဋကတ်အားဖြင့် သုတ္တန်ပိဋကတ်, ဝိနည်းပိဋကတ်, အဘိဓမ္မာ ပိဋကတ် ဟူ၍ ပိဋကတ်သုံးပုံ ရှိသည်။

နိကာယ်အားဖြင့် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, ခုဒ္ဒကနိကာယ်, အင်္ဂုတ္တရနိကာယ်, သံယုတ္တနိကာယ် ဟူ၍ နိကာယ် ငါးခု ရှိသည်။

ပဋ္ဌာန်းတရားတော်မှာ နိကာယ် ငါးခုတွင် ခုဒ္ဒကနိကာယ်၌ ပါဝင်၍ ပိဋကတ်သုံးပုံတွင်မူ အဘိဓမ္မာ ပိဋကတ်၌ ပါဝင်ပါသည်။

အဘိဓမ္မာပိဋကတ်တွင် ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်းစသည်ဖြင့် ကျမ်းပေါင်း (၇)ကျမ်း ရှိရာ ပဋ္ဌာန်းကျမ်းကြီးမှာ သတ္တမမြောက်ကျမ်း ဖြစ်ပါသည်။ ပဋ္ဌာန်းကျမ်းတွင် ပဋ္ဌာန်းပါဠိတော်သည် ဆဋ္ဌသင်္ဂါယနာတင်မူ ပါဠိတော် အုပ်ရေအားဖြင့် (၅)အုပ် ရှိပြီး စာမျက်နှာပေါင်း (၂၆၄၀)တိတိ ရှိပါသည်။ ထို့ကြောင့် ပဋ္ဌာန်းဆိုသည်မှာ သုတ်, ဝိနည်းတို့

ထက် အလွန် နက်နဲ ခက်ခဲသည့် အဘိဓမ္မာ တရားတော်ဖြစ်သည်ဟု အကျဉ်းချုပ် သိသားရန် ဖြစ်ပါသည်။

## ၃၄။ ပဋ္ဌာန်း အမည်ရပုံ

အဘိဓမ္မာ တရားတော်များကား သုတ္တန်တရား၊ ဝိနည်းတရားတော်များကဲ့သို့ လူ့ပြည်၌ (အကျယ်) ဟောကြားတော်မူသည့် တရားတော် မဟုတ်ပါ။ တာဝတိံသာ နတ်ပြည်၌ မယ်တော်မိနတ် အမှူးပြုကာ နတ်ဗြဟ္မာ အပေါင်းအား ဝါတွင်းသုံးလပတ်လုံး ဣရိယာပုတ် တစ်ခုတည်းဖြင့် အသံမစဲ ဆက်တိုက်ဟောကြားတော် မူခဲ့သည့် တရား ရှည် ကြီး တစ်ပုဒ်ဖြစ်ပါသည်၊

သို့ရာတွင် ဟောပုံဟောနည်း မတူဘဲ ကွဲပြားခြားနားရကား ဓမ္မသင်္ဂဏီနည်း၊ ဝိဘင်းနည်းစသော ဟောနည်း အားလျော်စွာ ကျမ်းပေါင်း (၇) ကျမ်းအထိ ကျယ်ဝန်းရှည်လျားခြင်း ဖြစ်ပါသည်။

ရှင်တော်ဗုဒ္ဓသည် ဓမ္မသင်္ဂဏီစသော အထက် အဘိဓမ္မာငါးကျမ်းတို့ဖြင့် ခန္ဓာ,အာယတန,ဓာတ်စသော ပရမတ္ထသစ္စာတရားနှင့် ပုဂ္ဂိုလ်သတ္တဝါစသော သမုတိသစ္စာတရားနှစ်ပါးတို့ကို အပြည့်အစုံ ဝေဖန်ဟောကြားပြီးနောက် သတ္တဝါဟူသော သတ္တလောကနှင့် ခန္ဓာ, အာယတန, ဓာတ်စသော သင်္ခါရလောကနှစ်ပါးတို့ အချင်းချင်း ဆက်သွယ်ကြပုံ၊ သုံး

ဆယ့်တစ်ဘုံဟူသော ဩကာသလောကနှင့် ထိုသတ္တလောက သင်္ခါရလောကနှစ်ပါးတို့ အချင်းချင်း ဆက်သွယ်တည်ရှိနေကြ ပုံတို့ကို ထို ခြောက်ကျမ်းမြောက်ဖြစ်သော ယမိုက်နည်းဖြင့် ဆက်လက် ဟောကြားတော်မူပါသည်။

ထို့နောက် ပုဂ္ဂိုလ်သတ္တဝါဟူသော သတ္တလောက သည်လည်းကောင်း၊ ရုပ်နာမ်တရားဟူသော သင်္ခါရလောကသည်လည်းကောင်း၊ သုံးဆယ့်တစ်ဘုံဟူသော ဩကာသလောကသည်လည်းကောင်း၊မည်သို့သောအကြောင်းကြောင့် ဖြစ်ပေါ်တည်ရှိနေကြသနည်း။ တန်ခိုးရှင်တစ်ဦးက ဖန်ဆင်း၍ ဖြစ်လာကြသလော၊ အကြောင်းမဲ့သက်သက် ဖြစ်လာကြသလောဟူသော ပြဿနာရပ်များကို ဖြေရှင်းရန် နောက်ဆုံး(၂၄)ပစ္စည်းပဋ္ဌာန်းနည်းဖြင့် အကြောင်းအကျိုး ဆက်စပ်ကာ နိဂုံးချုပ် ဟောကြားတော်မူပါသည်။

လောကသုံးပါးသည် တန်ခိုးရှင် ဖန်ဆင်းမှုကြောင့်လည်း ဖြစ်ပေါ်လာသည်မဟုတ်။ အကြောင်း ကင်း၍လည်း ဖြစ်ပေါ်လာသည် မဟုတ်။ "ရုပ်နာမ်တရားတို့ အချင်းချင်း ကြောင်းကျိုးဆက်ကာ ဖြစ်ပေါ်လာခြင်းဖြစ်သည်"ဟု ၂၄-မျိုးသော အကြောင်း ပစ္စည်းတရားတို့ကြောင့် ကြွင်းလေ့လာ လောကဓာတ်အတွင်းရှိ သဘောတရားတို့ဖြစ်ပေါ်တည်ရှိနေပုံကို အပြည့်အစုံ ဖော်ဖန်ရှင်းလင်း ဟောကြားသော နည်း ဖြစ်သည်။

## ၃၅။ ပဋ္ဌာန်းဟူသည်

ပဋ္ဌာန်းဟူသော ဝေါဟာရမှာ "ပဋ္ဌာန" ဆိုသည့် ပါဠိဝေါဟာရမှ ဆင်းသက်လာသော ပါဠိမြန်မာ ဝေါဟာရဖြစ်သည်။ အမျိုးမျိုး အစားစားသော အကြောင်းတရားဟု အဓိပ္ပာယ်ရသည်။ (ပ-အမျိုးမျိုး အစားအစားသော။ ဌာန၊ အကြောင်းတရား) ရုပ်နာမ်တရားအားလုံးတို့ ဖြစ်ပေါ်တည်ရှိနေခြင်း၏ အကြောင်းတရားအမျိုးမျိုးတို့ကို ဟောကြားတော်မူသော ကျမ်းဟု ဆိုလိုသည်။

## ၃၆။ အနန္တနယသမန္တပဋ္ဌာန်းကျမ်း

ပဋ္ဌာန်းဆိုသည်မှာ အတိုကောက်ခေါ်သော အမည်ဖြစ်၏။ နာမည်အပြည့်အစုံမှာ "အနန္တယ+သမန္တ+ပဋ္ဌာန်းကျမ်းကြီး" ဖြစ်ပါသည်။ အဆုံး အပိုင်းအခြားမရှိသော နည်းတို့ဖြင့် ထက်ဝန်းကျင် ပြည့်စုံသည့် ကျမ်းကြီးဟု အဓိပ္ပာယ် ရသည်။

အနန္တနယ၊ သမန္တ၊ ပဋ္ဌာန်းကျမ်းဟူသော အမည်တွင် သမန္တသဒ္ဒါသည် ထက်ဝန်းကျင်ဟူသော အဓိပ္ပာယ်၊ အလုံးစုံဟူသော အဓိပ္ပာယ်တို့ကို ပြဆိုသည်။ ပဋ္ဌာန်းကျမ်းသည် အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း-

(၁) ဓမ္မအနုလုံ

(၂) ဓမ္မပစ္စနိက်

(၃) ဓမ္မအနုလောမစ္စနိက်

(၄) ဓမ္မပစ္စနိယာနုလောမ

ဟူသော နည်းကြီး လေးမျိုး တို့ဖြင့် ထက်ဝန်းကျင်၌ ၆-ကျမ်းစီ အလုံးစုံပြည့်စုံပေသည်။ ထို့ကြောင့် အဋ္ဌကထာဆရာကြီးများက "သမန္တ" ဟူသော ဂုဏ်ပုဒ်ဖြင့် အထူးပြုကာ "သမန္တ ပဋ္ဌာန်းကျမ်း" ဟု ခေါ်ခဲ့ကြသည်။

ထက်ဝန်းကျင်ဆိုသည်မှာ ပဋ္ဌာန်းကျမ်း၏ အစ, အလယ်, အဆုံး နေရာအားလုံးဖြစ်၍ ပဋ္ဌာန်းကျမ်းကို အစ, အလယ်, အဆုံး မည်သည့်နေရာကကြည့်ကြည့် ထပ်ဖြည့်စရာ နှုတ်ပယ်စရာ မရှိ။ အားလုံး ဘက်စုံပြည့်စုံနေသည့် ကျမ်းဟု ဆိုလိုသည်။

အနန္တနယ ဟူသောပုဒ်သည် အဆုံး အပိုင်းအခြားမရှိသော နည်းဟု အဓိပ္ပာယ်ရသည်။ ပဋ္ဌာန်းကျမ်းသည်-

(၁) ပုဂ္ဂလာဝါရ စသောနည်း

(၂) ဓမ္မအနုလုံ စသောနည်း

(၃) ပဋိစ္စဝါရ စ[illegible]နည်း-

စသောနည်းတို့ဖြင့်သော် လည်း [illegible]ာင်း။

သို့မဟုတ် သုတ္တန္တဘာဇနီယ-သုတ္တန်ဝေဖန်နည်း၊ အဘိဓမ္မာဘာဇနီယ-အဘိဓမ္မာဝေဖန်နည်း၊ ပဥှာပုစ္ဆာ မေးဖြေနည်းတို့ဖြင့်သော် လည်းကောင်း၊ အဆုံးအပိုင်းအခြားမရှိ၊ ကမ်းမမြင် လမ်းမမြင် သမုဒ္ဒရာပြင်ထက်ပင် ကျယ်ဝန်း၍နေသောကြောင့် ဋီကာဆရာကြီးများက "အနန္တနယ ပဋ္ဌာန်းကျမ်း"ဟု အမည်ပေးကြပြန်သည်။

## ၃၇။ မဟာပကရဏ် ပဋ္ဌာန်းကျမ်းကြီး

ပဋ္ဌာန်းကျမ်းကို-

(၁) အနုလောမနည်း
(၂) ပစ္စနီယနည်း
(၃) အနုလောမ ပစ္စနီယနည်း
(၄) ပစ္စနီယာနုလောမနည်း

ဟူသော နည်းလေးမျိုးတို့ဖြင့် ဝေဖန်၍ ဟောတော်မူပါသည်။ ထိုတွင် တစ်နည်းတစ်နည်း သို့မဟုတ် တစ်ကျမ်းတစ်ကျမ်းမှာပင် ပဋ္ဌာန်း ၂၄-ပစ္စည်းကို အဘိဓမ္မာအားလုံး၏ အခြေခံဖြစ်သည့် တိက် ၂၂-တိက်၊ ဒုက် ၁၀၀-ဟူသော တိကမာတိကာ၊ ဒုကမာတိကာတို့၌ ထည့်သွင်းချထား၍ ဟောတော်မူပါသည်။ ထိုသို့ ဟောရာတွင်-

(၁) တိကပဋ္ဌာန်း

(၂) ဒုကပဋ္ဌာန်း

(၃) ဒုကတိကပဋ္ဌာန်း

(၄) တိကဒုကပဋ္ဌာန်း

(၅) တိကတိကပဋ္ဌာန်း

(၆) ဒုကဒုကပဋ္ဌာန်း

ဟူ၍ ၆-မျိုး ခွဲခြား၍ ဟောကြားတော် မူပြန်ပါသည်။

ထိုတွင်-

(၁) ၂၄-ပစ္စည်းကို တိက်တို့၌ ချသွင်း၍ ဟောရာကျမ်းကို တိကပဋ္ဌာန်း၊

(၂) ဒုက်တို့၌ ချသွင်း၍ ဟောရာကျမ်းတို့ကို ဒုကပဋ္ဌာန်း၊

(၃) ဒုက်တို့၌ တိက်တို့ကိုချသွင်း၍ ၂၄-ပစ္စည်းဖြင့် ဝေဖန်၍ ဟောရာကျမ်းကို ဒုကတိကပဋ္ဌာန်း၊

(၄) တိက်တို့၌ ဒုက်တို့ကိုချသွင်း၍ ထိုနည်းတူ ဟောရာကျမ်းကို တိကဒုကပဋ္ဌာန်း၊

(၅) တိက်တို့၌ တိက်တို့ကိုချသွင်း၍ ထိုနည်းတူ ဟောရာကျမ်းကို တိကတိကပဋ္ဌာန်း၊

(၆) ဒုက်တို့၌ ဒုက်တို့ကိုချသွင်း၍ ထိုနည်းတူ ဟောရာကျမ်းကို ဒုကဒုက ပဋ္ဌာန်းဟု အသီးသီး ခေါ်လေသည်။

ဤသို့လျှင် အနုလောမပဋ္ဌာန်း၌ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း စသည်ဖြင့် ပဋ္ဌာန်း ၆-ကျမ်း၊ ထို့အတူ ပစ္စနီယပဋ္ဌာန်း၊ အနုလောမ ပစ္စနီယပဋ္ဌာန်း၊ ပစ္စနီယာနုလောမ ပဋ္ဌာန်းတို့၌လည်း အသီးသီး ၆-ကျမ်းစီ ဖြစ်ရကား အားလုံးပေါင်းသော် ပဋ္ဌာန်း ၂၄-ကျမ်း ဖြစ်လေသည်။ ထို ၂၄-ကျမ်းတို့တွင် အစိတ်စိတ်ဖြစ်သော ကျမ်းတို့ကို ပဋ္ဌာန်းကျမ်းငယ်ဟု ခေါ်၍ ၂၄-ကျမ်း ပေါင်းကို မဟာပကရဏ (ကျမ်းကြီး) ဟု ခေါ်သည်။ ထို့ကြောင့် ပဋ္ဌာန်းကျမ်းကို ရည်ညွှန်း၍ ရေးသားရာ၌ အဋ္ဌကထာ ဆရာကြီးတို့သည် ''မဟာပကရဏ ပဋ္ဌာန်းကျမ်းကြီး'' ဟုလည်း သုံးနှုန်းကြလေသည်။

ယခုခေတ် ပညာရှင်များကမူ အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ ခေါ်ခဲ့ကြသော အမည်သုံးခုတို့ကို ပေါင်းစပ်၍ ''အနန္တနယ၊ သမန္တ၊ မဟာပကရဏ ပဋ္ဌာန်းကျမ်းကြီး''ဟု ခေါ်ဆိုကြလေသည်။ (အနန္တနယ-အဆုံး အပိုင်းအခြားမရှိသော နည်းတို့ဖြင့် သမန္တ-ထက်ဝန်းကျင် ပြည့်စုံသော။ မဟာပရဏပဋ္ဌာန-ပဋ္ဌာန်းကျမ်းကြီး)

## ၃၀။ နက်နဲကြီးကျယ် ကျမ်းပင်လယ်

ပဋ္ဌာန်းတရားတော်သည် နက်လည်း နက်လှန်းသည်။ ကျယ်လည်း ကျယ်ဝန်းသည်။ ပဋ္ဌာန်းတရားတော်၏ နက်နဲကြီးကျယ်ပုံကို လောက ဥပမာများဖြင့် ဖော်ပြရန် မလွယ်ကူလှပေ။ သို့သော် အနီးကပ်ဆုံး ခန့်မှန်းနိုင်ရန် ပင်လယ် သမုဒ္ဒရာနှင့် နှိုင်းယှဉ်လေ့ ရှိပါသည်။ ပဋ္ဌာန်းတရားတော်သည် ပင်လယ်သမုဒ္ဒရာကဲ့သို့ နက်လည်း နက်လှန်းသည်။ နည်းပေါင်းများစွာဖြင့် တန်ဆာဆင်ထားသဖြင့် ကျယ်လည်း ကျယ်ဝန်းပေသည်။

သို့ရာတွင် ပင်လယ်သမုဒ္ဒရာ၏ အနက်သည် အောက်ပထဝီမြေကြီးတွင် အဆုံးရှိသောကြောင့် တိုင်းတာလျှင် ရနိုင်သည်။ ပဋ္ဌာန်းတရားတော်၏ နက်နဲမှုကား သတ္တဝါတို့၏ ဉာဏ်ဖြင့် အဆုံးအထိ တိုင်းတာ၍ မရနိုင်။ ယုန်ငယ်ပမာသာ ဖြစ်နိုင်သည်။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ အဆုံးအထိ တိုင်းတာနိုင်သည်။

ထို့အတူ ပင်လယ်၏ အကြယ်အဝန်းသည်လည်း အဆုံးအစ မထင်။ ပင်လယ်ပြင်ဟု အဆိုရှိသော်လည်း ကမ်းတွင် အဆုံးသတ်ထားသောကြောင့် ပင်လယ်၏ အဆုံးကိုရှာလျှင် တွေ့နိုင်သည်။ ပဋ္ဌာန်းတရားတော်၏ အဆုံးကိုကား သတ္တဝါတို့၏ဉာဏ်ဖြင့် မမီနိုင်သောကြောင့် မည်သို့ပင်ဉာဏ်စွမ်းထုတ်၍ ရှာစေကာမူ တွေ့နိုင်မည် မဟုတ်ချေ။ ဤသို့ ပဋ္ဌာန်းတရားတော်

သည် ပင်လယ်သမုဒ္ဒရာထက် ပို၍ နက်လည်း နက်လှန်းသည်။ ကျယ်လည်း ကျယ်ဝန်းပေသည်။

## ၃၉။ မဟာဂတိဂမိယတိဿဒတ္တ မထေရ်

မှန်ပါသည်။ တစ်ခါက မဟာဂတိဂမိယတိဿဒတ္တမထေရ်သည် မဟာဗောဓိကို ဖူးမြော်ရန် ကျွန်းသီဟိုဠ်မှ ဇမ္ဗူဒိပ်သို့ စီလ္လမည်သော ပင်လယ်ခရီးဖြင့် သင်္ဘောစီး၍ ကြွတော်မူခဲ့ပါသည်။ သင်္ဘောပေါ်မှနေ၍ ရေကြမ်းပြင် ပင်လယ်၏အဆုံးကို မျှော်ကြည့်၏။ သို့သော် ဤမှာဘက်ကမ်းသည်လည်း လှမ်း၍ ပင် မမြင်တော့ချေ။ ထိုမှာဘက်ကမ်းလည်း ရမ်းဆ၍ မမြင်နိုင်ပေ။ ကမ်းမမြင် လမ်းမမြင် မျှော်လေတိုင်း ရေလှိုင်းတို့သာ ထင်နေသည့်အတွက် ငွေဘန်းကျမ်းနှင့် ပင်လယ် ဘယ်သင်းက ကျယ်ဝန်းသလဲ''ဟု ပဋ္ဌာန်းနှင့် ပင်လယ်ပြင်ကို နှိုင်းယှဉ်ကာ ကြံစည် တွေးကြည့်မိ‌လေသည်။

နောက်ဆုံး ထိုသို့ စိတ်ထဲမှာ တွေးလျက်နေစဉ်မှာပင် ဆိပ်ကမ်းကို မြင်ရလေတော့သည်။ ဒီတော့မှ ''ပင်လယ်ဟူသည် အောက်ခြေတွင် မြေပြင်ဖြင့် ပိုင်းခြား၍ အထက်အဖို့တွင် လေဟာပြင်ဖြင့် အနားကွပ်သည်။ တစ်ဘက်တွင် စက္ကဝါဠတောင်တန်းဖြင့် ဧါးပန်းသတ်၍ အခြားတစ်ဘက်တွင် ဆိပ်ကမ်းဖြင့် နခမ်းသတ်ရမြဲသာ ဖြစ်လေသည်။

ပဋ္ဌာန်းကျမ်းကြီးသည်ကား ထက်အောက်ဝဲယာ ဘယ်မှာမှ ဆုံးခန်းပိုင်းခြား ကာလနားသတ်မှတ်ချက်ဟူ၍ မရှိ၊ နက်နဲကျယ်

ပြောလှဘိတကားဟု ပဋ္ဌာန်းတရားသဘော တွေးတောသက်ဝင် ဆင်ခြင်သုံးသပ်လျက် ဖြစ်ပေါ်လာသော နူးညံ့သိမ်မွေ့သော ဓမ္မာရမ္မဏ ပီတိကိုခွာ၍ ဝိပဿနာရှုမှတ်ပွားများလေရာ သဘောပေါ်မှာပင် ကိလေသာစင်၍ ရဟန္တာဖြစ်သွားခဲ့ဖူးလေသည်။

## ၄၀။ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ

ဤကဲ့သို့ သီဟိုဠ်နိုင်ငံသား မဟာဂမိယတိဿဒတ္တ မထေရ်ကြီးအား တစ်ထိုင်တည်း၌ပင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်ခြင်း၊ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏ ခန္ဓာတော် ရုပ်ကာယမှ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူး ထွက်ပေါ်လာစေနိုင်ခြင်း စသည့် အာနုဘော် အစွမ်းသတ္တိများရှိသော အနန္တနယသမန္တမဟာပကရဏ ပဋ္ဌာန်းတရားတော်ကြီးကို မြတ်စွာဘုရား ဟောကြားတော်မူစဉ်က အသံမစဲ နေ့ညဉ့်မပြတ် ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ အသံမစဲ ရွတ်ဖတ်ပူဇော်ကြခြင်း ဖြစ်ပါသည်။

ထင်ရှားစေဦးအံ့၊ သုံးလောကထွတ်ထား၊ သဗ္ဗညုတဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ညနေပိုင်း၌ သာဝတ္ထိပြည်အနီး ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်အနီး၌ တိတ္ထိတို့ကို နှိမ်နင်းတော်မူရန် ရေမီးအစုံစုံ တန်ခိုးပြာဋိဟာပြပွဲကြီးကို အဆန်းတကြယ် ဖန်ဆင်း ပြသတော်မူပါသည်။ ထိုနေ့ တန်ခိုးပြာဋိဟာပြပွဲကြီးအပြီးတွင် နတ်မယ်တော်အာ

အဘိဓမ္မာ တရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်ရန် ခြေလှမ်း နှစ်လှမ်း သုံးဖဝါးတည်းဖြင့်ပင် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူ၍ ခုနစ်ဝါမြောက် ဝါကပ်တော်မူပါသည်။

တာဝတိံသာနတ်ပြည်ဝယ် ပင်လယ် ကသစ်ပင်အနီး ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကြီးပေါ်၌ နေမင်းကြီးသဖွယ် တင့်တယ်စွာ ထက်ဝယ်ဖွဲ့ခွေ သီးတင်းသုံး စံနေတော်မူလျက် သန္တုဿိတမည်သော နတ်မယ်တော် အမှူးရှိသည့် စကြာဝဠာပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်ရှိလာကြသော နတ် ဗြဟ္မာအပေါင်းအား အဘိဓမ္မာ တရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညဉ့်မစဲ အမြဲ ဟောကြားတော်မူပါသည်။

သဗ္ဗညုတ မြတ်စွာဘုရားသည် နတ်ပြည်၌ ဝါဆိုတော်မူသော်လည်း လူ့ပြည်က အချိန်ကာလကို ကောင်းစွာ သိတော်မူပါသည်။ သို့ဖြစ်၍ တရားဟောတော်မူနေရင်းပင် ဆွမ်းစားချိန်ရောက်သည့်အခါ မိမိ၏ ကိုယ်တော်စား နိမ္မိတ ရုပ်ပွားတော်တစ်ဆူကို တူညီအောင် ဖန်ဆင်းတော်မူ၍ "သက်န်းတော်ကို ကိုင်ပုံ၊ အသံထားပုံ၊ သီတင်းသုံး နေထိုင်ပုံတို့သည် ညီပုံညီနည်း ဖြစ်ရမည်၊ အဘိဓမ္မာတရားတော်ကို ညီ၍ ညီမျှ ဟောရစ်ရမည်" ဟု အမိန့်ဩဝါဒ် ပြုတော်မူပါသည်။

ထို့နောက် သပိတ်သက်န်းတို့ကို ယူတော်မူကာ အနော တတ်အိုင်သို့ ကြွဆင်းတော်မူလာပါသည်။ ထိုအနောတတ်အိုင်

၌ ဒန်ပူဝါးခြင်း၊ ရေသပ္ပာယ်ခြင်း အမှုတို့ကို ပြုတော်မူပြီး နောက် သင်္ကန်းတော်ကို ရုံတော်မူကာ ဥတ္တရကုရုခေါ် မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူပါသည်။ ဆွမ်းခံရာမှ ပြန်ကြွလာ သည့်အခါ အနောတတ်အိုင်ကမ်းနားဌ ဆွမ်းဘုဉ်းပေးတော် မူပြီးနောက် နေ့အခါ သီတင်းသုံးတော်မူရန် စန္ဒကူးတောသို့ ကြွတော်မူပါသည်။

ထိုအချိန်တွင် တရားစစ်သူကြီးဖြစ်တော်မူသော လက်ယာ တော်ရံ တပည့်ကြီး အရှင်သာရိပုတ္တရာ မထေရ်သည် စန္ဒကူး တောသို့ ကြွရောက်တော်မူလာပြီး ဘုရားရှင်အား ဝတ်ကြီး ဝတ်ငယ် ပြုစုတော်မူ၏။

ထိုအခါ ဘုရားရှင်က-

"ချစ်သား သာရိပုတ္တရာ ငါသည် တာဝတိံသာ နတ်ပြည်၌ ဤမျှသော အဘိဓမ္မာတရားတော်ကို ဟော ကြားတော် မူခဲ့ပေသည်" ဟု နည်းပေးသောအားဖြင့် အကျဉ်းချုပ် ထပ်ဆင့် ဟောကြားတော်မူပါသည်။

အရှင်သာရိပုတ္တရာသည်လည်း မြတ်စွာဘုရားက နည်းပေး ဟောကြားတော် မူလိုက်သည့်အခါ သမုဒ္ဒရာကို တစ်နေရာက နေ၍ လက်ညှိုးညွှန်ပြလိုက်လျှင် သမုဒ္ဒရာတစ်စင်းလုံးကို သိရ သကဲ့သို့ ဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်များကို နည်းပေါင်း ရာထောင် သိန်းသောင်းတို့ဖြင့် တန်ဆာဆင်၍ သိမြင်တော်မူသည်။

လက်ယာတော်ရံတပည့်ကြီး အရှင်သာရိပုတ္တရာအား အဘိဓမ္မာတရား နည်းပေး ဟောကြားပြီး မည်သည့် အချိန်တွင် တာဝတိံသာနတ်ပြည်သို့ ပြန်ကြွသနည် ဟူမူ သဗ္ဗညုမြတ်စွာဘုရားသည် လူ့ပြည်တွင် သီတင်းသုံးတော်မူစဉ်က ကျောင်းတော်သို့ ရောက်လာကြသည့် သာဝတ္ထိ ပြည်သူပြည်သားတို့အား တရားဟောကြားသည့်အချိန် တစ်ချိန်ရှိပါသည်။ ထိုအချိန်တွင် သဗ္ဗညု မြတ်စွာဘုရားသည် အဘိဓမ္မာတရားကို ဆက်လက် ဟောကြားရန် တာဝတိံသာနတ်ပြည်သို့ ပြန်လည်ကြွသွားတော်မူပါသည်။

ပကာတိဘုရားရှင်နှင့် နိမ္မိတဘုရားရှင်နှစ်ဆူတို့မှာ ရောင်ခြည်တော်ကွန့်မြူးပုံ၊ အသံတော်သာယာပုံ၊ စကားသုံးနှုန်းပုံတို့၌ မထူးခြား တသားတည်း နေသောကြောင့် သဗ္ဗညုမြတ်စွာဘုရား လူ့ပြည်သို့ ကြွသွားခြင်းကိုသော် လည်းကောင်း၊ နတ်ပြည်သို့ ပြန်ကြွလာခြင်းကိုသော်လည်းကောင်း အစောင့်အဘန်တန်ခိုးကြီးသည့် နတ်ဗြဟ္မာတို့သာ သိကြပေသည်။

ဤသို့ သဗ္ဗညုမြတ်စွာဘုရားသည် ပဌာန်းဒေသနာနှင့်တကွ အဘိဓမ္မာ (၇) ကျမ်းကို ဝါတွင်းသုံးလပတ်လုံး နေ့ရောညဉ့်ပါ အသံမစဲ နတ်ဗြဟ္မာတို့အား ဟောကြားတော် မူခဲ့ပါသည်။ အဘိဓမ္မာတရားတော် ဆိုသည်မှာ တရားရှည်ကြီး တစ်ပုဒ်ဖြစ်၍ အဘိဓမ္မာတရားတော်ကို အစမှ အဆုံးတိုင်အောင် ဆက်တိုက်ကြားနာရမှ နားလည် သဘောပေါက်နိုင်၏။ တစ်ပိုင်းတစ်စ

ဟောခြင်း၊ နာခြင်းတို့ဖြင့် နားလည် သဘောမပေါက်နိုင်။ ထို့ကြောင့် အသံမစဲ နေ့ရောညဥ့်ပါ ဆက်တိုက် ဟောကြား တော်မူခြင်း ဖြစ်ပါသည်။ ယင်းသို့ ဘုရားရှင် အသံမစဲ ဆက်တိုက် ဟောကြားတော်မူသည်ကို အကြောင်းပြု၍ ပဋ္ဌာန်း တရားတော်ကြီးကို အသံမစဲ ရွတ်ဖတ်ပူဇော်ကြခြင်းပင် ဖြစ်ပါသည်။

၄၁။ အဋ္ဌကထာဆရာ မှတ်ချက်

ထို အနန္တနယ၊ သမန္တ၊ မဟာပကရဏ ပဋ္ဌာန်တရားတော်ကြီးကို သဗ္ဗညု မြတ်စွာဘုရားသည် တာဝတိံသာ နတ်တို့ အရေအတွက်အားဖြင့် (၃)မိနစ် (၃၆)စက္ကန့်သာသာ၊ လူတို့ အရေအတွက်အားဖြင့် ရက်ပေါင်း (၀၉)ရက်၊ ဝါတွင်းသုံးလ ပတ်လုံး ဟောကြားတော်မူရာ ယင်း ပဋ္ဌာန်း ကျမ်း ကြီး ကို အသံမစဲ မနားတမ်း ဆက်တိုက် ရွတ် ဖတ် မည် ဆို လျှင် နာရီ ပေါင်း ၁၃၂-နာရီ။ ရက်အားဖြင့် (၅)ရက်နှင့် ၁၂-နာရီ ရွတ်ဖတ်ရပါမည်။ ပေယျာလမြှုပ်ကွက်တွေကို ဖော်ပြီး ရွတ် ဖတ်မည်ဆိုလျှင် တစ်သက်လုံး ရွတ်ဖတ်၍ ဆုံးနိုင်မည်မဟုတ် ပါချေ။ မှန်ပါသည်။

– ဂါထာပေါင်း တစ်သောင်း ငါးထောင် ပုဒ် ပေါင်း ခြောက်သောင်းတို့ကို စင်လျက် တစ်ခဏချင်း သင်ယူပို့ချ ဟောပြနိုင်စွမ်း ရှိတော်မူသော မိုးသီး

မိုးပေါက်ကိုပင် ရေတွက်နိုင်သည့်ဉာဏ် ရှိတော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ တေဒဂ်ငါးတန် ဘွဲ့ထူးခံသော ညီတော် အရှင်အာနန္ဒာမထေရ်မြတ်ကြီးသော်မှလည်း ဤ ပဋ္ဌာန်း ကျမ်းကြီးကို ဘဝပေါင်း အရာ အထောင်ပတ်လုံးပင် ပြီးဆုံးအောင် သရဇ္ဈာယ် ရွတ်ဖတ်ခြင်းငှာ မတတ်နိုင်ကြောင်း၊

- ပဋ္ဌာန်းကျမ်းကြီးသည် ပါဠိတော် အနေအားဖြင့်ပင် အဆုံး အပိုင်းအခြားမရှိ၊ အတိုင်းအရှည်လည်းမရှိ၊ ထိုပဋ္ဌာန်းကြီး၏ ပုဒ်အစဉ်အားဖြင့် အနက်အဓိပ္ပာယ်တို့ကို ကုန်စင်အောင်ဖွင့်မည်ဟု ကြံစည်ကြိုးစား အားထုတ်ခဲ့လျှင် (ထိုသူ၏) အသက်တမ်းသာ ကုန်ဖွယ်ရာရှိကြောင်း -

တို့ကို အဋ္ဌကထာ ကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်က မှတ်ချက်ချထားခဲ့သည်ကို တွေ့ရလေသည်။

၄၂။ ပဋ္ဌာန်း သိပ္ပံ

တစ်ဖန် အဆိုပါ ပဋ္ဌာန်းကျမ်းကြီး၏ ထုထည် ပမာဏကို သိပ္ပံနည်းကျကျ တွက် ချက် ကြည့် မည် ဆိုလျှင်လည်း ပဋ္ဌာန်း တရားတော်ကို အမေး - အဖြေ နည်းဖြင့် ဟောထားသည့် အနက် အမေး ပုစ္ဆာတစ်ခုခုကိုပင် မေးခွန်းပုစ္ဆာပေါင်း ၄၀၄၊

၉၄၀၊ ၅၃၃၊ ၂၄၀ (ကုဋေပေါင်း လေးသောင်း လေးရာ ကိုးဆယ့်လေး ကုဋေ နှင့် ရှစ်သန်း ငါးသိန်း သုံးသောင်း သုံးထောင် နှစ်ရာ လေးဆယ့်ရှစ်)တိတိ ရှိပါသည်။ သို့သော် ဤ ကိန်းဂဏန်းကြီးများတွင် အဖြေဝိသဇ္ဇနာအတွက် ဂဏန်း များ မပါရှိသေးပါ၊ အမေး ပုစ္ဆာအတွက် သက်သက်မျှသာ ဖြစ်ပါသည်။

ဥပမာအားဖြင့် စာတစ်မျက်နှာလျှင် စာကြောင်းရေ(၃၀) ရှိသည့် စာမျက်နှာ (၄၀၀)ကို တစ်အုပ်ထားပြီး ရိုက်နှိပ်မည် ဆိုလျှင် ပဋ္ဌာန်း ပါဠိတော် အုပ်ရေ သုံးသန်းကျော် ရိုက်နှိပ်ရ ပါလိမ့်မည်။ ဒါတောင် အမေးပုစ္ဆာ အတွက်သာ ဖြစ်ပါသည်။ အဖြေ ဝိသဇ္ဇနာပါတွက်လျှင် စာအုပ်ရေ ဘယ်၍ ဘယ်မျှဟု ဂဏန်းချပြဖို့ပင် မလွယ်ကူကြောင်း တွက်ချက် ပြထားကြ ပါသည်။

အဋ္ဌကထာ၌ပြသော နည်းအတိုင်း ဇာတ်၊ ကာလ၊ ဘုံ၊ သန္တာန်၊ ခန္ဓာ၊ အာယတန၊ သမ္ပယုတ္တ စမ္မများဖြင့် ပယ်ျာ ဖြန့်ခင်း၍ ထပ်ဆင့် ဝေဖန်ရသော် အနန္တနယ အဖြစ်သာ ထင်ရှား နိုင်ပါသည်။

## ၄၃။ ရသေ့ကြီး ဦးခန္တီ

မြန်မာနိုင်ငံတွင် လွတ်လပ်ရေး မရမီ ဗြိတိသျှ အစိုးရလက် ထက် အလွန်ထူးခြားသည့် ရသေ့ကြီး ဦးခန္တီသည် ဗုဒ္ဓ

ဘာသာဝင် ရဟန်းရှင်လူတွေ သိကြပါစေတော့ဆိုတဲ့ ရည်ရွယ်ချက်စေတနာနှင့် ပဋ္ဌာန်းတရားတော်ကြီးကို ဘုရားဟောသည့်အတိုင်း ပေယျာလမြှုပ်ကွက်ပါ မချန်ဘဲ အပြည့်အစုံ ပုံနှိပ်ထုတ်ဝေဖို့ ကျိုးစားခဲ့ဖူးပါသည်။ ယင်း အကြောင်းကို မစိုးရိမ် ဆရာတော်ဘုရားကြီးအား လျှောက်ထား မေးမြန်းရာ ....

> ''ရသေ့ကြီး၏ စေတနာသဒ္ဓါတရားကို ဆရာတော်များ လေးစားပါသည်။ ဘုရားဟော ပိဋကတ်များသည် အလွန်များပြားကျယ်ဝန်းလှ၍ တခြားကျမ်းဂန်တွေကို မပြောလိုသေးပါဘူး၊ ပဋ္ဌာန်းကျမ်းကြီးတစ်ဆူကိုပင် ပေယျာလမြှုပ်ကွက်မထားဘဲ ဘုရားဟောသည့်အတိုင်း အပြည့်အစုံ ဖော်ပြပြီး ရိုက်နှိပ်မည်ဆိုလျှင် နိုင်ငံခြား တိုင်းပြည်တွေမှာရှိတဲ့ စက္ကူ အားလုံးယူပြီး ရိုက်တောင် ကုန်နိုင်ဖွယ်ရာ မရှိပါဘူး''

ဟု ရှင်းလင်းပြောပြပါသည်။ ဤတွင်မှ သဘောပေါက်ပြီး ရသေ့ကြီး ဦးခန္တီသည် လက်လျှော့သွားသည်ဟု ဆိုပါသည်။

၄၄။ ကျမ်းကြီး ပဋ္ဌာန်း

ဤမျှလောက်ဆိုလျှင် ပဋ္ဌာန်း ကျမ်းကြီး၏ နက်နဲကျယ်ဝန်းလှပုံ ထုထည် ပမာဏ ကြီးမားလှပုံတို့ကို ရေပွက်၏ အဟုန်ကို

မြင်က ရေဥ်ကျက်စား ရေပျော်ငါး၊ ရေဥ် ကြီးထွားသော ငါး၏အကြီးအငယ်ပမာဏကိုဆ၍ သိရသော ကာရိယာနုမာန နည်းအားဖြင့် ခန့်မှန်း သိနိုင်လောက်ပေပြီ။ ထို့ကြောင့်- "ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓာတုကထာ" ဟူ ဆရာစဉ်ဆက် မြွက်ခဲ့သော ဥဒါန်းစကားအတိုင်းပင်ဖြစ်၍ "အနန္တနယ, သမန္တ ,မဟာပကရဏ ပဋ္ဌာန်းကျမ်းကြီး" ဟူ ခေါ်ဆိုကြလေသည်။

အခန်း (၆)

# သဗ္ဗညုတ ရွှေဉာဏ်တော်

## ၄၅။ သဗ္ဗညုတ ရွှေဉာဏ်တော်

ဉာဏ်တံခွန် သဗ္ဗညု။
မှတ်ရှုကြ လောကီမှန်။
ခပ်သိမ်းခါ ယှဉ်မရှိတယ်။
မှန်ဘိကေန်။
ဆင်ခြင်ပြန်၊ ရွှေဉာဏ်ထိန်လင်း၊
ဍေယျမ်၊ စုံငါးတန် အကုန်သိတယ်။
ဗောဓိသနင်း။ ။

(ပွဲသိမ်ကြီး-အရှင်အရိယဝံသ)

ထိုအခက်ခဲဆုံး နယသာဂရဖြစ်သော ဤအနန္တနယ၊ သမန္တ မဟာပကရဏပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင် သက်ဝင် လှုပ်ရှား ကျက်စားရမှာတော့ အထက်မြက်ဆုံး ဉာဏသာဂရ ဖြစ်သော သဗ္ဗညုတ ရွှေဉာဏ်တော်ကြီးပင် ဖြစ်၏။

မှန်၏။ သိဖွယ်ရှိသမျှ ဍေယျတရားအလုံးစုံတို့ကို အကုန် အစင် သိမြင်သော ဉာဏ်တော်မြတ်ကို ''သဗ္ဗညုတဉာဏ်'' ဟု ခေါ်၏။ (သဗ္ဗ-အလုံးစုံကို၊ ညုတ-သိနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း ဉာဏ်တော်)

ဤသဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိမှသာလျှင် ဗုဒ္ဓဘွဲ့ကို ခံယူရရှိနိုင်လေသည်။ ဤဉာဏ်တော်ဖြစ်သော ဝေနေယျ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကာမသုခ-(လူနတ်ဗြဟ္မာ) ဟူသော ဘုံစဉ်စံ ကာမဂုဏ် ချမ်းသာနှင့် ကာမဂ္ဂသုခ-(လူနတ်နိဗ္ဗာန်) ဟူသော ဘဝ လွတ်မြောက်မှု နိဗ္ဗာန်ချမ်းသာ အကျိုးစီးပွားများ ကို ဆောင်ရွက်နိုင်ပေသည်။ ဤဉာဏ်တော်ကို ရရှိရန်မှုကား မလွယ်ကူပေ။ တကယ်ဆိုသော် ပဲ့လှော်ပဲ့စီး၊ ဤဝန်ကြီးကို မငြီးမငွေ့၊ လျော့မမှုမမှု၊ ကိုယ်ထူကိုယ်ထ၊ လုံ့လရှေးရှေး၊ နှိုးဆော်ရေးဖြင့်၊ လေးသင်္ချေနှင့်ကမ္ဘာ တစ်သိန်း ဒါနစသော ပါရမီတော်များကို ဖြည့်ကျင့်ဆည်းပူးရသည်ဖြစ်၍ အလွန် ခက်ခဲလှပေသည်။ ခက်ခဲသည်နှင့်အမျှ ပါရမီဖြည့်၍ ဗုဒ္ဓဘွဲ့ကို ရရှိတော်မူကြပါသည်။ ရရှိတော်မူကြသောအခါလည်း ဉာဏ်တော်တို့၏ လျင်မြန်စူးရှ ထက်မြက်လှသော ဘက်စုံမြင် (သမန္တစက္ခု) သဗ္ဗညုတ ဉာဏ်တော်ဂုဏ်ဖြင့် ကုံလုံပြည့်ဝကြရပေသည်။

## ၄၆။ သဗ္ဗညု။ ဗုဒ္ဓ

ဗုဒ္ဓသည် ထိုသဗ္ဗညုတဉာဏ်ဖြင့်သာ ဆင်ခြင်၍ ဆင်ဆင်၍ သင်္ခါရ-ဝိကာရ-လက္ခဏာ-နိဗ္ဗာန်-ပညတ်ဟူသော ဉေယျတရားတို့တွင် တစ်ပါးစီ တစ်ပါးစီ သိနေခိုက်ဟူင်လည်းဖြစ် ၍ အလို

တော်မရှိ၍ မဆင်ခြင်၍ မသိသော အခိုက်တွင်လည်းဖြစ်စေ၊ အလုံးစုံကို သိသူ–သဗ္ဗညု ဟူသောအမည်ကို မစွန့်ပေ။ ဥပမာအားဖြင့်သော်ကား စည်းစိမ်ဥစ္စာတို့ဖြင့် ကုံလုံကြွယ်ဝသော သူဌေးတစ်ဦး၏နေအိမ်သို့ ဧည့်သည်တစ်ဦး အချိန်အခါမဲ့ ရောက်လာ၏။ ထိုဧည့်သည်သည် ထမင်းကျွေးထိုက်သူ ဖြစ်သည့်အပြင် ဆာလောင်မွတ်သိပ်နေသူလည်း ဖြစ်၏။ ထို့ကြောင့် ထမင်းကို စီမံ ချက်ပြုတ်ရပြန်၏။

ထိုဧည့်သည်အား ရောက်လျှင် ရောက်ချင်း ထမင်းပွဲရှေ့ ရောက် မကျွေးနိုင်ပါ။ ထိုမျှ ထမင်းဘောဇဉ် ချို့တဲ့နေကာမျှဖြင့် ထိုသူဌေးကို "ဥစ္စာမရှိသူ၊ ဆင်းရဲသူ"ဟု မခေါ်ထိုက်သကဲ့သို့ ထို့အတူပင် ဉာဏ်တော်၌ ဆင်ခြင်မှုဟူသော ချို့တဲ့ကာမျှဖြင့် ဗုဒ္ဓကို "တရားအလုံးစုံ သိသူ = သဗ္ဗညု မဟုတ်"ဟု မဆိုနိုင်ပါပေ။ ထို့ကြောင့် ဉေယျတရားအလုံးစုံကို အလိုတော်ရှိ၍ ဆင်ခြင်ပါက အတားအဆီး အပိတ် အပင်မရှိ သိစွမ်းနိုင်သော ဓမ္မဓာတ်သည် ရှိနေပြီးဖြစ်ရကား ယင်းဉာဏ်၏တည်ရာ ဗုဒ္ဓကို "သဗ္ဗညု ဗုဒ္ဓ–သဗ္ဗညုဘုရား"ဟူသော အမည်တော်ကို ရတော်မူခြင်း ဖြစ်ပေသည်။

၄၇။ သဗ္ဗညု ငါးမျိုး

ယင်းသဗ္ဗညုသည်–

(၁) အစဉ်အားဖြင့် အလုံးစုံ သိသူ–ကမသဗ္ဗညု၊

(၂) တစ်ကြိမ်တည်းဖြင့် အလုံးစုံသိသူ–သကိံသဗ္ဗညု၊

(၃) အမြဲမပြတ်အားဖြင့် အလုံးစုံသိသူ-သတတသဗ္ဗညု၊

(၄) အစွမ်းသတ္တိဖြင့် အလုံးစုံသိသူ-သတ္တိသဗ္ဗညု၊

(၅) သိဖွယ်တရားကို အလုံးစုံသိသူ-ဉာတသဗ္ဗညု၊

အားဖြင့် ငါးမျိုး ရှိသည်။

ယင်းငါးမျိုးတို့တွင် ဗုဒ္ဓ ရရှိပိုင်ဆိုင်သော သဗ္ဗညုသည် ကား "ဉာတသဗ္ဗညု" သာ ကေန်ဖြစ်ပါသည်။ အခြားသော ကမ၊ သကို၊ သတတ၊ သတ္တိသဗ္ဗညုတို့ကား ဗုဒ္ဓနှင့် လုံးဝ မသက်ဆိုင်ပါချေ။

**၄၈။ သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသတ္တိ သုံးပါး**

ဗုဒ္ဓရရှိတော်မူသော သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသတ္တိ သည်ကား သုံးပါးရှိပါသည်။ ယင်းတို့ကား-

(၁) အလုံးစုံသော ဉေယျဓမ္မတရားတို့၏ ဟုတ်မှန်သော သဘောကို သိခြင်းငှာ စွမ်းနိုင်ခြင်း၊

(၂) ဉေယျဓမ္မတရားတို့၏ ဟောအပ်သော အပြားကို သိခြင်းငှာ စွမ်းနိုင်ခြင်း၊

(၃) သစ္စာလေးပါး တရားတို့ကို သိစေအပ်ကုန်သော ပုဂ္ဂိုလ်တို့၏ အလိုနှလုံးသွင်း စသည်တို့ကို ထင်စွာ ပြုခြင်းငှာ၊ သိခြင်းငှာ စွမ်းနိုင်ခြင်းတို့ ဖြစ်ပါသည်။

## ၄၉။ ဉေယျဓမ်တရား ငါးပါး

ယင်း သဗ္ဗညုတ ဉာဏ်တော်၏ သိစွမ်းနိုင်သော အသိခံ တရားတို့ကား ဉေယျဓမ်တရား ငါးပါးဖြစ်ပါသည်။ ယင်းတို့မှာ သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်ဟူ၍ ငါးပါး အပြားရှိပါသည်။ ယင်းတို့၏ သရုပ် အဓိပ္ပာယ်ကား -

(၁) စိတ်စေတသိက် ဟူသော နာမ်တရား (၅၃)ပါးနှင့် နိပ္ဖန္နရုပ် (၁၈)ခုသည် သင်္ခါရမည်၏၊

(၂) ကာယဝိညတ်, ဝစီဝိညတ်, လဟုတာ, မုဒုတာ, ကမ္မညတာ ဟူသော-ဝိကာရ (၅)ခုသည် ဝိကာရ မည်၏။

(၃) ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဟူသော လက္ခဏာရုပ် (၄)ခုသည် လက္ခဏာ မည်၏၊

(၄) သန္တိပဒခေါ် ငြိမ်းအေးမှု ဓာတ် တစ်မျိုး သည် နိဗ္ဗာန် မည်၏။

(၅) လူ နတ် ဗြဟ္မာ ရေ မြေ တော တောင် စသော ထိုထို ခေါ်ဟာရသည် ပညတ်မည်၏။

ဤ ငါးပါးသော တရားတို့ကို သိအပ် သိသင့် သိထိုက်သော ကြောင့် ဉေယျဓမ်တရားဟု ခေါ်ဆို၏။

## ၅၀။ သဗ္ဗညုတဉာဏ် အခါခပ်သိမ်း ဖြစ်-မဖြစ်၊ ရှိ-မရှိ

ဗုဒ္ဓသည် ကျိန်းစက် (အိပ်ပျော်) နေတော်မူသောအခါ၊ နိရောဓသမာပတ် ဝင်စားနေတော်မူသောအခါ၊ ဖလသမာပတ် ဝင်စားနေတော်မူသောအခါတို့နှင့် ဗုဒ္ဓအား လိုက်သည့်အား လျော်စွာ ဖြစ်ခွင့်ရှိသော အခြားသော စက္ခုဝိညာဉ်စသော ဝိပါက် အဗျာကတစိတ်တို့ ဖြစ်နေသော အခါတို့လည်း ရှိကြ ပါသေးသည်။ ထို့ကြောင့် ဗုဒ္ဓ၏ သန္တာန်၌ သဗ္ဗညုတဉာဏ် သည် အခါခပ်သိမ်း အမြဲမပြတ် ဖြစ်နေသည် မဟုတ်ကြောင်း၊ ရှိနေသည် မဟုတ်ကြောင်း အလွန်ပင် သိသာထင်ရှားလှပါ သည်။

## ၅၁။ မဆင်ခြင်ဘဲ သဗ္ဗညုတဉာဏ်ဖြင့် အလုံးစုံကို သိ-မသိ

ဗုဒ္ဓသည် မဆင်ခြင်ဘဲ သဗ္ဗညုတ ဉာဏ်ဖြင့် အလုံးစုံကို သိတော်မမူပါ၊ မှန်ပါသည်။ တစ်နေ့သ၌ ပဥ္စသာလခေါ်သော ပုဏ္ဏားရွာသို့ ဗုဒ္ဓသည် သပိတ်တော်ပိုက်၍ ဆွမ်းခံဝင်ခဲ့ပါသည်၊ ထိုရွာရှိလူများကို မာရ်နတ်၏ ပူးဝင် နှောင့်ယှက်ထားမှု ကြောင့် ဗုဒ္ဓအား၊ ဆွမ်း တစ်နှန်း တစ်ယောက်မျှ ရရှိတော် မမူဘဲ ဆေးကြောပြီး သပိတ်နှင့်ပင် ရွာပြင်သို့ ထွက်တော်မူခဲ့ ရပါသည်။ ထိုအခါ မာရ်နတ်သည် ဗုဒ္ဓအနီးသို့ ချဉ်းကပ်၍ "ရှင်ရဟန်း၊ ဆွမ်းရပါ၏လော" ဟု မေးခဲ့သည်။ ထိုအခါမှ ဗုဒ္ဓသည် သဗ္ဗညုတ ဉာဏ်တော်ဖြင့် မာရ်နတ်ဟာ ပူးဝင်နှောင့်

ယှက်ထားကြောင်း သိတော်မူရပါသည်။ ထိုနေ့အဖို့ ဗုဒ္ဓရှင်တော်မှာ အာဘာဿရာပြဟ္မာ တို့ကဲ့သို့ ပီတိ တည်းဟူသော အစာဖြင့်သာ မျှပေါ်မူရှာလေသည်။

ဗုဒ္ဓသည် မူလက မာရ်နတ် လှည့်ပတ်ထားသည်ကို သိတော်မမူဘဲ ရွာတွင်းသို့ ဆွမ်းခံကြွတော်မူခဲ့သည်မှာ မှန်ပါသည်။ တဏှာအာလယ ကင်းပြတ်လျက်ရှိသော ဗုဒ္ဓရှင်တော်တို့သည် "ဤမည်သော အရပ်၌ ဆွမ်းရအံ့၊ မရအံ့"ဟု သဗ္ဗညုတဉာဏ်ကြီးဖြင့် ဆင်ခြင်ခြင်းငှာ မလျှောက်ပတ်၊ ဆင်ခြင်မှုအလေ့အထတော်လည်း မရှိခဲ့ပါချေ။

၅၂။ ဆင်ခြင်လျှင် သဗ္ဗညုတဉာဏ်ဖြင့် အပိတ်အပင် မရှိ အလုံးစုံ သိ-မသိ

ဗုဒ္ဓသည် အလိုတော်ရှိ၍ နှလုံးသွင်း ဆင်ခြင်တော်မူသည်ရှိသော် သဗ္ဗညုတဉာဏ်တော်ဖြင့် များစွာသော ကမ္ဘာပေါင်း ကုဋေတစ်သိန်းအတွင်း၌ ဖြစ်သော အတိတ်တရားများကိုလည်းကောင်း၊ ဖြစ်လာလတ္တံ့သော အနာဂတ်တရားများကိုလည်းကောင်း၊ စကြဝဠာ တစ်သောင်း အတွင်း၌ ဖြစ်သော ဖြစ်ဆဲ ပစ္စုပ္ပန်တရားများကို လည်းကောင်း၊ တောတောင် နံရံ စသည်တို့နှင့် အကြား ကွက်လပ် စသော အရာဌာန၊ အတိတ် အနာဂတ် ပစ္စုပ္ပန် အချိန်ကာလတို့ကို လည်းကောင်း မသိသောအရာ ဟူ၍ မရှိချေ။ အပိတ်အပင် အတားအဆီးမရှိ၊ အလုံးစုံ သိမြင်တော်မူသည်သာလျှင် ဖြစ်၏။

## ၅၃။ အစိန္တေယျလေးပါး

၍ သဗ္ဗညုတ ဉာဏ်တော်သည် "တေဇ, ဉာဏံ, လောက, ကံ" ဟူသော မကြံအပ် မကြံသာ မကြံရာ မကြံတောင်း မကြံကောင်းသော အစိန္တေယျ လေးပါးတို့တွင် ဉာဏ အစိန္တေယျ အဖြစ် တစ်ပါး အပါအဝင်ဖြစ်ပါသည်။

## ၅၄။ အနန္တလေးပါး

ထို့ပြင် -

စကြာဝဠာ၊ အဇ္ဈာနှင့်၊ သတ္တဝါများ၊ ဉာဏ်၏အားဖြင့်၊ လေးပါးနန္တ၊ ရေခဲ့ကလျှင်၊ ဆုံးစမသိ၊ အံ့ဖွယ်ရှိ၏၊ ဗောဓိဉာဏ်မှန်၊ အမြင်သန်၍ အနန္တာရှိ၊ ကြုံသားထပ်မျှ၊ မျက်နှာဝနှင့်၊ တန်ကျစမြဲ၊ ကြုတ်ဖုံးထဲသို့၊ အံ့အဲသရာ၊ စက္ကဝါနှင့်၊ အာကာမိုးပြစ်၊ လူပုံယင်ကို၊ သိမြင်လေနိုင်၊၊ ဉာဏ်မှတ္တိုင် -

ဟု ဆိုသည့်အတိုင်း ၍ လောကဥ ဂဏန်းသင်္ချာဖြင့် တိုင်းတာတွက်ဆ၍ မရနိုင်သော အနန္တ လေးပါးတို့တွင် ဉာဏ်တော် အနန္တ အဖြစ်လည်း တစ်ပါး အပါအဝင် ဖြစ်ပါသည်။

ယင်း ကောင်းကင်စက္ကဝါအနန္တဥ်ရှိသော သတ္တဝါအနန္တ၏ ချုပ်နာမ်ခမ္မ သဘာဝ အားလုံးကို ခြုံမိငုံမိအောင် ညွှန်ပြနိုင်စွမ်း

သော ဉာဏ်တော်သည် ကြုတ်အလုံးနှင့် အဖုံး မျက်နှာ အဝ တို့သည် အချင်းချင်း အံဝင်ခွင်ကျ ထပ်တူညီမျှဖြစ်သော ဗုဒ္ဓ ရှင်တော်မြတ်၏ သဗ္ဗညုတဉာဏ်တော်သာလျှင် ဖြစ်ပေသည်။

ထင်ရှားအောင် ထုတ်ဆောင် တင်ပြပေဦးအံ့။

## ၅၅။ ရုပ် နာမ် သဘာဝ

ရုပ်နာမ်မှ သဘာဝသည် စင်စစ် နက်နဲသိမ်မွေ့ လွန်းလှ ပါသည်။ လူသာမန်တို့၏ အမြင်၌ အစဉ်အမြဲ အခဲအဆိုင် တည်ရှိနေသယောင် ထင်ရသော်လည်း မီးလျှံနှင့် ရေအလျဉ် ကဲ့သို့ ကြောင်းကျိုး အဆက်ဆက် ဖြစ်ပျက်မှုသဘောကိုဆောင် ကာ အစဉ် ပြောင်းလဲလျက်သာ နေကြပေသည်။ ကျမ်းဂန် တို့၌ ရုပ်နာမ်တို့၏ အမြန်နှုန်းကို ဥပမာ အမျိုးမျိုး တို့ဖြင့် ချိန်ထိုး ပြဆိုထားလျက် ရှိကြပေသည်။ ထိုတွင် ရုပ်သဘော များ၏ ဖြစ်ပျက်မှု အမြန်နှုန်းကို ဤသို့ တွေ့ရပေသည်။

## ၅၆။ ရုပ်တရား၏ အမြန်နှုန်း

အလောင်းတော် ဇဝန ဟင်္သာမင်းသည် အလွန် မြန်သော အဟုန် ရှိ၏။ လက် ဖြောင့် တော် တည့် သော ဝါလဝေဓိ၊ အက္ခဏဝေဓိ၊ သဒ္ဒဝေဓိ၊ သရဝေဓိ–ဟူသော လေးသည်ကျော် လေးဦးတို့သည် ကျောချင်းအပ်၍ အသီးအသီး အရပ် လေး မျက်နှာသို့ ရှေးရှု ရပ်တည်ကာ ပစ်အပ်သော မြားလေးစင်းကို

မြေ၌ မကျမီပင် ဖမ်းယူနိုင်စွမ်း ရှိပေသည်။ ထိုထက် လ နှင့် နေသည် ပို၍မြန်၏၊ ထိုထက် နတ်ပြဟ္မာတို့သည် ပို၍ မြန်၏၊ ထိုထက် ရုပ်သက်သည် ပို၍ မြန်၏ ဟု ဟောတော်မူခဲ့၏။

တစ်ဖန် ယင်း လနေတို့ထက် လျင်မြန်သော နတ်သား နှစ်ယောက်တို့ အနောက်မှ အရှေ၊ အရှေမှအနောက်သို့ အထက် အောက်ရင်ဆိုင် ပြေးလာကြရာတွင် အထက်မျဉ်းကြောင်းမှ ပြေးသော နတ်သား၏ ခြေ၌လည်းကောင်း၊ အောက်မှပြေး သော နတ်သား၏ ခေါင်းမှ လည်းကောင်း တပ်ထားသော သင် ဓုန်းသွားနှစ်ခုတို့၏ ပေါင်းဆုံမိသော အခိုက်သည် လွန်စွာ တိုတောင်းလှ၏။ ထို့ထက် ရုပ်၏ဖြစ်ပျက်မှု အမြန်နှုန်းသည် ပို၍ တိုတောင်းလှ၏ဟု ဆိုသည်။

## ၅၇။ နာမ်တရား၏ လျင်မြန်နှုန်း

ဖြစ်ပျက်မှုအရှိန်နှုန်း နှံ့နှေးသည်ဟုဆိုအပ်သော ရုပ်တရား များပင် ယင်းသို့လျင်မြန်နေသေးလျှင် အထည်ကိုယ် ပုံသဏ္ဍာန် မရှိသော နာမ်တရား၏ လျင်မြန်ပုံမှာ ပြောဖွယ်ရာပင်မရှိတော့ ချေ။ ထို့ကြောင့် "ရဟန်းတို့ စိတ်ကဲ့သို့ လျင်မြန်သော အခြင်း အရာတစ်ပါးကို ငါဘုရား မြင်တော်မမူ။ ဥပမာ ပြု၍လည်း မလွယ်ကူချေ" ဟု မိန့်တော်မူခဲ့ပေသည်။

## ၅၈။ ဥပမာပြုက ရနိုင်သေးသည်

မလွယ်ကူဟုဆိုခြင်းအားဖြင့် ဥပမာရှာလျှင် ရနိုင်သည် ဟူသော အဓိပ္ပာယ်ရှိသည့်အတိုင်း မိလိန္ဒမင်းကြီးသည် အရှင်

နာဂသိန်အား "လက်ဖျစ်တတွက်အတွင်း၌ ဖြစ်ပျက်သော နာမ်တရားသည် ရုပ်ကဲ့သို့ အခိုင်အခဲ အစုအပုံ ဖြစ်ခဲ့သော် မည်မျှ လောက် များပြားရာပါသနည်း"ဟု မေးလျှောက်ရာ "ရှစ် ထောင်ငါးဆယ့်ကိုး (၈၀၅၉)ကင်း၊ တစ်စီးနှစ်ပြည့်သော စပါး အစုအပုံထက်ပင် များစွာ ပိုမိုနိုင်ကြောင်း "မိလိန္ဒပဉှာ၌ မိန့်တော်မူခဲ့ဖူးလေသည်။

အဋ္ဌကထာဆရာကမူ "စိတ်သည် လက်ဖျစ်တတွက်အတွင်း၌ ပင် ကုဋေတစ်သိန်းမက ဖြစ်သည်"ဟု ဖွင့်ဆိုရေးသားခဲ့ပေ သည်။

- စင်စစ် အဘိဓမ္မာကို လေ့လာဖူးသူတိုင်းပင် -

  နာမ်တရား၏အဟုန်သည် ရုပ်တရားထက် တစ်ဆယ့် ခြောက်ဆ ပို၍ မြန်သည်ကို လည်းကောင်း၊
- လူ-နွား-ခွေး စသော စကားတစ်လုံး ကြားရာ၌ ဝီထိအားဖြင့် လေးဝီထိ၊ စိတ် အခိုက်အတန့်ပေါင်း အားဖြင့် နှစ်ရာ့လေး (၂၀၄) ကြာမြင့်သော်လည်း ဆက်တိုက် ပြောနေသော စကားလုံးများ၌ တစ်ဆက် တည်းကဲ့သို့ အသိစိတ်များ ကျရောက် ဖြစ်ပေါ်နေသည် ကို လည်းကောင်း၊

တစ်စုံတစ်ယောက်သည် ထိုင်ခုံ၌ထိုင်၍ အဆင်း- အနံ့-အရသာနှင့် ပြည့်စုံသော အစာကိုစားလျက် သီချင်းသံကို နားထောင်ရင်း (ရုံခါ အကြောင်းအရာ

တစ်စုံတစ်ခုကို) စိတ်ကူးသည်ဟု ဆိုလျှင် ထိုသူ၏ မျက်စိ-နား-နှာ-လျှာ-ကိုယ်-စိတ်များသည် သဘော တရားအားဖြင့် ခြားနား၍ ခဏအားဖြင့် များစွာ ကြံ့ကြာစေကာမူ အရာအားလုံးကို တစ်ပြိုင်တည်း တစ်ဆက်တည်းတွေ့ထိသိမြင်ရသကဲ့သို့ ထင်နေရသည်ကို လည်းကောင်း။

တစ်ဖန် ထိုစိတ်သည် မိုင်ပေါင်းများစွာ ကွာဝေး ရာအရပ်သို့ တစ်ခဏချင်းဖြင့် သွားနိုင် ပြန်နိုင်သည်ကို လည်းကောင်း-

သဘောကျပြီး ဖြစ်ကြသည့်အတိုင်း စိတ်၏အဟုန်မှာ မည်မျှ လျင်မြန်သည်ဟု ဥပမာ ပြောပြရန်ပင် မလွယ်ကူကြောင်း မိန့် တော်မူသည်ကို လက်ခံနိုင်ကြပါလိမ့်မည်။

ယင်းသို့လျှင် စက္ခုဝါအနန္တရှိ သတ္တဝါအနန္တတို့၏ ထိုသို့ လျင်မြန်စွာ ပြောင်းလဲနေသော စိတ်အလျဉ်ကို အမျိုးအစား ခွဲခြားကာ သဗ္ဗညုတဉာဏ်တော်တည်း ဟူသော ချိန်ခွင်ဖြင့် ချိန်တွယ်၍ ''အကုသိုလ်စိတ်ကား အပိုအလိုမရှိ၊တစ်ဆယ့်နှစ်'' ဟု တစ်ထစ်ချ ဆုံးဖြတ်တော်မူနိုင်ခဲ့သည်မှာ သဗ္ဗညုတဉာဏ် တော်၏အစွမ်းအားသာလျှင် မဟုတ်တုံလော။

၅၉။ နာမ်တရားကို ပိုင်းခြားခြင်း၌ ခဲယဉ်းပုံ

ပို၍ အံ့ဩဖွယ်ကောင်းသည်မှာ စိတ်တစ်ခု(ဝါ) သိမှုတစ်ခု ဖြစ်ပေါ်လာတိုင်းဖြစ်ပေါ်လာတိုင်းထိုဖြစ်ပေါ်လာသော စိတ်

တစ်ခုတည်း၌ စုပေါင်း ပါဝင်နေသော သဘောများကိုပါ "ဤဖြား တွေ့ထိမှု (ဖဿ) ၏ သဘော၊ ဤကား ခံစားမှု (ဝေဒနာ)၏သဘော ဖြစ်သည်"စသည်ဖြင့်လည်း အသေးစိတ် ခွဲခြားဝေဖန်၍ ပြတော်မူခဲ့လေသည်။

တစ်ဖန် သမုဒ္ဒရာရေကို လက်ခုပ်ဖြင့်ယူ၍သောက်ကြည့်သော အခါ "ဤကား ဂင်္ဂါမြစ်မှလာသော ရေ၏အရသာ၊ ဤကား ယမုနာမြစ်မှလာသော ရေ၏အရသာ"ဟု ခွဲခြားပြောဆိုရန် ခက်ခဲသည်ထက်လည်းကောင်း၊ အမည်ဝတ္ထုမျိုးစုံ ပါဝင်သော ဟင်းလျာကိုစား၍ "ဤကား ကြက်သွန်၏အရသာ၊ ဤကား ကရဝေး၊ ဂျင်း၊ ဇီယာ၏ အရသာ"ဟု ခွဲခြားပြောဆိုရန် ခက်ခဲသည်ထက် လည်းကောင်း အဆပေါင်းများစွာ ခက်ခဲလှပေတော့သည်။

အချုပ်အားဖြင့် ဆိုရချေသော် ရုပ်နာမ်ဓမ္မသဘာဝကို မူလကြောင်းရင်း စုပေါင်းဖြစ်ပေါ်ရာ ဒွါရ၊ တည်ရာဘုံဌာန စသည်ဖြင့် ခွဲခြား၍လည်းကောင်း၊ စုပေါင်း၍လည်းကောင်း၊ နည်းမျိုးစုံဖြင့် လုံးလောက်အောင် ညွှန်ပြတော်မူ၍ တိတိကျကျ သိရသည်မှာ သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသတ္တိပင် ဖြစ်ချေတော့သည် တကား။

ဤသည်ကား သဗ္ဗညုတရွှေဉာဏ်တော်ကြီး၏ စွမ်းရည်ခြင်းရာ များစွာထဲမှ တစ်စွန်းတစ်စ စဉ်းငယ်မျှကိုသာ ကောက်နုတ်

တင်ပြလိုက်ရပါသည်။ ထို့ထက်ပို၍ လုံးစုံခပင်း၊ တင်ပြခြင်း ငှာ မစွမ်းနိုင်ပါချေ။

"အို- ဇာဏုသောဏိပုဏ္ဏား၊ ကျွန်ုပ်အား ဘယ်လို ပုဂ္ဂိုလ်စားမို့ သိနိုင်မှာလဲ။ ရဟန်းဂေါတမ၏ပညာ စွမ်းကို သိတဲ့သူဟာ ရဟန်းဂေါတမလို သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင်တစ်ဆူ ဖြစ်တော်မူရမှာ ပေါ့"

ဟု ပိလောတိကပရိဗိုဇ်၏ ခွန်းတုံ့ပြန်ကြား ပြောစကားကဲ့သို့ သာလျှင် ဖြစ်ပါတော့သည်။

## ၆၀။ မြင့်မြတ်သာလွန် ဉာဏ်တံခွန်

ခရာရွှေလိပ်၊ မင်းဝံဆိပ်ဖြင့်၊ ခပ်နှိပ်လျှံဝင်း၊ ရွှေ တံတင်း၍၊ ကြွင်းမဲ့ထိုမျှ၊ မကျန်ရအောင်၊ မင်းမှု သိရာ၊ မင်းဘဏ္ဍာသို့၊ အနာဝရဏ်၊ သဗ္ဗဉ်ဉာဏ်ဖြင့်၊ သမန္တစက်၊ စံမဖက်သား၊ မင်းထက်စင်စစ်၊ ရှင်ချစ် တို့သာ၊ သိထိုက်စွာ-

သော သဗ္ဗညုတ ဉာဏ်တော်ကြီးသည် ဌာနာဋ္ဌာန ကောသလ္လဉာဏ်, ကမ္မဝိပါကန္တရဉာဏ် စသော အခြား အခြားသော ဉာဏ်တော်တို့ထက် မြင့်မြတ် သာလွန် ဉာဏ်တံခွန်ဖြစ်၏။ ထို့ကြောင့် ထိုဉာဏ်တော်ကို အနာဝရဏဉာဏ် ဟူ၍ လည်းကောင်း၊ သမန္တစက္ခုဉာဏ်ဟူ၍

လည်းကောင်း၊ သမ္ဘာသမ္မောဓိဉာဏ် ဟူ၍ လည်းကောင်း၊ နားမသိးသိး ဝဲ့ချီးကျော်ဟိုး၊ မော်ကွန်းထိုးခဲ့ကြလေသည်။

ထို့ကြောင့် ပဋ္ဌာန်းကျမ်းကြီးကလည်း ကျယ်ဝန်းလှပေသည်။ သဗ္ဗညုတရွှေဉာဏ်တော်ကြီးကလည်း ကျယ်လွန်းလှပေသည်၊ အဝန်းနှင့်အလွန်း အလွမ်းသင့်ပြီဆိုလျှင် လောကဓာတ်တစ်ခရိုင်လုံးမှာ အံ့မဆုံးနိုင်တဲ့ မြတ်ဗုဒ္ဓ၏ ခန္ဓာတော် ရုပကာယမှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူးလာပါတော့သည်။

အခန်း (၇)

# ရောင်ခြည်တော် (သို့မဟုတ်) အရောင်အဝါ

## ၆၁။ အဆန်းမဟုတ်ပါ

ထိုသို့ ဘုရားရှင်၏ ခန္ဓာတော်ရုပကာယမှ ရောင်ခြည်တော် သို့မဟုတ် အရောင်အဝါထွက်တော်မူခြင်းသည် အဆန်းမဟုတ်ပါချေ။ သို့သော် ထူးခြားလှသည်ဟု ဆိုရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရောင်ခြည်တော် သို့မဟုတ် အရောင်အဝါ ထွက်ပေါ်ခြင်းသည် သက်မဲ့ပဲဖြစ်ဖြစ် သက်ရှိပဲဖြစ်ဖြစ် အရာဝတ္ထုမှန်သမျှမှာ အရောင်အဝါ ထွက်ပေါ်နေတာချည်းကို အများသူငါ မြင်တွေ့ခွင့်မရှိလို့ပဲ ဖြစ်သည်။

## ၆၂။ အရောင်အဝါဖြစ်ခြင်း၏ အခြေခံ

မှန်ပါသည်၊ ဤလောက၌ ရုပ်ဝတ္ထုမှန်သမျှသည် ဓာတ်သဘောအားဖြင့် ပထဝီ (မြေဓာတ်)၊ တေဇော (မီးဓာတ်)၊ ဝါယော (လေဓာတ်)၊ အာပေါ (ရေဓာတ်) ဟူသော ဓာတ်ကြီးလေးပါး အပေါင်းအစည်းမျှသာ ဖြစ်လေသည်။ ထိုဓာတ်ကြီး လေးပါးတို့တွင် တစ်ပါးပါးသော ဓာတ်၏ လွန်ကဲမှု

ဖောက်ပြန်မှုသတ္တိကြောင့် ရောင်ခြည်တော် သို့မဟုတ် **အရောင်** အဝါများ ထွက်ပေါ်လာရခြင်း ဖြစ်ပါသည်။

ထိုဓာတ်ကြီးလေးပါးတို့တွင် ပထဝီ (မြေဓာတ်) **အားကြီး** လျှင် အရောင်အဆင်းနက်သည်။ တေဇော (မီးဓာတ်) အား ကြီးလျှင် အရောင်အဆင်းဖြူသည်။ ဝါယော (လေဓာတ်) အားကြီးလျှင် အရောင်အဆင်းဝါသည်။ အာပေါ (ရေဓာတ်) အားကြီးလျှင် အရောင်အဆင်းနီသည်ဟု ဆိုသည်။

၆၃။ တိမ်တောင်မှာ စိမ်းရောင်ဟပ်

မှန်ပါသည်၊ ဤနေရာတွင် အရောင်အဝါဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်း၍ သုတပဒိကပုစ္ဆာဝိသဇ္ဇာနာ ၅-၌

မေး။ ။-တိမ်တောင်မှာ၊ စိမ်းရောင်ဟပ်။
ဘယ်ဓာတ်နှင့် သဟာကြုံ၊
ရူပါရုံဖြစ်ဆန်း။ ။
- သိစရာ၊ ကဝိငယ်တလိမ္မာပ၊
ရွှေစိတ္တာဉာဏ်ကွန်ရက်ကယ်နှင့်၊
ဆေးပက်လို့မှန်း။

ဖြေ။ ။-တိမ်တောင်မှာ၊ စိမ်းရောင်ဟပ်၊
ရုပ်ကလာပ်ဖြစ်ပုံ၊
ဘယ်ဓာတ်နှင့် သဟာကြုံ၊
ရူပါရုံဖြစ်မှန်း။ ။

- သဗ္ဗည၊ုဉာဏ်အရာကို
  ဆွေကလျာ မေးချက်ကဆန်း။ ။

- တိမ်တောင်မှာ၊ စိမ်းရောင်ပန်းကိုလ၊
  တစ်သန်းမျှ မမြင်ဖူးပါ၊
  ဘယ်အခါန် ဘယ်ဌာနှဲ၊
  ဘယ်ရပ်မှ ဖြစ်ပေါ်လာလေသည်သာ။
  သို့စင်ပင် မမြင်ဖူးသော်လည်း၊
  ကျမ်းဂန်ထူးပါ၍အလာကို၊
  မှတ်စရာတဆူဖြစ်စေတော့၊
  မူအသစ်ဇမ္ဗူနယ်မြေ၊
  ညွှန်းအံ့မသွေ၊
  စိမ်းရောင်ဟပ်ပါတဲ့၊
  ရုပ်ကလာပ် သူ့အခြေမှာ၊
  လေမီးနှစ်ထွေ။ လွန်ပေါင်းဆုံလို့လေး"

ဟု မန်လည် ဆရာတော်ကြီး၏ အမေးတော်ကို မင်းကွန်းဘောဂရ ဆရာတော်ကြီးက ဖြေကြားတော်မူခဲ့ပါသည်။

ဤတိမ်တောင်မှာ စိမ်းရောင်ဟပ်ဟူသော အမေးပုစ္ဆာသည် ဗာဟိရခေတ်အရာ ဖြစ်သည်။ ဗာဟိရခေတ်အရာ၌လည်း သဗ္ဗညုတ ဉာဏ်တစ်ခုသာ ကျက်စားနိုင်သည်။ ပစ္စေကဗုဒ္ဓါ သာဝကတို့အရာ မဟုတ်ပါချေ။

တောတောင်ရေမြေတို့၏ ထွေထူးသောအဖြစ်ကို လည်းကောင်း၊ မည်သည့်သစ်ပင်၌ မည်သည့်ဓာတ် လွန်ကဲသောကြောင့် အဆင်းညိုသည်၊ အဆင်းနီသည့် စသည်ဖြင့် လည်းကောင်း၊ မည်သည့်ဓာတ် လွန်သောကြောင့် ချိုသည်၊ ချဉ်သည် စသည်ဖြင့် လည်းကောင်း၊ ဓာတ်တို့၏ ထူးခြားသောအခြင်းအရာကို အနေကဓာတု နာနာဓာတု ဉာဏ်တော်ဖြင့် ကိုယ်တော်သိလျက် သာဝကတို့သိရန် ခက်ခဲသောကြောင့် ဟောမြွက်တော်မမူခဲ့ပါချေ။

ဤတိမ်တောင်၌လည်း မြစိမ်း၊ သစ်ရွက်၊ မြက် ဝါးစိမ်းအဆင်းကဲ့သို့ စိမ်းသောအဆင်းကို ဘယ်အချိန် ဘယ်အခါ ဘယ်ဌာန ဘယ်အရပ်ဒိသာမှာမှ မမြင်ဖူးချေ။ သို့ မမြင်ဖူးငြားသော်လည်း "အမေးရှိက ဖြေအပ်လှ" ဆိုသောကြောင့် မြတ်စွာဘုရား ဟောကြားသော နည်းကို မှီ၍ ပြဆိုသောကျမ်းဂန်နှင့်အညီ စိမ်းသောအဆင်းရှိသော ရုပ်ကလာပ်မှာ တေဇောဓာတ် ဝါယောဓာတ်နှစ်ပါး လွန်သောကြောင့် စိမ်းသောအဆင်ထူး ဖြစ်သည်ဟု မှတ်ရပါမည်။ မဟာနိကွန်ချာမည်သော ဓာတ်ကျမ်း၌ကား စိမ်းသောသစ်ရွက်၌ အာပေါဓာတ် လွန်သည်ဟူ၏။

## ၆၄။ အရောင်နှစ်မျိုး

အရောင်အဝါသည် ဤလောက၌ (၁) မူလပင်ကိုအရောင်နှင့် (၂) ဆင့်ပွားအရောင်ဟူ၍ နှစ်မျိုးရှိသည်။

## ၆၅။ မူလပင်ကိုအရောင်

ထိုတွင် မူလ ပင်ကိုအရောင်သည် အပြာ၊ အဝါ၊ အနီ၊ အဖြူ-ဟူ၍ လေးမျိုးရှိပါသည်။ ယင်းအရောင် လေးမျိုးထက် ပို၍ မရှိပါချေ။

## ၆၆။ ဆင့်ပွားအရောင်

ထိုမူလ ပင်ကိုအရောင် လေးမျိုးတို့၏ နုခြင်း၊ ရင့်ခြင်း၊ စုပေါင်း ရောစပ်ခြင်း၊ ရောနှောထားခြင်းကြောင့်သာ ဖျော့တော့သော အရောင် ပန်းနုရောင် အစရှိသည်ဖြင့် အရောင်ပေါင်းများစွာ ဆင့်ပွား ဖြစ်ပေါ်လာရပါသည်။

## ၆၇။ သစ်ပင် ပန်းမန်များ

"ချောမွေ့ပြောင်ပ၊ လုံးယပ်လှသည်၊ ရုက္ခမည်သာ၊ သစ်[illegible]ာသို့" ဟူသော ကိုးခန်းပျို့နှင့်အညီ သရက်၊ ပိန္နဲ၊ မန်ကျည်း စသည်တို့ကဲ့သို့ ပင်စည်-အကိုင်း-အခက်-ရွက်ကြီး-ရွက်သေး-ရွက်ဖူးတို့နှင့် ပြည့်စုံ၍ အထက်သို့ ရှေရှူကြီးမြင့်ပွားတက်တတ်သော သစ်ပင်များသည်လည်းကောင်း၊

"ကျီးအာ၊ ကင်းပုံ၊ ဂုံနှင့် မိကျောင်း၊ နွယ်စုံပေါင်း၍၊ မကောင်းဖြစ်စေ၊ ကောင်းဖြစ်စေ" ဟူသော ဥတိန္နပျို့နှင့်အညီ ကျီးအာ၊ ကင်းပုံ၊ ဂုံညင်း စသည်တို့ကဲ့သို့ အချင်းချင်း

ပေါင်းယှက်၍ တုပ်ချည်၍ နှောင်ဖွဲ့၍ နွယ်တက်တတ်သော သတ္တိရှိသော နွယ်ပင်များသည်လည်းကောင်း၊

ထိုသစ်ပင်များ နွယ်ပင်များသည် အဖြူရောင်, အပြာရောင်, အဝါရောင်, အစရှိသော အရောင်အဝါ အမျိုးမျိုး အဖုံဖုံ ရောင်စုံကျင်းပလျက် ရှိပါသည်။

၆၈။ ကျောက်မျက်ရတနာများ

ဤမျှသာ မကသေးချေ၊ ကျောက်မျက်ရတနာများ ဖြစ်ကြသော ရွှေသည် အဝါရောင်၊ ငွေသည် အဖြူရောင်၊ ပတ္တမြားသည် အနီရောင်၊ ကျောက်စိမ်းသည် အစိမ်းရောင် အစရှိသည်ဖြင့် အရောင်အဝါ အမျိုးမျိုး ထွက်ပေါ်တောက်ပလျက် ရှိပါသည်။

၆၉။ မြင်းမိုရ်တောင်

ထို့ပြင် "နှစ်သိန်းငါးသောင်း၊ နှစ်ထောင်ပေါင်းနှင့်၊ လုံးခလျှောင်းကြဲ့ ခိုင်၊ သရိုင်လည်းဟုန်၊ စည်သဏ္ဍာန်သို့" တည်ရှိသော မြင်းမိုရ်တောင်သည် အရှေ့ဘက်အရပ် အရှေ့နံပါးမှ ငွေရောင်၊ တောင်ဘက်အရပ် တောင်နံပါးမှ ဣန္ဒနီလာ မြရောင်၊ အနောက်ဘက်အရပ် အနောက်နံပါးမှ ဖန်စိမ်းရောင်၊ မြောက်ဘက်အရပ် မြောက်နံပါးမှ ရွှေရောင်များ ထွက်လျက်ရှိနေကြောင်းကို သာရတ္ထဒီပနီစသော ကျမ်းကြီးကျမ်းခိုင်များ၌ ဖွင့်ဆို ဖော်ပြထားပါသည်။

## ၃၀။ တိရစ္ဆာန်များ

သက်ရှိ သဝိညာဏ ဖြစ်ကြကုန်သော သတ္တဝါတို့တွင်လည်း ခွေး, ကြက်, ငှက် အစရှိသော တိရစ္ဆာန်တို့လည်း အရောင်အဝါများ အသီးသီး ရှိကြပါသည်။

ဥပမာ ....

- လူ ဟသ်ာ၊
  မိဂါ လိပ် ငါး။

- ဥဒေါင်း ပုစွန်တို့၊
  ရွှေသုဝဏ်ကိုယ်ရောင်ရသတဲ့
  ကျမ်းပြစကား-

ဟု ဆိုသည့်အတိုင်း ဟသ်ာ, သမင်, လိပ်, ငါး, ဥဒေါင်း တို့သည် ရွှေရောင်၊ ကျဲ, ကျီးတို့သည် မည်းနက်သောအရောင်၊ ဗျိုင်း, ဆဒ္ဒန်ဆင် တို့သည် ဖြူဖွေးသော အရောင်တို့ ထွက်ပေါ်လျက် ရှိနေသည်ကို ဘုရားဟော ကျမ်းဂန်များနှင့် တကွ လောက မျက်မြင်အရ တွေ့မြင် သိရှိပြီး ဖြစ်ပါလိမ့်မည်။

ထို့ပြင် သက်ရှိဝိညာဏ်ဖြစ်သော လောကလူသားတို့၏ ခန္ဓာကိုယ်ကို သေချာ ကျနစွာ စမ်းသပ်စစ်ဆေးကြည့်လျှင်လည်း အရောင်အဝါများ အမှန်တကယ် တည်ရှိနေကြောင်းကို သိပ္ပံပညာရှင်ကြီးများ ကိုယ်တိုင်ကပင် အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ကြပါသည်။

## ၇၁။ ဂျာမန်သိပ္ပံဆရာကြီး ဗွန်း ရိုက် ခင်း ဘယ်(ဂ်)

ဂျာမန် သိပ္ပံဆရာကြီး ဗွန်း ရိုက် ခင်း ဘတ်(ဂ်) (Von Reichen Bach) သည် လူ့ခန္ဓာကိုယ်ကို သေချာ ကျနစွာ စမ်းသပ်ကြည့်ရာတွင် ထူးဆန်းသော အရောင်အဝါများ အမှန် တကယ် တွေ့ရှိခဲ့ကြောင်းကို ၁၈၈၄–ခုနှစ်တွင် ထုတ်ဝေသော သူ၏ သုတေသန စာတမ်းတွင် ဖော်ပြထားပါသည်။

## ၇၂။ ပါရီ သိပ္ပံဆရာကြီး ဘာရာဒူး

ထို့ပြင် ပါရီမြို့မှ သိပ္ပံဆရာကြီး ဘာရာဒူး (Dr-Barra Due) သည် လူ့ကိုယ်၌ ဤ ထူးဆန်းသော ထို ရောင်ခြည်ကို ဓာတ်ပုံရိုက်ကူး၍ပင် မှတ်တမ်းတင်ခဲ့ပါသည်။

## ၇၃။ ကိုယ်ရောင် ထွက်သူများ

ပဘာဝတီ၊ ကလျာဏီနှင့်၊
ဒေဝိယသော်၊
တဖော် [illegible]ဒ္ဒါ၊ ကာပိလာတို့၊
ရှေး [illegible]၊ ပြုခဲ့ကြကြောင်း၊
ထွန်း[illegible] ရာ[illegible] အလင်[illegible]ပြောင်၍၊
ဘုံ[illegible]ဆ[illegible]င်ခ[illegible]ကည့်၊ မီးမညှိဘဲ၊
ထွန်း[illegible] ညှိ[illegible]ရောင်[illegible]င်း၊ အမှောင်ခွင်း၏ –

ဟု ဆိုသည့်အတိုင်း ဗုဒ္ဓစာပေ၌ လူသားဖြစ်သော ပုဂ္ဂိုလ်တို့တွင်လည်း အရိယာစင်စစ်ဖြစ်ကြီး မဖြစ်သေး သော် လည်း ပုထုဇဉ်မျှသာ ဖြစ်သော ယသောဓရာ ဒေဝီ မင်းသမီးသည် တစ်ဆယ့်နှစ်တောဝ်၊ ဇနပဒ ကလျာဏီ မင်းသမီး ဘဒ္ဒကာ - ပိလာနီမင်းသမီး စသည်တို့သည် လေးတောင်ရှိသော တိုက်ခန်း အတွင်း၌ ဆီမီး မထွန်းရ၊ ဇာတိပါ ကိုယ်ရောင်ဖြင့်သာ ထွန်း လင်း တောက်ပသည်ဟု ဆိုပါသည်။

## ၇၄။ ပဘာဝတီမင်းသမီး

မှောင်အတိဆိုက်၊ ဆယ့်နှစ်မိုက်ဖြင့်၊ ခန်းတိုက်ကြာ
ညောင်၊ ပြတ္တဲ့ချောင်ဟု၊ ဆောင်ကြီးအတွင်း၊ ရောင်
ပလင်းသည်၊ မင်းမဒ္ဒရာဇ်၊ ရင်နှစ်ရတနာ၊ နတ်ကို
ညွှာသား၊ သာဂလသူ၊ လှမှန်ကူ-

ဟူ၍ ကုသပျို့ ၁၇၆-၌ ပဘာဝတီမင်းသမီး၏ရုပ်အဆင်းတား ရွှေအဆင်းရှိ၍ မှောင်အတိ ဖုံးလွှမ်းသော တစ်ဆယ့်နှစ်မိုက် ခေါ် လေးတောင်တိုက်ခန်းအတွင်း၌ ဆီမီးမထွန်းရ၊ ကိုယ် ရောင်ဖြင့် ထွန်းလင်းနိုင်သည်ဟု ဆိုသည်။

## ၇၅။ မင်းကုသ

ညအချိန်တွင်၊ နှစ်ဦးကြင်၏၊ ထိုတွင်ကာလ၊ ဘုရား
အလျာ၊ ဘုန်းတော်ဇာကြောင့်၊ ပဘာမိမင်း၊ ကိုယ်
ရောင်ဝင်းလည်း၊ ထွန်းလင်းရှိန်စေ၊ ဘဗ္ဗော်ဟာရ၊

ပြောပချီးမြှောက်၊ မဆိုလောက်သည်၊ နှစ်ယောက် မမြင်စတမ်းတည်း-

ဟူ၍ ညအချိန် အဆောင်တော်အတွင်းသို့ ကုသမင်း ကြွချီတော်မူလာသောအခါ ပဘာဝတီသည် ရွှေအဆင်းရှိ၍ သူ့ကိုယ်မှ အရောင် သည် လည်း ရွှေဝါရောင် ထွက်၏။ ကုသမင်း၏ အဆင်းကား မီးသွေးခဲကဲ့သို့ မည်းနက်၏။ သူ၏ကိုယ်မှ အရောင်သည် အနက်ရောင်ဖြစ်၏၊ အဝါရောင်ကို အနက်ရောင် ဖုံးလွှမ်းသွားသောအခါ အဝါရောင်ပျောက်၍ မှောင်အတိ ကျသွားရလေသည်။ ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် မမြင်ကြရဟု ကုသပျို့ဆရာတော်က ကုသဇာတ်တော် လာသည့်အတိုင်း ဆက်လက် ဖွဲ့ဆိုထားပါသည်။

## ၇၆။ အရှင်ဝက္ကလိမထေရ်

အသီတိသာဝကအဝင် အရှင်ဝက္ကလိမထေရ် သည်လည်း တစ်လံမျှ လောက် သော အရောင်ထွန်းပကြောင်း ဝက္ကလိအပဒါန်တွင် လာသည်ကို တွေ့ရပေသည်။

## ၇၇။ ဗြဟ္မာလက်ဖြန့် သောင်းတိုက်ခန့်

ထို့ပြင် နတ်ဗြဟ္မာတွေလည်း ကိုယ်ရောင်ကိုယ်ဝါ ထွက်ကြပါသေးသည်။ ကျောင်းနေကာစ ကလေးသူငယ်ဘဝက "အမျိုးအမည်အာဥ်ဖြန့် မှုထင်ရှားသော နတ်သား သို့မဟုတ်

သိကြားမင်းသည် အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍ အလုံးစုံသော ဇေတဝန်ကျောင်းတော်ကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍”ဟု မင်္ဂလသုတ်ကို သင်ကြားစဉ်ကပင် သိရှိမှတ်သားခဲ့ရပေသည်။

ဇာတိခေတ္တ၊ မြတ်ဌာနဟူ၊ တွင်ထမည်မှန်း
သောင်းတိုက်ခန်းကို၊ ဖန်ဆင်းလက်ညှိုး
ဆယ်ချောင်းဖြန့်က၊ ဝေးကွန့်ရောက်တိုင်
ထွန်းနိုင်လင်းဝါ၊ ဗြဟ္မာမလွတ်-

ဟူ၍ ကိုးခန်းပျို့၌ ဗမ္မာဒီပါလင်္ကာရ ဆိုကာ၍၊ ကမ္ဘာစဉ်ဆက်တည်ထွန်းမြဲ သုံးဆယ့်တစ်ဘုံအနက် ဗြဟ္မာ့ပြည် ဗြဟ္မာ့ဘုံဝယ် ဗြဟ္မာတစ်ထောင် တစ်ထောင်တွင် အကြီးအကဲ တစ်ယောက်တစ်ယောက်စီ ရှိမြဲဖြစ်သည်။ ဟာရိတဗြဟ္မာမူ ဗြဟ္မာအပေါင်းတို့၏ အကြီးဆုံးဖြစ်ရကား ဗြဟ္မာတစ်သိန်း အခြံအရံ ရှိသည်။ ယင်းဗြဟ္မာ၏ အဆင်းအရည်ကား လက်ညှိုးတစ်ချောင်းဖြင့် စကြဝဠာတစ်ထောင်ကို ထွန်းလင်းနိုင်သည်။ လက်ညှိုးဆယ်ချောင်းဖြန့်က တစ်သောင်းသော စကြဝဠာကို ထွန်းလင်းနိုင်သည်ဟု မဟာသမယသုတ်၌ ဖွင့်ဆိုထားပါသည်။

ဗြဟ္မာတို့သည် မိမိတို့၏ ဈာနပီတိဖြင့် လွန်စွာ မွေ့လျော်၏။ ထိုပီတိပြည့်လျှမ်းသော ဈာန်အစွမ်းကြောင့် ဖြစ်သော

စိတ္တဇရုပ်အပေါင်းလည်း တစ်ကိုယ်လုံး၌ ထုံမွှမ်းလျက်ရှိ၏။ ထို့ကြောင့် စိတ်ကြည်သလောက် ခန္ဓာကိုယ်မှာလည်း အရောင်တောက်လျှောက် တလျှပ်လျှပ် ထွက်နေလေသည်။ တစ်နည်းအားဖြင့် ဆိုရချေသော် အခိဋ္ဌာနိဒ္ဓိ စသော ဆယ်ပါးသော ဣဒ္ဓိတို့တွင် ကမ္မဝိပါကဇိဒ္ဓိတန်ခိုးကြောင့် ဖြစ်သည်ဟုလည်း ဆိုပြန်ပါသေးသည်။

၄၈။ အရောင်အဝါထွက်လျှင် တန်ဖိုးကြီးမား

သာမန် လူသားသတ္တဝါအားလုံးတိုင်း အရောင်အဝါထွက်ခဲ့သော် လူသာမန်တို့ထက် ထူးကဲသော သာလွန်ကြီးမြတ်သော ဗုဒ္ဓဘုရားရှင်၏ ခန္ဓာတော် ရူပကာယမှုကား အဘယ်ကြောင့် အရောင်အဝါ သို့မဟုတ် ရောင်ခြည်တော် မထွက်ဘဲ ရှိပါချိမ့်မည်နည်း၊ ထွက်ပေါ်ရမည်သာ ဖြစ်သည်။ မှန်၏။ ဗုဒ္ဓဘုရားရှင်၏ ခန္ဓာတော် ရူပကာယသည် ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်။

ထိုသို့ ထွက်ပေါ်လာသော အချို့အရောင်အဝါကို ပကတိမျက်စိဖြင့်ပင် မြင်နိုင်၍ အချို့ အရောင်အဝါကိုမူကား ပကတိမျက်စိဖြင့် မမြင်နိုင်ပါ။ ထို့ကြောင့် သက်မဲ့ပဲဖြစ်ဖြစ်၊ သက်ရှိပဲဖြစ်ဖြစ် အရောင်အဝါထွက်ခဲ့ပါမူကား ''မဟာဓောတ၊ ပြည်တန်မြနှင့်၊ သိင်္ဂြွေဿ၊ ရဘနာတိ၊ အဝါလျှံသက်၊ ရောင်

မြည်ထွက်မှု၊ စုံမက်ဝှဲ့ချီး၊ အဘိုးကြီး၏’’ဟူသော အနုသာသနီ ဆုံးမစာနှင့်အညီ တန်ဖိုးကြီးမားတယ်ဟု စွဲမှတ် ယူဆထားကြပါသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ ခန္ဓာတော် ရူပကာယမှ ရောင်ခြည်တော် ထွက်တော်မူသည်မှာ မဆန်းလှပေမယ့် ထူးခြားသည်ဟု ဆိုခဲ့ခြင်း ဖြစ်၏။

အခန်း (၈)

# ဗုဒ္ဓ၏ ရောင်ခြည်တော်များ

## ၇၉။ ရောင်ခြည်တော်သုံးမျိုး

ဗုဒ္ဓဘုရားရှင်၏ ခန္ဓာတော် ရူပကာယမှလည်း ရောင်ခြည်တော်သည် သုံးမျိုးသုံးစား ထွက်တော်မူပါသည်။

ယင်းတို့မှာ-

(၁) ဗျာမပ္ပဘာ လက္ခဏာရောင်ခြည်တော်၊

(၂) အသီတိနိစ္စလဋ္ဌိတိ ရောင်ခြည်တော်နှင့်

(၃) အနန္တဒသဒိသာဖရဏ ရောင်ခြည်တော်-
တို့ ဖြစ်ပါသည်။

## ၈၀။ ဗျာမပ္ပဘာလက္ခဏာ ရောင်ခြည်တော်

ထိုရောင်ခြည်တော် သုံးမျိုးတို့တွင် ပစ္ဆိမဘဝိက မဟာပုရိသာဇာနေယျ ဖြစ်တော်မူသော သိဒ္ဓတ္ထမင်းသားမြတ်သည် လူသားဖြစ်လျက် ထက်ဝန်းကျင် တစ်လံ ပမာဏမျှလောက်သော ကိုယ်ရောင်တော်သည် ထွန်းလင်း တောက်ပပါသည်။

ဒီရောင်ခြည်တော်ကို "ဗျာမပ္ပဘာလက္ခဏာရောင်ခြည်တော်" ဟု ခေါ်၏။ ယင်းရောင်ခြည်တော်သည် လက္ခဏာတော်ငယ် ရှစ်ဆယ်တွင် (၄၁) ခု မြောက်အဖြစ် ပါဝင်လျက် ရှိပါသည်။

## ဂ၁။ အသီတိနိစ္စလင္ဂိတိ ရောင်ခြည်တော်

တန်ခိုးတော်ဖြင့် မဖန်ဆင်းမူ၍ ပကတိ နေ့ညဉ့်မပြတ် အတောင် ရှစ်ဆယ်မျှလောက်သော အရပ်၌တည်သော ရောင်ခြည်တော် ဖြစ်သည်။ ထို ရောင်ခြည်တော်သည် ဘုရားသခင်၏ အနီး အတောင်ရှစ်ဆယ်အတွင်း၌ တစ်စုံတစ်ခု တစ်ပါးသော အလင်းရောင်သည် မထွန်းပနိုင်ပါ။ ထို့ကြောင့် ထို ရောင်ခြည်တော်ကို "အသီတိနိစ္စလင္ဂိတိရောင်ခြည်တော်"ဟု ဆို၏။ (အသီတိ – အတောင် ရှစ်ဆယ်တိုင်အောင်၊ နိစ္စလင္ဂိတိ – ဘယ်တော့မှ ရွေ့လျားခြင်း မရှိ၊ တုန်လှုပ်ခြင်း မရှိသော ရောင်ခြည်တော်)။

## ဂ၂။ အနန္တဒသဒိသာဖရဏ ရောင်ခြည်တော်

ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသည့် အခါ၌ လည်းကောင်း၊ ပဋ္ဌာန်း ဒေသနာတော်ကို ဆင်ခြင် သုံးသပ်တော်မူသည့် အခါ၌ လည်းကောင်း ထွက်တော်မူသော နီလ၊ ပီတ စသော ရောင်ခြည်တော်ကို "အနန္တဒသဒိသာဖရဏ ရောင်ခြည်တော်" ဟု ခေါ်၏။ ယင်း ရောင်ခြည်တော်သည်

အရှေ့ အနောက် တောင် မြောက်၊ ထက် အောက် ၀ဲ ယာ အဆုံးမရှိသော အရပ် ဆယ်မျက်နှာသို့ ပျံ့နှံ့ ထွက်သွားသော ရောင်ခြည်တော် ဖြစ်သည့်အတွက် "အနန္တဒသဒိသာဖရဏ ရောင်ခြည်တော်" ဟု ခေါ်ဆိုခြင်းဖြစ်၏။ (အနန္တဒသဒိသာ အဆုံးမရှိသော အရပ် ဆယ်မျက်နှာ။ ဖရဏ - ကွန့်မြူး ပျံ့နှံ့သော ရောင်ခြည်တော်)။

၈၃။ ရောင်ခြည်တော် ခြောက်ပါး

ဤနေရာ၌ ပဋ္ဌာန်း ဒေသနာကို ဆင်ခြင် သုံးသပ်တော်မူသဖြင့် အနန္တ ဒသဒိသာဖရဏ ရောင်ခြည်တော် ထွက်ပေါ် ကွန့်မြူးလာပုံ အခြင်းအရာကိုသာ ထင်ရှားအောင် တင်ပြပါမည်။ ပဋ္ဌာန်း ဒေသနာတော်ကို ဆင်ခြင် သုံးသပ်တော်မူသော အခါ ဘုရားရှင်၏ ခန္ဓာတော် ရူပကာယမှ ရောင်ခြည်တော် (၆) ပါး ထွက်တော်မူ ပါသည်၊ ယင်းတို့မှာ -

(၁) နီလ - အပြာရင့်ရောင် (အညို)
(၂) ပီတ - အဝါရင့်ရောင်
(၃) လောဟိတ - အနီရင့်ရောင်
(၄) ဩဒါတ - အဖြူရောင်
(၅) မဉ္ဇိဋ္ဌ - ပန်းနုရောင်
(၆) ပဘဿရ - ပြိုးပြိုးပြက်ပြက် တစ်ခဲနက် ထွက်သော အရောင်တို့ ဖြစ်၏။

## ၈၄။ နီလ – ညိုသော (အပြာရင့်) ရောင်ခြည်တော်

ယင်းတို့တွင် ဆံတော်၊ မုတ်ဆိတ်တော်၊ မျက်နက်တော် စသော ညိုရာရာ အရပ်တော်တို့မှ မျက်စဉ်းညိုရောင်၊ အောင်မဲညိုပွင့်ရောင်၊ မြအညိုရောင်၊ ကြာညိုပန်းရောင်၊ ပုဆိုးညိုရောင်နှင့် တူသော "နီလ – ညိုသော ရောင်ခြည်တော်" ထွက်တော်မူပါသည်။

## ၈၅။ ပီတ – ဝါသောရောင်ခြည်တော်

ကိုယ်အရေတော်၊ မျက်လုံးတော် စသော ဝါရွှေရာရာ အရပ်တော်တို့မှ မြင်းသီလာ ဆေးဒန်းရောင်၊ မဟာလှေကားပန်းရောင်၊ ဇမ္ဗူရာဇ်သိင်္ဂီရွှေရောင်၊ နာရဏ္ဍိဂိဝါရွှေရောင်နှင့် တူသော "ပီတ – ဝါသော ရောင်ခြည်တော်" ထွက်တော်မူပါသည်။

## ၈၆။ လောဟိတ – နီသော ရောင်ခြည်တော်

အာတော်၊ လျှာတော်၊ နှုတ်ခမ်းတော်၊ လက်ဖဝါးတော်၊ ခြေဖဝါးတော် စသော နီရာရာ အရပ်တော်တို့မှ ကင္ဗလာနီရောင်၊ သိကြား ကွမ်းသွေးရောင်၊ ချိပ်ရည်ရောင်၊ လယ်ခေါင်ရန်းပွင့်ရောင်၊ ပင်လယ် ကသစ်ပွင့်ရောင်၊ မိုးဆွေပန်းရောင်၊ ဟသ်ပြဒါးမှုန့်ရောင်နှင့် တူသော "လောဟိတ–နီသော ရောင်ခြည်တော်" ထွက်တော်မူပါသည်။

## ၈၇။ ဩဒါတ – ဖြူသော ရောင်ခြည်တော်

သွားတော်၊ စွယ်တော်၊ အရိုးတော်၊ ဥဏ္ဏလုံခေါ် မွေးရှင်တော်၊ မျက်ဖြူတော် စသော ဖြူရာရာအရပ်တော်တို့မှ ကြာဖြူရောင်၊ ပုလဲရောင်၊ စံပယ်ပန်းရောင်၊ ဘော်သာ ခွာ ရောင်၊ သောကြာကြယ်ရောင်နှင့်တူသော "ဩဒါတ – ဖြူဖွေးသော ရောင်ခြည်တော်" ထွက်တော်မူပါသည်။

## ၈၈။ ဗုဒ္ဓ၏ မူလ ပင်ကို အရောင်လေးမျိုး

ဤသည်တို့ကား ဗုဒ္ဓဘုရားရှင်၏ ခန္ဓာတော် ရူပကာယမှ ထွက်တော်မူသော အခြေခံ မူလ ပင်ကိုအရောင် လေးမျိုး ဖြစ်ပါသည်။ ထို့ထက် အရောင်ပို၍ မထွက်ပါ။ သို့သော် ဗုဒ္ဓဘုရားရှင်၏ ရောင်ခြည်တော်သည် ခြောက်ပါးဟု ဆိုထားရကား ဤ လေးမျိုးသော အခြေခံမူလ ပင်ကို အရောင်များဖြစ်၍ ကျန် နှစ်ပါးသော အရောင်များကား ရောစပ်ထားသော ဆန့်ပွား အရောင်များသာ ဖြစ်ပါသည်။

## ၈၉။ ဆင့်ပွားအရောင်နှစ်မျိုး

ထိုရောစပ်ထားသော ဆင့်ပွားအရောင် နှစ်မျိုးကား (၁) မောင်းသော မဉ္ဇိဋ္ဌရောင်ခြည်နှင့် (၂) ပြိုးပြိုးပြက်သော ပဘဿရရောင်ခြည် ဖြစ်၏။ ထိုရောင်ခြည်နှစ်မျိုး ထွက်ပေါ်လာပုံကို ရောင်ခြည်ကော်အဖွင့်၌ "မောင်းသောအရောင်၊ ပြိုးပြိုး

ပြုက်သော အရောင်တို့သည် ထိုထိုခန္ဓာကိုယ်အစိတ်စိတ်မှ ထွက်ကုန်သည်'' ဟု ဖွင့်ဆိုထားပါသည်။

ကိုယ်ခန္ဓာ အစိတ်အပိုင်း အခြေခံလေးဌာနမှ အရောင်လေးမျိုး ရောယှက်၍ မောင်းသောအရောင်၊ ပြိုးပြိုးပြက်သော အရောင် ဖြစ်လာသည်ဟု ဆိုလိုပါသည်။

## ၄၀။ အရောင်ထားပုံပြဿနာစုံ

ဤရောင်ခြည်တော် အဖွင့်၌ အခြေခံ မူလပင်ကိုအရောင်လေးမျိုးကိုသာ ဥပမာပြ၍၊ ရောစပ်ထားသော ဆင့်ပွားအရောင်နှစ်မျိုးကိုကား၊ ဥပမာ မပြခဲ့ပါချေ။ မောင်းသော မဉ္ဇိဋ္ဌအရောင်ကို ရောင်ခြည်တော် အဖွင့်၌ ဥပမာ မပြခဲ့သဖြင့် အရောင်မည်သို့ ဖြစ်မည်ကို အတိအကျမသိရ ဖြစ်ပါတော့သည်။ ဗုဒ္ဓဘုရားရှင်၏ အရောင်ခြောက်ပါးကို သာသနာ့အလံအဖြစ် အသိအမှတ်ပြု ချုပ်လုပ်လိုက်သောအခါ ဤမောင်းသော အရောင်အတွက် အချို့က ခရမ်းရောင်၊ အချို့က သပြေသီးမှည့်ရောင်၊ အချို့က မှိုင်းညိုသော အရောင်ကို သုံးစွဲကြ၍ တစ်ဦးနှင့်တစ်ဦး မူမတူကြဘဲ ပြဿနာ ဖြစ်ပေါ်လာရပါသည်။

## ၄၁။ မောင်းဟူသော သဒ္ဒါ

ဤသို့ မဉ္ဇိဋ္ဌအရောင်အတွက် ပြဿနာ ဖြစ်လာရသည်မှာ မဉ္ဇိဋ္ဌသဒ္ဒါကို ''မောင်းသောအရောင်'' ဟု ဘာသာပြန်သော

ကြောင့်ပင် ဖြစ်ပါသည်။ အမွှန်သော်ကား မောင်းဟူသော သဒ္ဒါသည်-

(၁) လှုပ်ရှားခြင်း၊
(၂) မြည်ဟည်းခြင်း၊
(၃) ကြီးထွားခြင်း အနက်တို့ကို ဟော၏။

(၁) ဥပမာ။ လှုပ်ရှားခြင်းအနက် (က) လက်မောင်း၊ (ခ) နှာမောင်း၊ (ဂ) မောင်းနှင်ခြင်း၊ (ဃ) မောင်းချထား၊ (င) နွယ်မောင်း၊ (စ) ထောင်းသောမောင်း၊ (ဆ) မောင်းတံ၊ (ဇ) မောင်းတက်၊ (ဈ) မောင်းတင်း၊ (ည) ချိန်ခွင်မောင်း။

(၂) ဥပမာ။ မြည်ဟည်းခြင်းအနက်(က) တီးသောမောင်း၊ (ခ) အသံမောင်း၊ (ဂ) မောင်းမဲ၊ (ဃ) မောင်းပြန်သေနတ်။

(၃) ဥပမာ။ ကြီးထွားခြင်းအနက် (က) အချပ်အမောင်း၊ (ခ)နီမောင်း၊(ဂ)ညိုမောင်း၊(ဃ)မောင်းမ။

ဤအနက်သုံးပါးကိုသာ ထင်ထင်ရှားရှားတွေ့ရ၍ အရောင်ဟော အနက်ကိုကား မတွေ့ရပါချေ။

## ၉၂။ မဉ္ဇူဋ္ဌ-မောင်းသော ရောင်ခြည်တော်

သို့ပါလျက် မဉ္ဇူဋ္ဌသဒ္ဒါကို အဘယ်ကြောင့် မောင်းသော အရောင်ဟု ပြန်ဆိုကြသနည်းဟူမူကား မြန်မာမှု ဘာသာတွင် မနှင့်ပကို ဖလှယ်သော အသုံးအနှုန်းများ ရှိခဲ့ပါသည်။ ဥပမာ ပြရလျှင် ပန်းသည် မာလ+မာလ်+မန်မှ ဖြစ်လာသည်။ ဆန် ကောအကြီးစား ဗန်းသည် မန်းမှ ပန်း၊ ပန်းမှ ဗန်းဖြစ်လာ သည်။ လွန်ကဲသော ပိုသဒ္ဒါကို မိုဟူ၍ သုံးသည်။ ဤသို့လျှင် မနှင့်ပသည် မြန်မာမှု နယ်ပယ်တွင် ဖလှယ်၍ သုံးစွဲတတ်ကြ သည်။ ထို့ကြောင့် အညို-အဝါ-အနီ-အဖြူ ဤလေးပါး ပေါင်းသော အရောင်ကို "ပေါင်းသောအရောင်" ဟု အရှိကို အရှိအတိုင်း မပြန်ဆိုရဘဲ မ နှင့် ပ ကို ဖလှယ်၍ "မောင်း သောအရောင်" ဟု ပြန်ဆိုလိုက်သောကြောင့် ဖြစ်သည်။

## ၉၃။ မဉ္ဇူဋ္ဌ-ပန်းနုရောင်

တစ်ဖန် မဉ္ဇူဋ္ဌသဒ္ဒါအဖွင့်ကို လေ့လာသောအခါ အညို-အနီ-အဝါ-အဖြူ အရောင်လေးပါးကို ပေါင်းစပ်လိုက်သောအခါ ကုလား ဇလပ်ခေါ်သော နွယ်သာကီအနီပန်းကဲ့သို့ စဉ်းငယ် နီသော အနီနုရောင် သို့မဟုတ် အရုဏ်အရောင်ကဲ့သို့ အနည်း ငယ်နီသော သန္တာကျောက်မျက်ရတနာရောင် (ပန်းနုရောင်) ကိုပင် မဉ္ဇူဋ္ဌအရောင်ဖြစ်ကြောင်း ဖွင့်ဆိုကြပါသည်။ ထို့ကြောင့် အဆိုပါ အချက်အားလုံးကို ခြုံငုံ၍ ကောက်ချက်ချရလျှင် မဉ္ဇူဋ္ဌ

ဟူသော အရောင်သည် ပေါင်းသောအရောင် သို့မဟုတ် ပန်းနု ရောင်သာ ဖြစ်သင့်သည်ဟု ယူဆမိပါသည်။

၆၄။ ဆရာတော်ကြီးများ၏ အဆိုအမိန့်များ

ဤအကြောင်းကို မန်လည်ဆရာတော် ဘုရားကြီး၏ အစိန္တေယျ–လေးပါးဟောစာတွင်–

> ''ညိုရွှေဖြူနီ၊ လေးလီမြူးထွက် ရောင်ခြည်စက်တို့ ထွေးယှက်ရစ်မြေး၊ ပြင်မှာတွေး၍ တွေးတွေးတွက်တွက်၊ စွတ်စွတ်တစ်မျိုး၊ မိုးကြိုးရောင်ကောင်း''

ဟူ၍လည်းကောင်း၊

> ''ထန်းကျင့်ချိပ်ရည်၊ တိန်ညက်ရည်နှင့်၊ စက်စက်ရည် လောင်းသည့်နှယ်၊ မောင်းမောင်းစိုးချိတ်၊ စီးယို၍ ဖိတ်ကျသည့်၊ မဉ္ဇိဋ္ဌဟူသော ရောင်ခြည်တော်''

ဟူ၍လည်းကောင်း၊

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ဆဋ္ဌဏ္ဏရံသိဝန္ဒနာတွင် –

> ''မဉ္ဇိဋ္ဌာ မည်း နီ ညိုလောင်း၊ ရောယှက်ပေါင်းသဖြင့်၊ မောင်းမှုံမှိုင်းအုံ၊ မှုန်ရည်သော အဆင်းရှိသော ရောင်ခြည်တော်တို့သည် လည်းကောင်း''

ဟူ၍ လည်းကောင်း၊

နှဲကြိုးဆရာတော်ဘုရားကြီးကလည်း -

> မည်းရောင် နီရောင် ညိုရောင် ထည့်လောင်း၊ ယှက်ကူး ပေါင်းသဖြင့်၊ မည်းမှောင်မှိုင်းအုံ၊ ရည်မှုန်သော အဆင်းရှိသော မဉ္ဇိဋ္ဌရောင်ခြည်တော်

ဟူ၍ လည်းကောင်း ရောင်ခြည်တော် အဖွင့်များ၌ ရေးသား ထားသည်ကို တွေ့ရပါသည်။

အထက်ဖော်ပြပါ ဆရာတော်ကြီးများ၏ ရေးသား မှင့်ဆို ချက်များကို မှီငြမ်းပြု၍ အလံတော်တင် ကေပိုဒ်ရတု၌ -

> ''ကိုယ်မှ ထိုဏ်၊ အလီလီထည့်၊ ညို နီ ဖြူ ရွှေ၊ ရောင်လေးထွေကို၊ ခြေခံသဘော၊ ရောယှက်နှော လျက်၊ ပေါင်းသောအရောင်၊ မောင်းသောရောင်ဟု၊ မည်းမှောင်စိုးချိတ်၊ စီးယိုဖိတ်သည့်၊ မဉ္ဇိဋ္ဌမည်''

ဟု ရေးသားခဲ့ပါသည်။

### ၉၅။ ပဘဿရ-ပြိုးပြိုးပြက်သော ရောင်ခြည်တော်

ပြိုးပြိုးပြက်ခ[illegible]ဿရ ရောင်ခြည်တော်ကိုမူ ကား အခြေခံမူလ ပင်က[illegible]ငဲ လားပါး အဘီးအခြား ရောယှက် ခြင်းမျှ ဖြစ်၍ ဥ[illegible]ည်း သိသာထင်ရှားလှပါ သည်

၉၆။ အရောင် ရောယှက်ပုံ နှစ်မျိုး

ဤကဲ့သို့ အရောင်လေးမျိုး ရောယှက်ရာ၌လည်း (၁)ဆင့်ပွား မခောင်းသော အရောင်နှင့် (၂) ပြိုးပြိုးပြက်သော အရောင်ဟူ၍ ရောယှက်ပုံ နှစ်မျိုး ကွဲပြားပြန်ပါသေးသည်။

၉၇။ ဆင့်ပွား မခောင်းသော အရောင်

ထိုတွင် ဆေးအရောင်လေးမျိုးကို ခွက်တစ်ခုတွင် ထည့်စပ်လိုက်သဖြင့် အရောင်လေးမျိုး တစ်ပေါင်းတည်း၊ တစ်ရောင်တည်း ဖြစ်သွားခြင်း ဆင့်ပွား မခောင်းသော အရောင်ဖြစ်လေသည်။

၉၈။ ပြိုးပြိုးပြက်သောအရောင်

နောက် တစ်မျိုးကား အရောင် တစ်မျိုးစီ ထွက်သော အညိုရောင်၊ အဝါရောင်၊ အနီရောင်၊ အဖြူရောင်တို့သည် ရုံခ၊ မိမိတို့၏ အခြေခံမူလ ပင်ကိုအရောင်၊ ရုံခါ လေးမျိုးစုံ ရောယှက်သော ဆင့်ပွား မခောင်းသော အရောင်တို့ဖြင့် ပြိုးပြိုးပြက်ပြက် ပေါင်းစပ်ခြင်းမျိုး ဖြစ်လေသည်။ ထို့ကြောင့် အလံတော်တင် ကေပို့ဒ် ရတု၌ –

"တစ်ရောင်စီနှင့်၊ တစ်လီရှိုးရက်၊ ပြိုးပြိုးပြက်လျက်၊
ရောယှက်နှစ်လီ၊ ပဘာသာရမည်တည့်"

ဟု ရေးသားခဲ့ပါသည်။

အခန်း (၉)

# ခုတိုင်ပ ခြောက်ရောင်ရှိနိုင်ငယ်

## ၉၉။ ရောင်ခြည်တော် ကွန့်မြူးပုံ

ဤသို့လျှင် ဘုရားရှင်၏ ခန္ဓာတော် ရူပကာယ ရှေ့ပိုင်းမှ အိမ်လုံး တောင်လုံးခန့် ပမာဏရှိသော ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ကောင်းကင်၌ ပျံတက်သွားသော ဆဒ္ဒန်ဆင်မင်း ပမာသာလျှင် အရှေ့ အရပ်မျက်နှာ အနန္တစကြဝဠာတို့သို့ ကွန့်မြူး ပြေးသွားကြလေကုန်၏။

ကိုယ်တော်၏ နောက်ပိုင်းမှလည်း ထို့အတူ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ထွက်ပေါ် ကွန့်မြူးကြကုန်၍ အနောက်အရပ်မျက်နှာ အနန္တစကြဝဠာတို့သို့ လည်းကောင်း၊

လက်ယာနံပါးတော်မှလည်း ထို့အတူ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ထွက်ပေါ်ကွန့်မြူးကြကုန်၍ တောင် အရပ်မျက်နှာ အနန္တစကြဝဠာတို့သို့ လည်းကောင်း၊

လက်ဝဲ နံပါးတော်မှလည်း ထို့အတူ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် ထွက်ပေါ် ကွန့်မြူးကြကုန်၍ မြောက် အရပ်မျက်နှာ အနန္တစကြဝဠာတို့သို့ လည်းကောင်း အသီးသီး ကွန့်မြူး ပြေးသွားကြလေကုန်၏။

အောက်အဖို့ဖြစ်သော ခြေဖဝါးတော် အပြင်တို့မှလည်း ထို့အတူ ခြောက်ပါးသော ရောင်ခြည်တော်တို့သည် တစ်ပြိုင်နက် ထွက်လေကုန်၍ တစ်ခဲနက်သော မြေအပြင်၌ စွဲလေ၏။ နှစ်သိန်းလေးသောင်း အထုရှိသော ဤမဟာပထဝီ မြေကြီးသည်လည်း ရွှေစိုင်ရွှေခဲ အစစ်ကဲ့သို့ ဖြစ်လေ၏။

ထို့နောက် မြေကို ဖောက်ထွင်းပြန်လေ၍ မြေကိုခံသော ရေကို စွဲလေ၏။ လေးသိန်းရှစ်သောင်း အထုရှိသော မြေကို ခံသော ရေသည် ရွှေအိုး ရွှေခွက်တို့ဖြင့် သွန်းအပ်သော ညက်ညက်ကြေသော ရွှေဝတ်မှုန်ကဲ့သို့ ဖြစ်လေ၏။

ထို့နောက် ထိုရေကို ဖောက်ထွင်း၍ လေကို စွဲပြန်လေ၏။ ယူဇနာ ကိုးသိန်းခြောက်သောင်း အထုရှိသော ရေကိုခံသော လေသည် ကောင်းစွာ ထောင်စိုက်အပ်သော ရွှေပွတ်တိုင်၊ ရွှေစိုစ်တုံးကဲ့သို့ ဖြစ်လေ၏။ ထို့နောက် ထိုလေကိုဖောက်ထွင်း ပြန်၍ လေ၏အောက်၌ တစ်စုံတစ်ခု ငြိတွယ်ရာဌာန မရှိ စကောင်းသော အဇဋာကာသ ကောင်းကင်သို့ ပြေးလေ၏။

အထက်အဖို့ဖြစ်သော ဦးခေါင်းတော်မှလည်း ထို့အတူ ခြောက်ပါးသော ရောင်ခြည်တော်တို့သည်ကား စတုမဟာရာဇ် နတ်ဘုံကို စွဲလေပြီး၍ ထို့နောက် တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီဘုံကို စွဲလေ၏။

ထို့နောက် ပဌမ ဈာန်သုံးဘုံ၊ ဒုတိယဈာန်သုံးဘုံ၊ တတိယ ဈာန်သုံးဘုံဟု ဆိုအပ်သော ကိုးထပ်သော ဗြဟ္မာပြည်ကို စွဲလေ

၏။ ထို့နောက် ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ ငါးဘုံ၊ ထို့နောက် အရူပ လေးဘုံကို ဖောက်ထွင်း၍အထက် ဖြစ်သော အဇဋာကာသ ကောင်းကင်တိုင်အောင်ပြေးလေ၏။ ရှေ့နောက် လက်ဝဲ လက်ယာ ဖီလာအားဖြင့် အဆုံးမရှိသော လောကဓာတ် စကြဝဠာ အရပ်တို့သို့ ပြေးလေ၏။

ဤမျှလောက်သော ဖီလာ, ရှေ့နောက်, အောက်ထက် အရပ်တို့၌ လဗိမာန် အရောင်အဝါ။ နေဗိမာန်အရောင်အဝါတို့ သည် မရှိလေကုန်ပြီ။ နက္ခတ်တာရာ ကြယ်အပေါင်းတို့၌လည်း အရောင်အဝါမရှိလေကုန်ပြီ။ နတ်တို့၏ ဥယျာဉ်, ရေကန်, ပန်းမန်, ရတနာ၊ ပဒေသာပင်တို့၌ လည်းကောင်း၊ နတ်တို့၏ ကိုယ်၌လည်းကောင်း၊ ဘယက်တန်ဆာ ရတနာတို့၌ လည်း ကောင်း၊ အလုံးစုံသော အရောင်အဝါတို့သည် မရှိလေကုန်ပြီ။ ကုဋေတစ်သိန်းမျှလောက်သော လောကဓာတ်တို့ကို အရောင် အဝါဖြင့် နှံ့ခြင်းငှာ စွမ်းနိုင်သော ဗြဟ္မာကြီးတို့သည်လည်း နေ့ဝင်းတက်သောအခါ ပိုးစိမ်းဝါ၏အရောင်ကဲ့သို့သာ ဖြစ် ကုန်၏။ နေလနက္ခတ်တာရာတို့သည် လည်းကောင်း၊ နတ်တို့၏ ဥယျာဉ်, ရေကန်, ပန်းမန်, ရတနာ, ပဒေသာပင်တို့သည် လည်း ကောင်း အပိုင်းအခြားမျှသာ ထင်ကုန်လေ၏၊

## ၁၀၀။ စိတ္တသမုဋ္ဌာနဝဏ္ဏဓာတ်

ဗျာမပ္ပဘာလက္ခဏာ ရောင်ခြည်တော်၊ အသီတိနိစ္စလင္ဓိတိ ရောင်ခြည်တော်၊ အနန္တဒသဒိသာဖရဏ၊ ရောင်ခြည်တော်၊

ဤရောင်ခြည်တော်သုံးမျိုးတို့တွင် ဗျာမပ္ပဘာလက္ခဏာရောင်ခြည်တော်သည် ဖွားတော်မူစကပင် ပါလာပါသည်။ ကျန်သော ရောင်ခြည်တော်နှစ်မျိုးတို့သည်ကား ဗုဒ္ဓဘုရား ဖြစ်တော်မူမှသာ ဖြစ်လာပါသည်။ ဘုရားသခင်၏ အဓိဋ္ဌာန်တန်ခိုးတော်ကြောင့် လည်းကောင်း၊ ဘာဝနာကြောင့်ဖြစ်သော အဘိညာဉ်တန်ခိုးတော်ကြောင့် လည်းကောင်း ဖြစ်ပေါ်လာသည် မဟုတ်ပါ၊ အမှန်စင်စစ်သော်ကား စိတ္တသမုဋ္ဌာနဝဏ္ဏဓာတ်ကြောင့်သာ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။

မှန်ပါသည်၊ သဗ္ဗညု ဘုရားသခင်သည် သိမ်မွေ့နူးညံ့သော ပဋ္ဌာန်းတရားတော်တို့ကို ဆင်ခြင်သုံးသပ်တော်မူသောအခါ သဗ္ဗညုတဉာဏ်တော်ကြီးသည် ကြည်လင် ရွှင်ပြလာပါသည်။ ထိုဉာဏ်တော်နှင့်အတူ ယှဉ်ဘက် ဖြစ်ပေါ်လာကြသည့် စိတ်စေတသိက်တရားများသည်လည်း ကြည်လင်ရွှင်ပြလာကြသည်။ တစ်ချိန်တည်းမှာပင် ဉာဏ်တော်ကြီး၏ဘည်ရာ ဟဒယဝတ္ထုခေါ် နှလုံးသွေးသည်လည်း ကြည်လင်တောက်ပလာပါသည်။ ထိုအခါ နှလုံးသွေးနှင့် ဆက်စပ်နေသည့် (အရေ၊ အဆင်း၊ အသား ဟူသော) ရုပ်တရားများ သည်လည်း ကြည်လင်တောက်ပလာပြီး သဗ္ဗညု ဘုရားသခင်၏ ခန္ဓာတော် ရူပကာယမှ တဝင်းဝင်းတလက်လက် ရောင်ခြည်တော်ခြောက်ပါး တွက်ပေါ်လာရခြင်း ဖြစ်ပါသည်။

## ၁၀၁။ ခုတိုင်ပ ခြောက်ရောင်ရှိန်ငယ်

ထိုသို့ ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်သုံးသပ်တော်မူသည့် ထိုနေ့၌ မြတ်စွာဘုရား၏ ခန္ဓာတော်ရုပကာယမှ ဝန်းကျင်အောက်ထက် ဝဲယာယှက်၍ မြန်းထွက် ကွန့်မြူးလာကြသော ရောင်ခြည်တော်တို့သည်ကား ယနေ့တိုင်အောင်ပင် အနန္တစကြဝဠာ လောကဓာတ်တို့သို့ ဥတုဇရုပ် အဆက်ဆက်အနေအားဖြင့် မရပ်မနားဘဲ ဖြတ်သွားလျက်ပင် တည်ရှိနေသေးကြောင်းကို....

> ''ယာဝဇ္ဇဒိဝသာကို၊ ရွှေဋီကာမိန့်တောင်း၊
> ခုတိုင်ပ ခြောက်ရောင်ရှိန်ငယ်၊
> တထိန်ထိန် ပြေးလျက်ရှိကြောင်း''

ဟု ထိုသို့ အဋ္ဌကထာ, ဋီကာများ၌ ဖွင့်ပြထားသည်ကို တွေ့ရပါသည်။

ဤသို့လျှင် သဗ္ဗညုမြတ်စွာဘုရား၏ ခန္ဓာတော်ရုပကာယမှ ရောင်ခြည်တော်ခြောက်ပါးတို့ ထွက်ပေါ်ကွန့်မြူးတော်မူနေသည့် ပုံသဏ္ဌာန်ကို အာရုံစေစား နှလုံးသွင်း၍ ''သာသနာ့အလံတော်'' အဖြစ် အကြံပေး တင်ပြ ထောက်ခံ အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အလံတော်ကာင်ကေပိုဒ်ရတု၌....

ရောင်ခြည်ခြောက်သွယ်၊ သောင်း တိုက် နယ် တွင်၊
ဒွန့်ဖွယ်မခန်း၊ အံ့ဘနန်းမျှ၊ ထွက်မြန်းကွန့်မြူး၊ ညွှန့်
အဖူးဖြင့်၊ တင့်ထူးတုံစွ၊ မြတ်ဗုဒ္ဓ၏၊ အနန္တဂုဏ်၊ မှုန်း
လျှင်ထုံ၍၊ အာရုံမှုန်းဆ၊ ပြုလုပ်ကြသည့်၊ သာသနာ့
အလံ၊ အောင်တံခွန်သည်၊ နဘံထက်ညာ၊ ပျံသက်ဏာ
နှင့်၊ ကမ္ဘာ့မြေပြင်၊ ဇမ္ဗူပြင်ဝယ်၊ ထင်ထင်ပပ၊ နေ
ကြယ်လသို့၊ ထွန်းပထည်ဝါ၊ တင့်လျှမ်းသာသည်။ ။
ခုခါချဉ်းလို့ လင်းလျက်ပါဘုရား-

ဟု ရေးသားခဲ့ပါသည်။

## ၁၀၂။ သာသနာ့အလံတော်

ထိုရောင်ခြည်တော်ခြောက်သွယ်ဖြင့် တန်ဆာဆင်ထားအပ်
သောဗုဒ္ဓဘာသာ သာသနာတော်၏ သာသနာ့အလံတော်သည်
ယခုအချိန်အခါဆိုလျှင် နှစ်ပေါင်း ၁၀၀-ကျော် (၁၈၈၅-
၁၉၉၃) လျက်ရှိသည်ကို တွေ့ရပေသည်။ ယင်း သာသနာ့အလံ
တော်၏ သက်တမ်း နှစ်ပေါင်းတစ်ရာ ကျော်လွန်မြောက်လာ
သည်ကို ရာပြည့် အထိမ်းအမှတ်ပွဲအဖြစ် မှတ်တမ်းတင် ဂုဏ်ပြု
လိုပါသည်။

ထို့ကြောင့် ဤစာတမ်းကို ''သာသနာ့အလံတော်'' စာ
တမ်း''ဟု ကမ္ပည်းမော်ကွန်းတင်ရခြင်းဖြစ်ကြောင်း တင်ပြအပ်
ပါသည်။

## ၁၀၃။ တိုက်တွန်းချက်

အို-ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့-

ဗုဒ္ဓဘာသာ သာသနာတော်၏ သာသနာ့အလံတော်ကို တွေ့မြင်ကြရသည့်အခါတိုင်း အမျိုးဘာသာ သာသနာကို လေးစားကိုင်းညွတ်သည့် စိတ်ဓာတ်များ၊ ဇာတိမာန်စိတ်ဓာတ်များ နိုးကြားတက်ကြွလာနိုင်ကြပါစေ....

သဗ္ဗညုမြတ်စွာဘုရား၏ အနန္တဂုဏ်တော်ကိုလည်း ထုံမွမ်းနိုင်ကြပါစေ....

သစ္စာလေးဆိုင် အောင်တံခွန် အလံတိုင်ကြီးများကိုလည်း လွှားလွှားစွင့်စွင့် ဝင့်နေအောင် စိုက်ထူလွှင့်တင်နိုင်ကြပါစေ-

အို-ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ဤသာသနာ့အလံတော်သည် အမျိုး ဘာသာ သာသနာတော်ကို ကိုယ်စားပြုသော အထိမ်းအမှတ် ဖြစ်သဖြင့် ထိုသာသနာ့အလံတော်ကို လေးစား မြတ်နိုးကြရန်မှာ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့၏ သမိုင်းပေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း တင်ပြရင်း "သာသနာ့အလံတော် စာတမ်းကို" ကို ဤတွင် ပိုင်းခြား၍ ရပ်နားလိုက်ရပါသတည်း။

အရှင်စန္ဒောဘာသ (ရွှေဘို)
(၁-၁၁-၁၉၉၅)

အခန်း (၁၀)

# အသုံးပြုနည်းများ

## ၁၀၄။ နောက်ဆက်တွဲ (က) အသုံးပြုပုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာဝင် သူတော်စင် အပေါင်းတို့သည် ဗုဒ္ဓဘာသာ သာသနာတော်နှင့် စပ်ဆိုင်သော အခါကြီး ရက်ကြီးများနှင့် ပွဲတော်အခမ်းအနားများတွင် သာသနာ့အလံတော်ကို စနစ်တကျနှင့် အသုံးပြုနိုင်ရန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့သည် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

### (က) အခါကြီး ရက်ကြီးများ

(၁) ကဆုန်လပြည့် (ဗုဒ္ဓနေ့)

(၂) နယုန်လပြည့် (မဟာသာမယအခါတော်နေ့)

(၃) ဝါဆိုလပြည့် (ဓမ္မစကြာနေ့)

(၄) ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)

(၅) တော်သလင်းလပြည့် (ဂရုဓမ္မ အခါတော်နေ့)

(၆) သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နှင့် မဟာပဝါရဏာနေ့)

(၇) တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နှင့် သံဃာတော်များနေ့)

(၈) တပို့တွဲလပြည့် (ဩဝါဒ ပါတိမောက် ဓမ္မနေ့) စသည်တို့ ဖြစ်ကြပါသည်။

(ခ) ပွဲတော်နှင့် အခမ်းအနားများ

(၁) ဝါဆိုပွဲတော် အခမ်းအနား

(၂) အဘိဓမ္မာ အခါတော်နေ့

(၃) ကထိန်ပွဲတော်

(၄) ရဟန်းခံရှင်ပြု မင်္ဂလာပွဲ

(၅) စာမေးပွဲ၊ စာပြန်ပွဲနှင့် ဘွဲ့နှင်းသဘင်

(၆) နိကာယစာမေးပွဲ၊ တိပိဋကစာမေးပွဲနှင့် ပူဇော်ပွဲ၊

(၇) တရားပွဲ

(၈) ဗုဒ္ဓပူဇနိယပွဲတော်

(၉) အသိမ်စဲ ပဌာန်း ရွတ်ဖတ်ပူဇော်ပွဲ

(၁၀) သံဃာ့အစည်းဝေး

(၁၁) သံဃဝိနိစ္ဆယအဖွဲ့ စစ်ဆေးဆုံးဖြတ်ရာဌာန

(၁၂) ဘာသာရေး၊ သာသနာရေးနှင့် စပ်ဆိုင်သော သင်တန်းများတို့ ဖြစ်ကြပါသည်။

၁၀၅။ နောက်ဆက် (ခ) လွှင့်ထူ အသုံးပြုနည်း

(က) သာသနာ့ အလံတော်ကို လွှင့်ထူသည့်အခါ အပြာရင့်ရောင်ကို လွှင့်ထူသူ၏ ဝဲဘက်မှာသာ ရှိစေရမည်။

(ခ) အရောင်းငါးမျိုး ရောနှောနေသော ပြိုးပြိုးပြက်အရောင်တွင် လက်ယာဘက် အပေါ်ဆုံးထိပ်မှာ အပြာရင့်ရောင် အမြဲရှိနေရမည်၊

(ဂ) သာသနာ့အလံတော်ကို လွှင့်တင်ရာဘွင် တိုင်ထိပ်အရောက် သွက်လက်စွာ ဆွဲတင်ရမည်၊ အလံတော်ကို ချသည့်အခါတွင်မူ ဖြည်းညင်းစွာချရမည်။

(ဃ) သာသနာ့ အလံတော်ကို နေထွက်မှ နေဝင်သည်အထိသာ လွှင့်ထူထားရမည်၊ ကြီးကျယ်သော ဘာသာရေးအခမ်းအနားဌမှူ ညအချိန်တွင်လည်း လွှင့်ထူထားနိုင်သည်။

(င) သာသနာ့အလံတော်၏ အခမ်းအနားစင်မြင့်ပေါ်တွင် ဆင်ယင်လိုလျှင် ကျောဘက် နံရံအမြင့်တွင် အလျားလိုက် ထားရမည်၊ အလံတော်၏ အပြာရင့်ရောင်သည် လှင့်ထူသူ၏ ဝဲဘက်မှာသာ ရှိစေရန်၊ ပြိုးပြိုးပြက်အရောင်၏ ထိပ်တွင် အပြာရင့်ရောင် ရှိစေရမည်။

(စ) အခြားအလံများနှင့် စုပေါင်းစိုက်ထူလိုလျှင် သာသနာ့အလံတော်ကို အလံအားလုံး၏ ဗဟိုတွင်ရှိစေ၍ အခြားအလံများထက် မြင့်ထားရမည်။

(ဆ) တရားဟောစင်များ၌ စိုက်ထူသားလျှင် အလံကို တရားဟောသူ၏ လက်ယာဘက် ရှေ့ကျကျ၌ စိုက်ထူထားရမည်။

(ဇ) တရားဟောစင်တွင် သာသနာ့ အလံတော်အပြင် အခြား အလံတော်တစ်ခုကို စိုက်ထူလိုလျှင် ယင်းအလံကို တရားဟောသူ၏ လက်ဝဲဘက်၌ စိုက်ထူရမည်။

(ဈ) မော်တော်ယာဉ်ပေါ်၌ သာသနာ့အလံကို လွှင့်ထူသည့်အခါ အလံရိုးကို မော်တော်ယာဉ်ကြီးများ၏ အမိုး၏ အရှေ့ပိုင်း၌ စိုက်ထူရမည်။

(ည) ဗောဓိပင်ကို ဖြစ်စေ၊ ဘုရားထီးတော်ကို ဖြစ်စေ၊ ဆရာကြီးများကို ဖြစ်စေ၊ စာအောင် သံဃာတော်များကိုဖြစ်စေ၊ ဓမ္မကထိက ဆရာတော်များကို ဖြစ်စေ၊ ကြိုဆိုသည့် အခမ်းအနားတွင် မော်တော်ယာဉ်၌ အသုံးပြုသည့်အခါ သွားကြိုသည့်အခါ အသွားခရီးမှာ သာသနာ့အလံကို သေသပ်စွာလိပ်ပြီး သွားရမည်၊ အပြန်ကြိုလာသည့်အခါမှ အလံတော်ကိုဖွင့်၍ လာရမည်။

(ဋ) သာသနာ့အလံတော်ကိုချိတ်ဆွဲသည့်အခါ အလျားလိုက်သာ ချိတ်ဆွဲခွင့်ရှိသည်၊ ဒေါက်ထိုး ချိတ်ဆွဲခွင့်မရှိ။ စက္ကူအလံ အသေးများကို သုံးစွဲသည့်အခါ ဒေါင်လိုက် ချိတ်ဆွဲ အသုံးပြုနိုင်သည်။

(ဌ) သာသနာ့အလံတော်ကို လွှင့်ထူရာ၌ သံဃာ့အဖွဲ့အစည်းများက ဖော်ပြပါ စည်းကမ်းနှင့်အညီ လိုက်နာ ဆောင်ရွက်ရသကဲ့သို့ အခြား ဗုဒ္ဓဘာသာနှင့် စပ်လျဉ်းသည့် ဘာသာရေးဆိုင်ရာ အခမ်းအနားနှင့် အစည်းအဝေးများတွင်လည်း ဖော်ပြပါ နည်းအတိုင်း စနစ်တကျ အသုံးပြုနိုင်ခွင့် ရှိပါသည်။

အထူးသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် သံဃာ့ဖွဲ့ အစည်း အဆင့်ဆင့်၏ သံဃာ့အစည်းအဝေး ပြုလုပ်သည့်

အခါတိုင်း သာသနာ့အလံတော်ကို မလွှဲမသွေ လွှင့်ထူရပါမည်၊ သို့မဟုတ် ချိတ်ဆွဲခြင်း ကပ်ထားခြင်း ပြုရပါမည်။

**၁၀၆။ နောက်ဆက်တွဲ (ဂ) ရှောင်ကြဉ်ရမည့်အချက်များ**

ဗုဒ္ဓ သာသနာတော်၏ သာသနာ့အလံတော်သည် ယင်း၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်၍ လေးစားသမှုပြုကြရန် အတွက် တားမြစ်ချက်များကို သတိပြုရှောင်ကြဉ်ကြရန် လိုအပ် ပါသည်။ ရှောင်ကြဉ်ရမည့် တားမြစ်ချက်မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(က) သာသနာ့အလံတော်ကို ရုပ်ပုံတော်များ ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ၊ ဘုရားဖူးယာဉ် အမျိုး မျိုး၌ တပ်ဆင်အသုံးမပြုရ။

(ခ) လမ်းဘေး၊ လမ်းဆုံ၊ လမ်းခွ၊ မော်တော်ယာဉ် ဆိပ်၊ ရေဆိပ်၊ ဈေး စသော ဌာနတို့၌ အကြောင်းမဲ့ သက်သက် သာသနာ့ အလံတော်ကို အသုံးမပြုရ။

(ဂ) သာသနာ့အလံတော်ကို မရိုမသေ၊ မလေးမစား မပြုရ၊ အလံတော်ကို မည်သူသို့မျှ၊ သို့မဟုတ် မည် သည့် အရာဝတ္ထုသို့ မညွှတ်စေရ။

(ဃ) သာသနာ့အလံတော်ကို တနည်းနည်းဖြင့် အလွယ် တကူ ပုတ်ပြတ်အောင် ညစ်ထေးစွန်းကွက်အောင်၊

ပျက်စီးအောင် မလှူဒါ်ထူရ၊ ဆင်ယင်ပြသခြင်း မပြုရ၊ အသုံးမပြုရ၊ ထားသိုခြင်း မပြုရ။

( င ) သာသနာ့အလံတော်ကို နဖူးစီးအဖြစ် မည်သည့် ဌာနတွင်မျှ မသုံးရ။

( စ ) သာသနာ့အလံတော်ကို ပစ္စည်းထုပ်ရန် မည်သည့် အခါမျှ အသုံးမပြုရ၊ ကုန်အမှတ်တံဆိပ်၊ ကြော်ငြာ၊ ဆိုင်းဘုတ် စသည်တို့အတွက် အလံတော် ပုံစံကို မည်သည့်အခါမျှ မသုံးရ၊ မချိတ်ရ။

(ဆ) သာသနာ့အလံတော်ကို လွှင့်ထူသော အလံတိုင်တွင် မည်သည့် ကြော်ငြာစာမျှ မကပ်ရ၊ မချိတ်ရ။

( ဇ ) သာသနာ့ အလံတော်ကို အသုံးပြုရာတွင် ချည် နှောင် ထုံးဖွဲ့၊ ရစ်ပတ်ခြင်း မပြုရ။

( ဈ ) သာသနာ့ အလံတော်ကို အသုံးပြုရာတွင် အောက် ဖက်ရှိ မြေပြင်၊ ရေပြင်၊ ကြမ်းပြင်၊ ပစ္စည်း ဝတ္ထု စသည်တို့နှင့် မထိပါးစေရ။

(ည) သာသနာ့အလံတော်ကို အခင်းအဖြစ် မည်သည့် အခါမျှ အသုံးမပြုရ။

( ဋ ) သာသနာ့အလံတော်၏ အထက်၌ မည်သည့်အလံမျှ မလွှင့်ထူရ။

(၅) ကျောက်တိုင်၊ ရုပ်တု အစရှိသော အထိမ်းအမှတ် ဖွင့်ပွဲများ၌ အလံတော်ကိုလွှင့်ထူနိုင်သည်။ သို့သော် ကျောက်ရုပ်၊ ကျောက်တိုင်၊ ရုပ်တု စသည်တို့ကို အလံဖြင့် ဖုံးအုပ်မထားရ။

(၆) သာသနာ့အလံတော်ကို မည်သည့်အခါမျှ စွန့်ပစ်ခြင်း မပြုရ။ ဟောင်းနွမ်း စုတ်ပြတ်၍ အသုံးမပြုနိုင်လျှင် မီးရှို့ဖျက်ဆီးရမည်သာ ဖြစ်ပါသည်။

## ၁၀၇။ နောက်ဆက်တွဲ (ဃ)

# နိဂုံး ရတုပိုဒ်စုံ

၁။ သွင်လတမူ။ ။ကျွန်းဇမ္ဗူဘည့်၊ တွင်းမူပတ္တမြား၊ အပကားငွေ၊ တွက်ရေယူဇနာ၊ အဝန်းမှာကား၊ တစ်ရာ့လေးဆယ်၊ ခုနစ်သွယ်ဘည့် လေးဆယ်ကိုးမှာ၊ အချင်းသာဟု၊ ခေါ်လှာပြုသည့်၊ ဣန္ဒြရာဇာ၊ သစန္ဒာသည်၊ ကမ္ဘာဦးက၊ ဗြဟ္မာကျ၍၊ ဗြဟ္မာ့များစွာ၊ကိုယ်ရောင်ဝါနှင့်၊ အစာမစား၊ပီတိအားကြော၍၊တည်ငြားမှန်စွာ၊ ကာလကြာသော်၊ ရသာမေဒနီ၊ မြေအဆီကို၊ မတည်ဘပ်မက်၊ ရာဂသက်၍၊လျက်ကြသောခါ၊ ကိုယ်ရောင်ဝါတို့၊ ဦးစွာကွယ်၂၊ မိုက်မှောင်ကျရှင့်၊ကြောက်ကြလန့်ကြ၊ ရှုံ့ထိတ်ကြ၍၊ ထိုမှညျမှ၊ အသင်းတရာ၊ ပုဗ္ဗဝိဒေ၊ ဥဒည်းဗွေမှ၊ နေသူရိယာ၊ ပေါ်ထွန်းလာ၏၊ ပြန်ခါမှောင်ကျ၊ အုလင်းတသော်၊ ငွေလစန္ဒာ၊ ပေါ်ထွန်းလာသား၊ အာသာဆန္ဒ၊ ပြည့်လျှင်ဝ၍၊ ဆန္ဒဟုသာ၊ ခေါ်တွင်ရာမှ၊ စန္ဒာငွေလ၊ ဖိုးရွှေသဘု၊ ကာလရှည်ကြာ၊ ခုတိုင်သာအောင်၊ ကပ္ပာ၌ထုံး၊ ခေါ်မဆုံးသည်။ ။နှလုံးဝမ်း အေးစက်ဖြူနိုင်စေသော်။ ။

၂။ ခဉ်ဇနဟူ။ ။စန်းတမူတည့်၊ သုံးဆူပိဋကတ်၊ နိကာယ်
ရပ်မှု၊ ကျမ်းမြတ်ဘိခါန်၊ ဋီကာမွန်တွင်၊ ပဿန္တာနံ
ခံသုခံ ဇနေ့တိတိ၊ ခဥ္စနေဝှာ၊ လောကခေတ်ဘောင်၊
ဗျူပွတ်ဆောင်ရှင့်၊ မိုက်မှောင်ပယ်ခွာ၊ ရံစဲယာနှင့်၊
ပတ်ချာလှည့်ထွန်း၊ တာရာဝန်းသည့်၊ လစန်းသီရိန်၊
ပုဏ္ဏမိန်တည့်၊ ယုန်အိမ်စကြာ၊ လစန္ဒာကို၊ မျက်လွှာ
စိမ်းစိမ်း၊ တပ်မှိန်းမှိန်းက၊ ကင်းငြိမ်းဒုက္ခ၊ ချမ်းသာရ
သို့၊ မန္ဒခေါ်လစ်၊ နုပျိုမြစ်သည့်၊ ဆယ့်ရှစ်နှစ်ရွယ်၊
ရွယ်သုံးဆယ်တိ၊ လှယ်လှယ်ပြောင်းခို၊ ဆယ်မိုးခို၍၊
ရွှေဘိုရတနာပုံ၊မြို့ရန်ကုန်တည့်၊ ဖုံဖုံနည်းထူး၊ရှာဆည်း
ပူး၍၊ ကျေးဇူးဖြေရာ၊ တို့ဆပ်ကာဖြင့်၊ သာသနာ့
အလံ၊ အောင်တံခွန်ကို၊ ကောင်းမွန်စွာပဝ်၊ စီရင်ပြီး
လာ၊ ကျမ်းရွှေစာအား၊ စေ့စွာမှတ်သား၊ သိဉာဏ်
ပွားလျက်၊ အမှားကိုပြင်၊ လိုလျှင်ဖြည့်စွက်၊ ပိုလျှင်
ဖျက်လော့၊ ကျင့်လျက်မှန်စွာ၊ ဆည်းပူးရာကြောင့်၊
ညာကျွန်းမော်ခွင်၊ စံပျော်ရှင်မို့၊ သွင်လတမျှ၊ ခဉ်
ဇနဟု၊ ကက္ကရူထုံး၊ လှူပ်မဆုံးသည်။ ။အပြုံးပန်း
မွှေးညက် ကြူနိုင်စေသော်။ ။

၃။ ဆင်သ တမူ။ ။နန်းနီဗ္ဗူတည့်၊ တိုင်းမူစစ်ကိုင်း၊ နယ်
အပိုင်းတွင်၊ သမိုင်းတင့်မျို့၊ ခင်ဦးမြို့၏၊ နှစ်လို့ကြည်
သာ၊ ညောင်ကုန်းရွာ၌၊ သာသနာသုံးထွေ၊ လစန်းနေ
သို့၊ထူးထွေအံ့မခန်း၊ ခံယူထမ်းသည့်၊ ရဟန်းဒါယကာ၊

ခမည်းဘော်မှာကား၊ သဒ္ဒါရှန်းလက်၊ ဦးဖိုးကျက်နှင့်၊ မပျက်ပါရမီ၊ မျှတူညီ၍၊ ဂုဏ်ရည်ဘင်္ဂဆန်း၊ ညာကြေ လွှမ်းသည့်၊ ရဟန်းဒွါယိကာမ၊ နာမထင်ပေါ်၊ မွေး မယ်တော်မှာ၊ ရှိန်စော်တောက်ထိန်၊ ဒေါ်အုန်းစိန်တို့၊ ချိန်ခါသက္ကရာဇ်၊ ထောင်ရာလှစ်၍၊ ဆယ့်တစ်သမယ၊ တပေါင်းလ၌၊ ဒွါဒသရက်၊ ပြည့်လျက်ကျော်၍၊ အင်္ဂါ နေ့တွင်၊ ချမ်းမြေ့အထူး၊ သန့်မီးရှူးသည့်၊ သားဦး ရတနာ၊ အကျွန်ုပ်ငါသည်၊ သာသနာ့အလံ၊ အောင် တံခွန်ဟု၊ နတ်မွန်သုခ၊ ကျမ်းရွှေစာကို၊ ရေးကာပြုစု၊ ယခုကုသလ၊ မြတ်ပုညကြောင့်၊ တာဝတိံသာ၊ နတ်တို့ ရွာဝယ်၊ သံသာဖွေလှစ်၊ နတ်သားဖြစ်၍၊ စင်စစ်ခမ္မ၊ ကြားသိရသော်၊ ခေမနယ်လုံး၊ ပိုက်သိမ်းကြုံးသည့်၊ ။ မမုန်းတမ်း ထွေးယှက် ချူနိုင်စေသော်။ ။

ခင်ဇနု (ရွှေဘို)

(၁-၁၀-၈၃)

၁၀၈။ နောက်ဆက်တွဲ (င)

# ကျမ်းကိုးကားစာရင်း


၁။ ထေရာပဒါနပါဠိတော်
၂။ သက္ကသံယုတ်ပါဠိတော်
၃။ အင္ဂုတ္တရနိကာယ်အဋ္ဌကထာ
၄။ သက္ကသံယုတ်အဋ္ဌကထာ
၅။ ထေရာပဒါနအဋ္ဌကထာ
၆။ မူလပဏ္ဏာသအဋ္ဌကထာ
၇။ ဇာတကအဋ္ဌကထာ
၈။ ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပ)
၉။ သာရတ္ထဒီပနီ ဋီကာ (ပ)
၁၀။ ပဋ္ဌာန်း အရကောက်ကျမ်း (ထန်းတပင် သာသနာ့ပိုင် ဆရာတော်)
၁၁။ သတပဒီကပုစ္ဆာဝိသဇ္ဇနာကျမ်း (မန်လည် ဆရာတော်)
၁၂။ သုံးပုံတံချူကျမ်း (မုန်တိုင်ပင်ဆရာတော်)
၁၃။ အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲ (မာဂဓီ-သာစည်)
၁၄။ သဗ္ဗညုတဉာဏ်တော် (ပုသိမ်ကြီး အရှင်အရိယဝံသ)
၁၅။ မြန်မာနိုင်ငံတော်အလံ (တက္ကသိုလ် ကြည်မာ)
၁၆။ မြန်မာ့စွယ်စုံကျမ်း (စာပေဗိမာန်)
၁၇။ ရွှေဘိုနိဒါန်း (မြို့နယ်စာပေလုပ်သားအဖွဲ့)
၁၈။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း
၁၉။ သံဃာနာယကလက်စွဲ

၂၀။ သာသနာ့ရောင်ခြည် စာစောင် အတွဲ-၃၊ အမှတ်-၄ (၁၆-၂-ဂ၄)

၂၁။ သာသနာ့ရောင်ခြည် စာစောင် အတွဲ-၅၊ အမှတ်-၄ (၂-၆-ဂ၅)

၂၂။ မြတ်မင်္ဂလာစာစောင် အတွဲ-၁၊ အမှတ်-၆ (၁၉ဂ၅-ခု၊ ဒီဇင်ဘာလ)

၂၃။ ရတနာမွန် မဂ္ဂဇင်း အတွဲ-၁၅၊ အမှတ်-၅ (၁၉ဂဂ-ခု၊ မေလ)

# ကုသိုလ်ရှင်များ

၁။ ခမည်းတော်ကြီး ဦးကျွက်၊ မယ်တော်ကြီး ဒေါ်အုန်းစိန် မိသားစု၊ ညောင်ကုန်းရွာ ခင်ဦးမြို့နယ်။ ၃၀၀၀/-ကျပ်-

၂။ ဦးအောင်ဖြိုး+ဒေါ်လှိုင် (သား)-
မောင်လှိုင်ဖြိုး+မကြူကြူရီ (မြေး)
မောင်ထက်အောင်ကျော်-အမှတ်(၂၉)၊
ဗိုလ်ဥတ္တမလမ်း၊ ဘောဂရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်။ ၃၀၀၀၀/ကျပ်-

၃။ ဦးလှစိန်+ဒေါ်တင် (သမီး) မခင်လှတင်
အမှတ် (၃၂)၊ မပိုလမ်း၊ စမ်းချောင်း
မြို့နယ်။ ၄၀၀၅/ကျပ်-

## ‘တံခွန်အလံလှူရကျိုး’

★ ပဒုမုတ္တ၊ ကုလပုတ္တာ။

တံခွန်လှူကြောင်း၊ မလားပါယ်ရွာ။

လူမင်းနတ်မင်း၊ ဖြစ်ခြင်းများစွာ။

ရဟန္တာဖြစ်၊ ခေါ်လစ်ခဇဒါယကာ။ ။

(ထေရာပဒါနပါဠိတော်)